www.burmeseclassic.com

သိန်းမင်းစာပေ

လုံးချင်းဝတ္ထုသစ်

# အိဖုံ

ရန်ကုန်တက္ကသိုလ်

# ချစ်ရှ်ခေါ်ရာလိုက်ခဲ့သည်



ပန်း၊ ချီ သိန်း မ ဋ ကြ ည်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၆၉/၂၀၀၄(၁၀)
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၀၉၁၀၅၀၁

ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်၊ မတ်လ
အုပ်ရေ ၅၀၀

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ ဩဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

**တန်ဖိုး** ၈၀၀ ကျပ်

**ကွန်ပျူတာ**
Dream City



# ချစ်ရှခေါ်ရာလိုက်ခဲ့သည်

အိမ့် (ရန်ကုန်တက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com



ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သိန်းမင်းစာပေ



နာကျင်လှတဲ့ ဒဏ်ရာတစ်ခုကို
နာလိုက်တာဟာ ဖွင့်ဟမညည်းညူချင်တော့
ရင်ထဲမှာ နင့်နေအောင် အောင့်ထားလိုက်မိသည်
နာကျင်မှုက ကျွန်မနှင့်သူ၏ အနာဂတ်ကို
ပြောင်းလဲပစ်နိုင်အောင် ပြင်းထန်ခဲ့တော့သည်။

“သစ္စာရှင်”

www.burmeseclassic.com



# အစ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ထိုညက ကောင်းကင်တစ်ခုလုံး မှိုင်းညို့အုံ့ဆိုင်းနေကာ မိုးတွေလည်း သဲသဲမဲမဲရွာနေသည့် ညတစ်ညဖြစ်လေသည်။

ထိုမိုးသဲသဲကြားမှာ ကျွန်မက မပြေးရုံတမယ် ခြေလှမ်းတွေနှင့် ချစ်သူချိန်းထားသည့်နေရာ အရောက်လှမ်းလို့ပေါ့ ...

မိုးက အရမ်းသဲနေသဖြင့် ကျွန်မ လျှောက်သလောက် ခရီးကမတွင်၊ ကျွန်မမှာ အိမ်ကမသိအောင် မုံရွာ–မန္တလေး ကားကြုံဖြင့် တိတ်တိတ်လိုက်လာခဲ့ကာမှ လမ်းမှာ ကားက ရုတ်တရက် ပျက်သွားခဲ့သည်။

ကျွန်မ ကားပျက်ကြီးပြင်နေတာကို မစောင့်နိုင်တော့။ တခြားခရီးသည်တွေလို ကားထဲမှာငိုက်မျဉ်းပြီးလည်း ခရီး မဆက်ချင်တော့။

ကျွန်မအလာကို တစောင့်စောင့်မျှော်နေရှာမည့် ချစ်သူဆီ

www.burmeseclassic.com



ရောက်သွားဖို့သာ စိတ်ကစောနေသည်မို့ ကျွန်မ မိုးထဲလေထဲ တစ်ယောက်တည်း ခရီးဆက်နေမိခြင်းပင်။

ညကမှောင်လည်းမှောင်၊ မိုးကလည်းသည်း၊ လူကလည်းပြတ်၊ ကားအသွားအလာပင် မရှိ။ သို့သော် ကိစ္စမရှိ။ နောက်ထပ် နာရီဝက်လောက် လျှောက်လိုက်တာနှင့် စစ်ကိုင်းမြို့ကို ရောက်တော့မည်။

ထိုမြို့လေးမှာ ကျွန်မ ချစ်သူရှိသည်။ ထိုမြို့က ကောင်းမှုတော်ဘုရားနားမှာ ကျွန်မချစ်သူ ကျွန်မကို စောင့်နေလိမ့်မည်။

ချစ်သူအတွက် ကျွန်မ အဲလောက်တော့ စွန့်စားရလိမ့်မည်။ ကျွန်မနှင့်သူက နှလုံးသားနှင့်ရင်းပြီးမှ ခံစားရသည့်အချစ်ကို တန်ဖိုးထားကြသည်။ သစ္စာကြီးကြသည်။

သို့သော် ဒီနေ့ချိန်ထိ ကျွန်မတို့နှစ်ယောက်စလုံး ကံမကောင်းကြပါ။ သူက ပန်းချီဆရာ၊ ကျွန်မက သူဌေးသမီးမို့ ကျွန်မဘက်က ဆတ်ဆတ်ခါနာကြကာ ဝိုင်းဖျက်ကြသည်။

ထို့အခါ ကျွန်မ ဒီခရီးကို ချစ်သူ့ခေါ်၍ လိုက်လာခဲ့မိခြင်းဖြစ်သည်။ မိုး ဘယ်လောက်သည်းသည်း၊ လေ ဘယ်လောက်ထန်ပါစေဦး၊ ကျွန်မ မမှုတော့၊ မကြောက်ချင်တော့ပါ။

ကျွန်မက ဒီ့ထက်ပိုပြီး ခြေလှမ်းတွေကို ပိုသွက်လိုက်မိချိန်မှာ ကျွန်မရှေ့ ဘွားခနဲပေါ်လာသည့် စူးရှသည့်မီးရောင်





တစ်ချက်နှင့် ဆိုင်ကယ်တစ်စီးက အရှိန်ပြင်းပြင်းနှင့် မောင်းနှင်လာသည်ကို တွေ့လိုက်ရသည်။

"ဟင် ..."

ကျွန်မ ရင်ထိတ်သွားကာ လန့်ဖျပ်ပြီး လမ်းဘေးသို့ ခုန်ဆင်းဖို့ပြင်လိုက်ပေမဲ့ အချိန်ကမမီဘဲ "ကျွီ" ခနဲ ခပ်ပြင်းပြင်း ဘရိတ်အုပ်ချလိုက်သံနှင့်အတူ "ဒုန်း" ခနဲ ကျွန်မ အရှိန်ပြင်းပြင်း လွင့်စဉ်သွားခဲ့သည်။

"အမယ်လေး ..."

ဆိုင်ကယ်နှင့်တိုက်မိတာမဟုတ်ဘဲနှင့် ဘရိတ်အုပ်လိုက်သည့်အရှိန်ဖြင့် လွင့်စဉ်ကျသွားသည်။ ကျွန်မ၏ နာကျင်မှုက ပြောဖွယ်ရာမရှိတော့။

"အား ..."

ကျွန်မ ဘယ်လိုမှ ကျုံးရုံးမထနိုင်တော့၊ နာကျင်စွာ စိမ့်ခနဲ ထွက်လာသည့်သွေးစက်တွေက ကတ္တရာလမ်းမကြီးပေါ် ပျံ့နှံ့စွန်းထင်းသွားခဲ့သည်။

ထိုအချိန် ဆိုင်ကယ်ပေါ်မှာ ကပျာကယာ ဆင်းလာသည့် လူတစ်ယောက်က ရေးကြီးသုတ်ပျာဟန်နှင့် ကျွန်မအနား ဆတ်ခနဲ တိုးကပ်လာကာ ...

"ဘာ ... ဘာဖြစ်သွားသေးလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အား ... ကျွတ် ... ကျွတ် ... ကျွတ်၊ နာတယ်၊ ကျွန်မ ဒီခြေထောက် အရမ်းနာနေပြီ၊ အား ..."

"ဟာ ... ကျွန်တော် ..."

"ရှင် ... ရှင် တိုက်တာ"

"မဟုတ် ... မဟုတ်ရပါဘူးဗျာ၊ ကျွန်တော် ဘရိတ်အုပ်လိုက်တယ်လေ၊ ဒါပေမဲ့ အရှိန်နဲ့ ရှေ့ဘီးနဲ့ ခင်းဗျားထိသွားခဲ့တာ"

"မဟုတ်ဘူး"

ကျွန်မက နာကျင်နေသည့်ကြားမှ အသေအလဲ ငြင်းနေမိသေး၏။ ကျွန်မထင်ထားတာက သူက တာဝန်သိလူသားတစ်ယောက်အနေဖြင့် ကျွန်မကို ဆေးခန်းတစ်ခုခု လိုက်ပြပေးလိမ့်မယ်ဟုပင်။ ထို့ကြောင့်လည်း ကျွန်မက နာကျင်နေသည့်ခြေထောက်တစ်ဖက်ကို အားပြုကိုင်ထားရင်း သူ့ဆီ လက်ကမ်းကာ ထေို့အရပ်မှာ ...

"တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော် ကျွန်တော် ဘယ်လိုမှ အချိန်မရတော့လို့ပါ၊ ကျွန်တော် ဟိုကို အမီရောက်မှ ဖြစ်မယ်"

"နေဦး"

သူက ကျွန်မကိုထားပြီး ပြေးဖို့အပြင်မှာ ကျွန်မက သူ





ဆောင်းထားသည့် ဆိုင်ကယ်စီးဟဲလ်မက်လေးကို သတိလက်လွတ် လှမ်းဆောင့်ဆွဲလိုက်မိသွားသည်။

မိုးက သဲသဲမဲမဲရွာနေကာ တစ်လမ်းလုံးလည်း မှောင်မည်းနေသဖြင့် ဆိုင်ကယ်မီးအလင်းရောင်လေးဖြင့် သူ့မျက်နှာကို သဲသဲကွဲကွဲ မမှတ်မိလိုက်ပါ။

"တောင်းပန်ပါတယ်ဗျာ"

ထိုစကားကိုသာ ထပ်ပြောခဲ့ပြီး သူ့ဆိုင်ကယ်ပေါ် လွှားခနဲ ပြန်ခုန်တက်ကာ မောင်းထွက်သွားတော့သည်။

ကြည့်စမ်း ...

ကျွန်မကို မိုးရေကြီးထဲ ဒဏ်ရာကြီးနဲ့ ထားပစ်ခဲ့တဲ့သူ၊ ကျွန်မလက်ထဲမှာတော့ သူ့မျက်နှာဆီမှ ဆောင့်ဆွဲလိုက်မိသည့် ဆိုင်ကယ်စီးဟဲလ်မက်တစ်လုံး ...

မြတ်စွာဘုရား ...

ကျွန်မ ဒီဒဏ်ရာကြီးနဲ့ ချစ်သူဆီ ဘယ်လိုမှ အရောက်သွားနိုင်တော့။ ကျွန်မ ခြေထောက်ကဒဏ်ရာဆီမှ နာကျင်မှုကတစ်မျိုး၊ တစ်ကိုယ်လုံး မိုးရေစွတ်ရွဲရွဲစိုကာ တွန့်ခိုက်အေးစက်နေမှုကတစ်မျိုးဖြင့် ကျွန်မ ပုံလျက်သား မေ့မြောသွားခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

နာကျင်လှတဲ့ဒဏ်ရာတစ်ခုကို 'နာလိုက်တာ' ဟု ဖွင့်ဟ မညည်းညူချင်တော့ ရင်ထဲမှာနင့်နေအောင် အောင့်ထားလိုက်မိသည်။ နာကျင်မှုက ကျွန်မနင့်သူ၏ အနာဂတ်ကို ပြောင်းလဲဖြစ်နိုင်အောင် ပြင်းထန်ခဲ့တော့သည်။

ကျွန်မမှာ ဆိုင်ကယ်ရှေ့ဘီးနှင့် တိုက်မိလိုက်သည့်အရှိန်ကြောင့် ဘယ်ဘက်ခြေထောက် အရိုးကျိုးသွားခဲ့သည်။

"လောလောဆယ်တော့ လေးငါးခြောက်လ ချိုင်းထောက်ကိုပဲ အားပြုလျှောက်ရဦးမယ်၊ ဒီကြားထဲ ကျွန်တော်တို့ ညွှန်ကြားထားတာမှန်သမျှ လိုက်နာမယ်ဆိုရင် ဒီနှစ်အတောအတွင်း ပျောက်ကင်းသွားပါလိမ့်မယ်၊ လုံးဝ ပျောက်ကင်းဖို့ဆိုတာကလဲ





ကျွန်တော်တို့ကလဲ ကြပ်ကြပ်မတ်မတ်ကုသမယ်၊ ညီမကိုယ်တိုင်ကလဲ ဂရုတစိုက် သေသေချာချာ လိုက်နာမယ်ဆိုရင် ဖြစ်နိုင်ပါတယ်"

ဆိုသည့် စကားတစ်ခွန်းကို ဆရာဝန်ကြီးထံမှ ကြားလိုက်ရချိန်မှာ ကျွန်မခေါင်းတွေ ချာချာလည်သွားခဲ့ကာ 'သွားပြီ' ဟူသည့်အသိဖြင့် ကျွန်မခြေထောက်ကိုသာ တွင်တွင်ငုံ့ကြည့်ရင်း မျက်ရည်တွေ တစ်ပေါက်ပေါက် လိမ့်ဆင်းကျလာခဲ့လေသည်။

အိုး ... ကျွန်မဘဝ သိပ်ငြိမ်းချမ်းအေးဆေးခဲ့တာပါ၊ ချစ်သူဆီကိုအသွားမှာ ချစ်သူနဲ့လည်း မတွေ့၊ မမြင်လိုက်ရဘဲ ခုလို အရမ်းရင်နာကြေကွဲဖို့ကောင်းတဲ့ ဘဝကြီးဆီကို ပြောင်းလဲလိုက်ရမယ်လို့ ရေးရေးလေးတောင် မထင်မှတ်ခဲ့သူပါ။

ကျွန်မဟာ ရှမ်းစော်ဘွားမျိုးရိုး စဉ်ဆက်တွေပီပီ ဖေဖေနဲ့ မေမေထားရစ်ခဲ့တဲ့ အမွေတွေနဲ့အတူ ကျွန်မကို သိပ်ချစ်ကြတဲ့ ကြီးဒေါ်တွေလက်ထဲမှာ ပျော်ပျော်ရွှင်ရွှင် ဘဝကို ဖြတ်သန်းလာခဲ့သူ။

ကျွန်မဘဝမှာ သောကဆိုတာလည်း မရှိ၊ စိတ်နာကျင်ဆင်းရဲရမှုဆိုတာလည်း မရှိ၊ မွေးကတည်းက လိုတရ ပြီးပြည့်စုံခဲ့ရတဲ့ ဘဝ။

မောင်နဲ့ချစ်မိခါမှ ပန်းချီဆရာလေးမို့ ကြီးဒေါ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကဲကဲဆတ်နာကြကာ အတင်းဖြတ်ဖို့ ကြိုးစားလာကြချိန်မှာ ကျွန်မက စွန့်စွန့်စားစားနှင့် မောင့်နောက်လိုက်လာမိခြင်း။

ခုတော့ ကျွန်မခြေတစ်ဖက် လောလောဆယ် ဒုက္ခိတဘဝ ရောက်ခဲ့ရပြီ။ မိုးသဲသဲထဲမှာ ကျွန်မကို အကြင်နာမဲ့စွာထားပစ် ခဲ့သည့် သူ့မျက်နှာကို သေသေချာချာ သဲသဲကွဲကွဲ မမှတ်မိလိုက် ပေမဲ့ နင့်နေအောင် မုန်းနေမိပြီ။

သူ့ကြောင့် ...

သူ့ကြောင့်ပဲ၊ မောင် ... မောင်က ...

'မောင်းလင်းထွန်းဆိုတဲ့ ကျွန်မရဲ့ချစ်သူ'၊ သူ ဘယ်ဆီ ရောက်နေမှန်း မသိ။ သူ့ခမျာ ကျွန်မတို့ မိုးစင်စင်လင်းတဲ့ထိ စောင့်နေရှာမှာ။

မောင်ရယ် ... ခွင့်လွှတ်ပါကွယ် ...

ကျွန်မ လာတယ် ...

ကျွန်မ မောင့်ဆီလာပါတယ်။ ဒါပေမဲ့ ကျွန်မတို့ လွဲ ကြရတယ်။ မောင်ကတော့ ကျွန်မကို စိတ်နာနေမှာနော် ...

မောင်က ကျွန်မကို အရူးအမူး တမ်းတမ်းစွဲချစ်ခင် မက်သူ။ သူ့ဘဝထက်ပိုပြီး ကျွန်မကို မြတ်နိုးကိုးကွယ်သူ ကျွန်မပေါ်လည်း အလွန်အလိုလိုက်ချစ်ခင်ကာ ဘယ်ကိစ္စမ မောင်က ခေါင်းညိတ်ကာ တပြုံးပြုံးရှိတတ်မြဲ ...





မောင်နဲ့သွားတွေ့ချိန်မှာ မောင်က အေးငြိမ်းလှသည့် နား၀င်ချိုလှသည့် တယောသံလေးနှင့် ကျွန်မစိတ်ကို ညှို့ယူ တတ်သည်။

တစ်ခါတစ်ရံ မောင့်တယောသံလေးက ကျွန်မစိတ်ကို တိမ်းမူးနေရအောင် ကန့်ကလျာထွက်ပေါ်လာသလို၊ တစ်ခါတစ်ရံ ကြတော့လည်း ကျွန်မက တွေဝေစွာ ငိုက်မျဉ်းကျသွားတတ် သည်။

ဘယ်လောက်ထိ ချစ်ဖို့ကောင်းတဲ့မောင်လဲဆိုရင် ကျွန်မ မောင့်ပခုံးမှာ ငိုက်မျဉ်းကျသွားတာကို ရုတ်တရက် လှုပ်လှုပ်ရှားရှား လန့်နိုးထလာအောင်လည်း တီးနိုင်သူတည်း။

မောင့်တယောသံလေးက ကျွန်မတို့နှစ်ယောက်စလုံး ချစ်ခြင်းမေတ္တာကို ခံစားနေရအောင် ရင်ခုန်သံတွေကပါ လတ် ဆတ်နုပျိုတက်ကြွစေသည်။

သုံးနှစ်သုံးမိုး ချစ်ခဲ့ကြသူမို့ အချစ်ကို ရူးသွပ်မိုက်မဲစွာ တန်ဖိုးထားတတ်ကြသည်။

မောင် ကျွန်မကိုပြောသည်က (မောင်အမြဲပြောနေကျ လက်သုံးစကားပဲဆိုပါတော့)

"မောင် သစ္စာကိုချစ်တာ အချစ်ကို အချစ်နဲ့မွှမ်းပြီးချစ် တာ၊ မောင့်လက်ထဲမှာ ဘာကိုမှ ဆုပ်ကိုင်မထားခဲ့ဘူး၊ သစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ချစ်တဲ့ မောင့်အချစ်ဟာ ပန်းသီးလှလှလေးတစ်လုံးဆိုရင်လဲ မကြာခင် ပုပ်အက်သွားလိမ့်မယ်၊ နွားနို့တစ်ခွက်ဆိုရင်လဲ မကြာခင် ချဉ်သွားလိမ့်မယ်၊ တော်ဝင်ပန်းလေးပါဆိုရင်တောင် မကြာခင် ညှိုးနွမ်းသွားလိမ့်မယ်၊ မောင့်အချစ်က ဘယ်တော့မှ မဟောင်းနွမ်း၊ မချွေးမြည့်၊ မပျက်စီးဘူး၊ ကောင်းကင်ကြီးလို၊ ပင်လယ်ကြီးလို၊ အဲလိုမျိုး”

မောင် အဲလို ကျွန်မကိုပြောပြလျှင် ကျွန်မ အံ့သြစွာ ရယ်မောရင်း တုန်လှုပ်ရှက်ရွံ့ရရင်း မောင့်ရင်ခွင်ထဲ အမြဲတိုးဝင်မိသည်ပေါ့။

မောင့်နှလုံးခုန်သံနှင့် အနီးကပ်ဆုံးဖြစ်ခဲ့ဖူး၊ နေခဲ့ဖူးသည့် ကျွန်မဆီမှာ မောင့်ရဲ့ ချစ်ခြင်းမေတ္တာ ဖြည်းညှင်းစွာ ဝင်ရောက်လာတာလည်း ကျွန်မက ခံစားဖူးသည်လေ။

မောင်နှင့်တွေ့လျှင် ကျွန်မက ပီကေ(သို့မဟုတ်) ချိုချဉ်တစ်ခုခု အခွံနွှာပြီး စွာကျွေးနေကြ။ မောင်က ကျွန်မပစ်ထားခဲ့သည့် ပီကေခွံ၊ ချိုချဉ်ခွံလေးတွေကို သိမ်းဆည်းထားတတ်သေးသည်။

မောင်က အမြဲလိုလို ရှုခင်းတွေ၊ ဘုရား၊ စေတီပုထိုးပုံတွေနှင့် ရေးဆေးရော ဆီဆေးပါ ပန်းချီတွေဆွဲနေတတ်သူ။ (အိုးဆော် နာမည်မရသေးသူမို့ ဝင်ငွေမကောင်းရှာပါ) မောင်က တော့ မဆုတ်မနစ် ကြိုးစားရှာလေသည်။





မောင်နှင့်တွေ့ပြီး ပြန်ချိန်တိုင်း ကျွန်မက ခြေဖျားလေးထောက်ကာ မောင့်မျက်နှာဆီက မီးရာတစ်ခုခုကို လှစ်ခနဲ နမ်းလာခဲ့သည့် ကြည်နူးကျေနပ်မှုက သိပ်ကို နေလို့ထိုင်လို့ ကောင်းခဲ့သည်လေ။

မောင်ကလည်း ကျွန်မနမ်းခဲ့သည့် အနမ်းတစ်ခုကြောင့် ဘယ်လောက်ထိ လွမ်းဆွတ်ကျေနပ် ကြည်နူးခဲ့ရကြောင်း ခပ်မှုန်မှုန်ပြုံးရင်း ဖွင့်ဟဝန်ခံတတ်ခဲ့သည်။

ထူးဆန်းတာက ကျွန်မနှင့်မောင့်ကြားမှာ ချုပ်ချယ်မှု၊ တောင်းဆိုမှု၊ ဘာတစ်ခုမှမရှိကြ၊ မပြုလုပ်ကြ။

တစ်ယောက်နှင့်တစ်ယောက် တွေ့ရရုံ၊ ပြင်ခွင့်ရရုံ၊ စကားပြောခွင့်ရရုံနှင့် အချစ်အရသာကို ကျေနပ်စွာ စားသုံးတတ်သူတွေဖြစ်သည်။

(တကယ်တော့လဲ ဘယ်တော့မှ မဝနိုင်သည့် ချိုမြိန်သည့် ပျားရည်စက်ကို သောက်နေကြသူတွေလိုမျိုးပေါ့)

ဆန်းကြယ်တာက မောင်က ယောကျ်ားတစ်ယောက်၏ စိတ်ကို နက်ရှိုင်းစွာတိုးဝင်ဖို့ ဆွဲဆောင်နေသည့် ငြိမ်သက်မှု၊ တိတ်ဆိတ်မှု၊ အမှောင်ထုတွေကြား ဘယ်သောအခါမှ ကျွန်မကို စိတ်ဝင်စားလာအောင် မဆွဲဆောင်ခဲ့ရှာပါ။

မောင်ခံယူထားသည့် အချစ်ဆိုတာ တာဝန်ယူမှု၊ စေတီပြုမှု၊ သစ္စာကြီးမှုပင်။



www.burmeseclassic.com

www.burmeseclassic.com



မောင်းက ပြောသည်။ ပြောခဲ့ဖူးသည်။

"အချစ်နဲ့ပတ်သက်ပြီး မောင့်မှာ မျှော်လင့်ချက်တစ်ခုခု ရှိရမယ်ဆိုရင် မောင် မျှော်လင့်တာ သစ္စာ၊ မောင့်ဆီရောက်လာမယ့် အခုလို ညနေခင်းလေးတွေပဲ၊ သစ္စာကို မောင် အမြဲတစေ ထိုးပြခွင့်ဘဲ ရချင်တယ်၊ မောင့်ဘဝထဲ ဆင်းလာပါလို့ မောင် မခေါ်ရက်ဘူး၊ ဒါပေမဲ့ သစ္စာမှာ အခက်အခဲကြုံလာတဲ့အခါ မောင့်ဆီ ဆင်းလာမယ်ဆိုရင် မောင် ရင်ဖွင့်ပြီး အမြဲစောင့်ကြို နေမှာနော်၊ အဲ့ဒါ မောင့်ကတိ၊ မောင့်သစ္စာ၊ မောင့်တာဝန်ယူမှုပဲ"

မောင့်အချစ်က ကျွန်မ ထိတ်လန့်တုန်လှုပ်ရသည်ထိ။ ဒါ့ကြောင့်လည်း မောင်နှင့်ပတ်သက်ပြီး မကြည့်ရဲ၊ မမြင်ရဲလှ သည့်အနာဂတ်တစ်ခုကို (ကမ္ဘာသစ်) တစ်ခုအနေဖြင့် တည် ဆောက်ကြည့်ချင်ခဲ့တဲ့ ကျွန်မရယ်လေ။

ခုတော့ ချိန်းထားရက်နှင့် ရက်ရက်စက်စက် လွဲခဲ့ကြရ သည်။ "မောင် ကျွန်မကို စိတ်နာသွားရှာမှာပေါ့၊ ကျွန်မ မလာခဲ့ဘူးထင်ရှာမှာပေါ့" ဟု ကျွန်မ တွေးမိတိုင်း ကြီးမားသည့် ဒုက္ခကို ခံစားရသည်။

ကျွန်မမှာ တဆစ်ဆစ် နာကျင်ကိုက်ခဲစွာ ခံစားနေရသည့် ခြေထောက်၏ နာကျင်မှုကတစ်ဖက်၊ ကြီးဒေါ်သုံးယောက်၏ ယူကြုံးမရ ဝမ်းနည်းပူဆွေးစွာ ငိုရှိုက်နေတာက စိတ်ဆင်းရဲ





တာတစ်ဖက်။ မောင် ကျွန်မပေါ် အထင်လွဲသွားပြီဟု တွေးပူ နေရတာတစ်ဖက်နှင့် ကျွန်မ ခေါင်းတွေမူးနောက်နေခဲ့သည်။

ထိုအချိန်မှာပင် ကျွန်မ အရေးပေါ်ကုသဆောင်နားကနေ ထော်လီဖြင့်တွန်းလာကြသည့် လူနာတစ်ယောက်ဟာ မောင် ဖြစ်နေလိမ့်မည်ဟု ကျွန်မ နည်းနည်းလေးမှ မထင်မှတ်ထားခဲ့။ (ခန်းစီးစကလည်း ကွယ်နေသည်လေ)

"အားလုံးဖယ်ကြပါ ... အားလုံးဖယ်ကြပါ"

ဟု အရေးတကြီး တွန်းခေါ်လာသည့် လူနာတစ်ယောက် ဟာ မောင်ဆိုတာ ရေးရေးလေးတောင် ထင်မထားခဲ့မိတာ ...

သို့သော် တစ်ဖွန်းတစ်စကြားလိုက်ရသည့် စကားသံအချို့ က ကျွန်မရင်ကို ပူလောင်သွားစေတာတော့ အမှန် ...

"အရေးကြီးတယ်၊ ဒီလူနာ အသက်ရှင်ဖို့တော့ မလွယ် ဘူး၊ အသက်က ငွေ့ငွေ့လေးပဲ ရှိတော့တယ်"

"အဲ့ရောကွာ၊ ကိုယ့်မှာလဲ အဆုတ်ရောဂါရှိနေရက်နဲ့ တစ်ညလုံး မိုးမိခဲ့ပြီး ငုတ်တုတ်ထိုင်ရတယ်လို့"

ဖြတ်သန်းဖြတ်လာ လူတချို့ထံမှ ထိုလူနာအတွက် အပြစ် တင်သံ၊ ကရုဏာဒေါသဖြစ်သံ၊ သနားကြေကွဲကြသံတွေကြောင့် ကျွန်မ ဘယ်လိုမှ မနေသာတော့ဘဲ ခေါင်းထောင်လာသော ဘာရယ်မဟုတ်ဘဲ လူတစ်ယောက်ဆီ လှမ်းမေးမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



(လိုသူက ခွဲစိတ်ကုသဆောင် အရေးပေါ်ခန်းထဲရောဝ
အောင် လူနာကို ထော်လီဖြင့်တွန်းလာခဲ့သည့်သူ)

"ဘယ်သူလဲဟင်၊ ဒီမှာ တဆိတ်လောက်"

"ခင်ဗျာ၊ ကျွန်တော့်ကိုခေါ်တာလား"

"အင်း"

"ဘာခိုင်းမလို့လဲ အစ်မ"

"မဟုတ်ဘူး၊ ခုနက လူနာက ဘာဖြစ်တာလဲဟင်"

"ဒီလူနာက အံ့တယ်ဗျာ၊ တစ်ညလုံး မိုးရေကြီးထဲ ငု
တုတ်ထိုင်နေတာတဲ့၊ မိုးလင်းမှ ပုံရက်သားလဲနေတာတွေ့
သူ့အသက် မိလိုမိငြား ကျွန်တော်တို့ မန္တလေးပြည်သူ့ဆေး
ကြီးကို ပို့လိုက်ကြတာ"

"ဟုတ်လား၊ ဘယ်သူပါလိမ့်နော်"

ကျွန်မ ကြီးဒေါ်တွေပါ ခေါင်းမတ်လာကြကာ လူ
အကြောင်းကို စိတ်ဝင်တစားဖြစ်ကုန်ကြသည်။

"ကျွန်တော်တော့ သေသေချာချာမသိဘူး၊ စစ်ကိုင်းသ
လို့တော့ ပြောတယ်ဗျ"

"ပန်းချီဆရာဆိုလား၊ ဘာ့လား"

"ဟင် ...."

"ကြည့်ရတာ တစ်ညလုံး မိုးရေထဲ ငုတ်တုတ်ထိုင်ပုံပေါ
တယ်၊ သူ့ချစ်သူကို စောင့်နေတာပဲ ဖြစ်မှာပါဗျာ"





"ဘုရားရေ ..."

ကျွန်မ သတိလက်လွတ် ဆတ်ခနဲပြေးဖို့အလုပ်မှာ ကျွန်မ
ခြေထောက်ကဒဏ်ရာကြောင့် ထမရနိုင်ခဲ့ဘဲ ခေါင်းကလန်ကျ
ားခဲ့သည်မှာ ဆိုးဝါးလွန်းစွာ ...

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ခဏလေး"

"တဆိတ်လောက်၊ ခဏလေးပါ၊ ကျွန်မ သူ့ကို ကြည့်ပါရစေ"

ခွဲစိတ်ခန်းထဲမှ ထုတ်ပြီးတွန်းလာသည့် လှည်းတင်ခုတင်ပေါ်မှ အုပ်မိုးထားသည့် ပိတ်ဖြူဖြူစကို ဆွဲလှန်လိုက်ချင်ပေမဲ့ ကျွန်မမှာ အင်အားမရှိခဲ့။

ခြေထောက်ကဒဏ်ရာကြောင့် အိပ်ရာထဲက အလွယ်တကူ မထနိုင်ခဲ့သည့် ကျွန်မမှာ ကျွန်မအခန်းနားက ဖြတ်သွားတော့မည့် သေဆုံးသူ၏ထော်လီကို အလန့်တကြား အော်ဟစ်တားမြစ်မိသည်။





"မသွားနဲ့ ..."

"ခေါ်မသွားကြပါနဲ့ ..."

"ကျွန်မ သူ့ကို ကြည့်ချင်တယ်၊ သူ ... သူ ဘယ်သူလဲ၊ သူဘယ်သူလဲဟင်၊ သူ ကိုလင်းထွန်းတော့ မဟုတ်ပါဘူးနော်"

ကျွန်မ ငြင်းဆန်လိုက်သည့်အော်သံက ကြောက်လန့်မှုတွေ၊ မယုံကြည်မှုတွေ၊ မယုံရဲမှုတွေဖြင့် တုန်ခါနေသည်။

"ဟုတ်တယ်မဟုတ်လားဟင်၊ သူ ကိုလင်းထွန်းတော့ မဟုတ်ဘူးမလား၊ ရှင် ... ရှင်တို့ပြောကြလေ၊ ကျွန်မ ... ကျွန်မကို အမှန်အတိုင်း ပြောပြကြပါ"

ထော်လီတွန်းလာသည့် ဆေးရုံဝန်ထမ်းကောင်လေးနှစ်ယောက်က ကျွန်မကို ဖြေပြဖို့ နှုတ်ခမ်းတွေကို ဖွင့်ဟသည်။

ထိုစဉ်မှာပဲ ခွဲစိတ်ခန်းထဲမှထွက်လာသည့် ဆရာဝန်ကြီးတစ်ယောက်က ကျွန်မကို နှာခေါင်းစည်းအဝတ်ထက်က မျက်လုံးတစ်စုံဖြင့်ကြည့်ကာ ခေါင်းတစ်ချက်ညိတ်ပြသွားခဲ့သည်။

"ဟင် ..."

ဒါ ... ဒါ ကိုလင်းထွန်းဆိုတဲ့သူပေါ့ ...

ဒါ ... မောင်ပေါ့ ...

ဟင်းအင်း ... မဟုတ်နိုင်သေးပါဘူး ...

ကျွန်မကို ဆရာဝန်ကြီး ခေါင်းညိတ်ပြခဲ့တာ မဟုတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ (ဆရာဝန်ကြီးက သူ့ကိုယ်ရေးကိုယ်တာနဲ့ပတ်သက်ပြီး သူ့ဘာသာသူ ခေါင်းညိတ်သွားခဲ့တာနေမှာ)

"အစ်မ၊ ကျွန်တော်တို့ သူ့ကို ခေါ်သွားရတော့မယ်၊ ကျွန်တော်တို့ ရင်ခွဲရုံကို ပို့ရဦးမှာမို့ပါ"

"နေကြပါ ... နေကြပါဦး"

"ကျွန်မကို ... ကျွန်မကိုလေ ... တစ်ချက်လောက်ပဲ ကြည့်ခွင့် ... ကြည့်ခွင့်ပေးကြပါ"

"ကောင်းပြီ အစ်မ"

လူငယ်တစ်ယောက်က ကျွန်မကို သနားကရုဏာသက်သလို ခေါင်းကနေ ခြုံလွှမ်းထားသည့် ပိတ်ဖြူစကြီးကို 'ဖြန်း' ခနဲဆွဲလှန်ပစ်လိုက်သည်။

"ဟင် ..."

ကျွန်မ ကြက်သေသေသွားခဲ့တော့သည်။ ဘယ်လိုမှကို ငြင်းဆန်လို့မရ။ မယုံကြည်၍လည်း မရ။ လက်မခံ၍လည်း မရတော့။

"သမီး ... သမီးလေးသစ္စာ၊ ဘယ်လိုဖြစ်နေတာလဲ၊ ငိုချင် ငိုချလိုက်လေ၊ တောင့်မထားနဲ့လေကွယ်"

"အဲဒါ ... ခက်တော့တာပဲ၊ ဒီကောင်လေးတွေနှယ်၊ ငါတို့မက ပြနိုင်းတိုင်း မင်းတို့ပြရလားကွယ်၊ သူ့ခမျာ အရေးပေါ်





ခွဲစိတ်ခံထားရတာ နာရီပိုင်းလေးဘဲရှိသေးတယ်ကွယ်၊ သွားကြပါ၊ သွားကြပါတော့"

"မင်းတို့ အဲ့ဒီပန်ချီဆရာလေးကို ခေါ်သွားကြပါတော့၊ ငါတို့ မတွေ့ပါရစေနဲ့တော့"

ကြီးခေါ်တွေ၏ ဆူပူကြိမ်းမောင်းစကားသံ၊ အပြစ်တင်သံ၊ ကျွန်မကို စိုးရိမ်ကြောင့်ကြစွာ သတိပေးအော်ခေါ်နေသံတို့ကို ကျွန်မ ကြားနေပါလျက်နှင့် တစ်ကိုယ်လုံး တောင့်ခဲအေးစက်စွာ အကြာကြီး ကြက်သေသေမိခြင်းဖြစ်သည်။

မောင် ...

မောင်ပဲ ...

တကယ်ပဲ မောင် သေဆုံးသွားခဲ့ပြီပေါ့ ...

ဖြစ်ရလေ ...

တစ်ညလုံး ကျွန်မအလာကို ခွဲကြီးကြီးနဲ့ ထိုင်စောင့်နေရှာခဲ့တဲ့ ချစ်ရသူလေး ...

မိုးရေထဲမှာ ...

မိုးသဲသဲမှာ ...

မိုးကိုမမှုဘဲ ကျွန်မအလာကို ပုံရပ်သားလဲကျသွားတဲ့ထိ စောင့်နေခဲ့ရှာတဲ့ ချစ်သူ ...

အဖြစ်ဆိုးလိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဘယ်လိုဖြေရမလဲ ...

ကျွန်မ မောင့်ဆီအလာ ဖြစ်ခဲ့ရတဲ့ ဒီအဖြစ်အပျက်ဆိုးကြီးကို မောင် သိမသွားရှာခဲ့ ...

ကျွန်မ မလာခဲ့ဘူး ...

ကျွန်မ မလာတော့ဘူးလို့ဘဲ မောင် ထင်မှတ်သွားရှာမှာ ...

သိပ်ကို စိတ်ထိခိုက်သွားရှာမှာ ...

သနားလိုက်တာ မောင်ရယ် ...

ကျွန်မ လာခဲ့တယ်နော် ...

ကျွန်မ လာခဲ့ပါတယ် ...

သစ္စာရှင်ဆိုတဲ့ မိန်းမတစ်ယောက်ဟာ သစ္စာတွေ တစ်ပွေ့တစ်ပိုက်နဲ့ကို လာခဲ့တာပါ၊ မောင့်ဆီအရောက်လာခဲ့တာပါကွယ် ...

ချစ်တဲ့သူခေါ်လို့ လိုက်ခဲ့တာပါ ...

ဒါပေမဲ့ မောင်ရယ် ... သိပ်ကို အရုပ်ဆိုး၊ အကျည်းတန်တဲ့ အဖြစ်ဆိုးကြီးတစ်ခုကို ကျွန်မ ကြုံတွေ့ခဲ့ရတယ်၊ ကျွန်မခါးသီးလိုက်တာ ...

ကျွန်မ ခြေထောက်က ချိုင်းထောက်နဲ့လျှောက်ရဦးမယ့်ဘဝ၊ ဒီခြောက်လအတောအတွင်း ကျွန်မ ဘယ်လိုလောကကြီးကို ရင်ဆိုင်မလဲ ...

မောင် မသိခဲ့ဘူးနော် ...





ကျွန်မ ခုလို ဒုက္ခရောက်ခဲ့တာ၊ မောင် မသိခဲ့ပါဘူး ...

မောင်ကတော့ နောက်ဆုံးထွက်သက်ထိ ကျွန်မကို စောင့်သွားခဲ့ရှာမှာ ...

မတရားဘူး ...

လောကကြီးဟာ လုံးဝ မတရားဘူး ...

ကျွန်မ ဘာလို့တစ်ခါတည်း သေမသွားရတာလဲ၊ မောင်တစ်ညလုံး ဒုက္ခခံခဲ့တာကို ကျွန်မနဲ့မောင် တစ်မိနစ်လေးတောင်တွေ့ခွင့်မရခဲ့တဲ့အဖြစ် ...

"အား ..."

ကျွန်မလည်ချောင်းကွဲမတတ် အာခေါင်ခြစ်ကာ တအားကုန်းအော်ပစ်လိုက်မိတော့သည်။

"ဟင် ... သမီး၊ သမီးလေး၊ သတိထားပါကွယ်"

"တူမကြီး သတိထားလေ၊ ဒီမှာ သမီးကို သိပ်ချစ်ကြတဲ့ကြီးဒေါ်ကြီးတွေရှိတယ်၊ ဘာမှ အားမငယ်နဲ့၊ စိတ်မထိခိုက်ပါနဲ့ကွယ်၊ အားလုံးက ကံစီမံတာပါ"

"တူမလေး၊ စိတ်ကိုလျှော့နော်"

ကျွန်မ အော်သံကြောင့် အားလုံးလှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ပိုစိုးရိမ်ကုန်ကြသည်ထင်သည်။

"သမီးလေးရယ်၊ စိတ်ကိုလျှော့လိုက်ပါ၊ ငိုချင်ရင်လဲ



www.burmeseclassic.com

www.burmeseclassic.com



တအားငိုချလိုက်ပါတော့ကွယ်၊ အဲလိုကြီး တောင့်ထားရင် ပိုဆိုးလိမ့်မယ်”

“သေချာတာ သမီးနဲ့သူ ဖူးစာက်မပါကြဘူးလေ၊ အဲ့ဒါကြောင့်မို့လဲ သမီးတို့ သေကွဲကွဲခဲ့ကြရပြီပဲ မှတ်ပါတော့”

“တရားနဲ့ဖြေနော် သမီးလေး”

ကြီးဒေါ်တွေ ဝိုင်းဖျောင်းဖျနေတာတောင် ကျွန်မစိတ်က ဘယ်လိုမှ ဖြေလျှော့မသွားခဲ့။

ဘာဖြစ်လို့များ အခုလို အဖြစ်ဆိုးကြီးဟာ ဤမျှပြင်းထန်သွားရတာပါလိမ့်။ ကျွန်မ ခြေထောက်တစ်ဖက် လောလောဆယ် ဒုက္ခိတဖြစ်ခဲ့ရပြီ။ မောင်ကလည်း ကျွန်မကိုစောင့်ရင်းဖြင့် အသက်ပါ ပါသွားခဲ့ရပြီ။

ဆိုးရွားလိုက်လေစွ။

ကျွန်မ နှုတ်ခမ်းသားတွေက တဆတ်ဆတ်တုန်ယင်သည်ထိ လှုပ်ရှားယိမ်းထိုးနေသည်။

စိတ်ထိခိုက်ရလွန်းသဖြင့် နှလုံးသားတစ်ခုလုံး ပြုတ်ထွက်လုမတတ် ရင်ခုန်သံတွေက တဒုတ်ဒုတ်ဖြင့် ကမ္ဘာပျက်နေသည့်အလား။

အခုချိန်မှာ ကျွန်မ အတောင်းတဆုံးက မောင် ရုတ်တရက်ပြန်အသက်ရှင်သန်လာဖို့ပဲ ဖြစ်သည်။





မောင့်ခေါ်သံကို ကျွန်မကြားချင်သည်။ မောင့်ရဲ့ နောက်ဆုံးအသက်ထွက်သက်လေးထိ ကျွန်မကိုပဲ အငမ်းမရ အမောတကော ငေးမွတ်တောင့်တစွာ ရှေ့ရှုတ်မြည်တမ်းသွားမှာလည်း သေချာသည်။

မောင်ရယ် ...

ကျွန်မ ဘယ်လိုဖြေရမလဲကွယ် ...

မောင် ဘယ်လောက်ထိ ခံစားသွားရမလဲ ...

မနေ့ညက မိုးရဲ့ဒဏ်ကို မောင် ဘယ်လောက်ခံစားသွားရရှာမလဲ၊ မိုးရဲ့ချမ်းစိမ့်အေးစက်နေတဲ့ကြားက ကျွန်မအလာကို မောင့်ခမျာ သဲသဲမဲမဲ မျှော်လင့်ခဲ့ရှာမှာ ...

မောင်ရယ် ... အချစ်အတွက် ရှုးရှုးမိုက်မိုက် သဲသဲမဲမဲကို တင်းခံခဲ့တာပဲနော် ...

နဂိုက အဆုတ်ရောဂါရှိနေတဲ့ မောင့်ခမျာ မိုးဒဏ်ကို ခိုက်ခိုက်တုန်အောင် ခံစားခဲ့ရမှာ ...

ဒါ အချစ်အတွက် ...

ဒါ သစ္စာအတွက် ...

ဒါ ကျွန်မတို့နှစ်ယောက်ရဲ့ အနာဂတ်အတွက် မောင့်ခမျာ အအေးဒဏ်၊ မိုးဒဏ်ခံပြီး စောင့်ခဲ့ရှာတာ ...

ကျွန်မ ကစ်ချိန်ချိန်တော့ ရောက်လာမှာပါဆိုပြီး ကျွန်မကို အရူးအမူးစောင့်မျှော်နေရှာမှာ ...



www.burmeseclassic.com

www.burmeseclassic.com



သနားလိုက်ပါဘီတော့ကွယ် ...

တကယ်တော့ ဒီဆိုးဝါးတဲ့ဖြစ်စဉ်ကို သယ်ဆောင်လာရဲ့တာ ကံကြမ္မာပေါ့ မဟုတ်နိုင်။

ဟိုလူ့ကြောင့်၊ ကျွန်မကို ဘာတာဝန်မှမယူဘဲ မိုးရေကြီးထဲ ဒဏ်ရာနဲ့ပစ်ထားခဲ့တဲ့သူကြောင့်။ ကျွန်မဘဝ ဆိုးရွားစွာ ပြောင်းလဲခဲ့ရခြင်းဖြစ်သည်။

ထိုအဖြစ်ကိုတွေးမိတိုင်း မိုးသဲသဲက ထိုလူကို ဘယ်လိုမန်းတီးမုန်းပင်မသိ။ ရင်ထဲက တရှန်းရှန်းကြွလာခဲ့သည်။ အမုန်းတရားတွေက ကျွန်မ်နှတ်ခမ်းထောင့်စွန်းတစ်ဖက်ကို ကော့တက်သွားအောင် မဲ့သွားစေခဲ့သည်။

ထိုအချိန် ကျွန်မ ခပ်ရေးရေးသာ မှတ်မိခဲ့သည့် ထိုသူ့ကို စိတ်ထဲကနေ ကျိန်ဆဲကာ စိန်ခေါ်လိုက်မိသည်။

မောင့်အတွက် ...

ကျွန်မအတွက် ...

ကျွန်မတို့ ပြန်တွေ့မှဖြစ်မယ် ...

အဲ့ဒီအခါကြ ရှင့်ရဲ့ဘဝကို အပိုင်းပိုင်းဖြစ်အောင် ဖြတ်တောက်ပြမယ်မှတ်၊ တစ်စချင်း၊ တစ်ခုချင်းပေါ့ ...

* * *





## အခန်း (၄)

ကျွန်မ ဆေးရုံမှာ တော်တော်ကြာကြာ နေလိုက်ရပြီးနောက်မှာ အိမ်ထဲမှာပင် စတီး(လ်)ချိုင်းထောက်တစ်ခုနှင့် အသွားအလာ ပြန်လေ့ကျင့်ခဲ့ရသည်။

ကျွန်မ ဆေးရုံတက်နေစဉ်ချိန်တည်းက ပြုစုစောင့်ရှောက်ပေးခဲ့သည့် နာ့(စ်)မလေး မူမူကို အိမ်ရောက်တော့လည်း ထပ်ပြီးပြုစုဖို့ တောင်းဆိုထားခဲ့မိသည်။

မူမူက ကျွန်မသောက်ရမည့်ဆေးတွေ အနားယူရမည့်အချိန်တွေ ခြေထောက်လေ့ကျင့်ခန်းလုပ်ရမည့် အချိန်တွေကိုအားလုံး ကျွမ်းကျင်နေသူမို့လည်း ကျွန်မကိုယ်တိုင်လည်း မူမူ့ကိုအားကိုးနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



**တကယ်တော့** ကျွန်မ အခုလိုဘဝမျိုးမှာ မနေချင်ပါ။ ကျွန်မ ဘယ်သွားသွား၊ ဘယ်လာလာ စတီး(လ်)ချိုင့်ထောက် ကြီး တခေါက်ခေါက်နှင့် အရှမ်းအရှက်ရရသည်။ အရှမ်းစိတ် ဆင်းရဲရပါသည်။

ကြာတော့ ကျွန်မ အိမ်ထဲမှာလည်း အခုလိုမျိုးကြီး မနေ ချင်။ ချိုင်းထောက်ကြီးနှင့် သွားလာနေရသည့်ဘဝကို အရှမ်း စိတ်ကုန်ခါးသီးခဲ့ပြီဖြစ်သည်။

ကျွန်မ မျက်ရည်ကျတာမြင်တိုင်း အဒေါ်တွေကလည်း စိတ်မကောင်းကြ။ သူတို့က အားပေးရင်းဖြင့် သူတို့ပါ မျက်ရည် မထိန်းနိုင်ဘဲ ငိုကြသည်။

"အခုလဲ အိမ်မှာချည်းအောင်းနေရင်တော့ သမီးလဲ စိတ် ဆင်းရဲရလိမ့်မယ်၊ အပြင်လေးဘာလေး ထွက်ပါလား သမီး ရယ်နော်၊ စိတ်ပြေလက်ပျောက်ဖြစ်တာပေါ့၊ လေကောင်း လေသန့် လဲ ရှူရတာပေါ့ သမီးရယ်"

ကြီးတော်တွေဝိုင်းဖျောင်းဖျကာ မူမူကပါ ကျွန်မကို အဖော် လိုက်ပေးလာသဖြင့် ကျွန်မ ငါးလကျော်ကျော် မရောက် ဖြစ်ခဲ့သည့် ကျွန်မတို့ဟိုတယ်ကြီးဆီ ရောက်လာဖြစ်ခဲ့သည်။

ထိုဟိုတယ်ကြီးက ကျွန်မ သမိုင်းဘာသာရပ်ဖြင့် ကျောင်း ပြီးသွားချိန်မှာ ကျွန်မ၏စိတ်ကူး အင်ဂျင်နီယာ၏ အကြံဉာဏ် များဖြင့် ပေါင်းစပ်ကာ ဆောက်လုပ်ခဲ့သည့် လှပသည့် ဟိုတယ် ကြီးတစ်ခုလည်း ဖြစ်သည်။

လူတကာ စိတ်ဝင်စားရအောင် ချင်းတွင်းမြစ်ကြီးကို လာသ မျှဧည့်သည်တွေ မြင်တွေ့နေရအောင် စိတ်ကူးယဉ်ဆန်စွာ အနု ပညာမြောက်စွာ ဖွင့်လှစ်ပြီးခဲ့သည့် ကျွန်မပိုင် ဟိုတယ်ကြီးပင်။

မုံရွာမြို့ထဲရောက်လျှင်ဖြင့် အနယ်နယ်အရပ်ရပ်က ဧည့် သည်တွေပါမက နိုင်ငံခြားသားများပင် အလွန်သဘောကျကြကာ လူသိများ ကျော်ကြားနေသည့် ပါရာဒိုက်(စ်) ဟိုတယ်ကြီးက ထီးတည်းရှိနေသည်။

စီးပွားရေးလုပ်ငန်းရှင်တချို့ အလုပ်ကိစ္စနှင့်လာလျှင်ဖြစ်စေ၊ နိုင်ငံခြားသားတွေ စစ်ကိုင်းဘက်၊ မုံရွာဘက်က ဘုရားတွေဖူးဖို့ ဖြစ်စေ၊ ကျွန်မတို့ဟိုတယ်လေးက အခန်းလွတ်မရှိအောင် ပြည့် နေတတ်လေသည်။

အသင့်စားသောက်နိုင်မည့် အစားအသောက်တွေကိုပါ dinning room မှာ ထည့်သွင်းပြင်ဆင်ထားပေးသလို ဘန်ဂလို ဆောင်တွေ၊ ရှေ့ဝရန်တာတွေမှာ ကြိမ်ခုံကြီးတွေ ချထားပေး ထားသည်။

ထို့ပြင် ကာရာအိုကေ**ဆိုဖို့ စိတ်ဝင်စားသူတွေအ**တွက် ကာရာအိုကေသီချင်းတွေ **ခံစားသီဆိုဖို့ စီစဉ်ပေးထား**ပြန်

www.burmeseclassic.com



သဖြင့်လည်း ကျွန်မဟိုတယ်က အမြဲညှော်သည်ပြည့်နေတတ်လေသည်။

ကျွန်မကိုဆို မုံရွာတစ်မြို့လုံးက မသိသူမရှိကြ။ ငယ်ငယ်ရွယ်ရွယ်နှင့် ဟိုတယ်ကြီးတစ်ခု ပြီးမြောက်အောင်မြင်အောင် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက်လည်း အားကျဂုဏ်ယူတတ်ကြသည်။

ဒီနေ့ ကျွန်မ ဟိုတယ်ကြီးဆီ ပြန်ခြေဦးလှည့်လာခဲ့သည့်နေ့လည်းဖြစ်သည်။

အံ့ဩစရာကောင်းတာက ကျွန်မ ညှော်ကြိုကောင်တာမှာ ငြိမ်ငြိမ်သက်သက်ထိုင်နေချိန်မှာပဲ လူတစ်ယောက် ခရီးဆောင်အိတ်သေးလေးတစ်လုံးကိုင်ကာ ဟိုတယ်ဆီ တန်းတန်းမတ်မတ် ဝင်လာခဲ့ခြင်းပင်။

ပထမတော့ ကျွန်မ ထိုလူ့ကို ဇဝေဇဝါ ...

မယုံကြည်မှုဖြင့် ထပ်ခါထပ်ခါကြည့်ရင်းမှ မိုးသဲသည့် ညတစ်ညကို ပြန်မှတ်မိသွားသည်။

"ဟင် ..."

ဤမျှမြန်ဆန်စွာ ပြန်တွေ့လိုက်ရမည်ဟု ကျွန်မ မထင်ခဲ့ပါ။ သူ ... သူပဲ၊ ကျွန်မကို မိုးရေကြီးထဲ ဒဏ်ရာနဲ့ ရက်ရက်စက်စက် ထားပစ်ခဲ့သူ ...

သူကတော့ ကျွန်မကို မှတ်မိလိမ့်မည် မထင်ပါ။





ကောင်းပြီ၊ သူမှသူပါ။ ကျွန်မ မမှားနိုင်ပေ။

ကျွန်မကောင်တာရှေ့ သူရပ်လိုက်ကာ သူ့အိတ်ကပ်ထဲက မှတ်ပုံတင်ကတ်လေးကို ထုတ်ယူလိုက်ချိန်မှာ ကျွန်မက အနားက ရေဖန်ခွက်ထဲက ရေတွေနှင့် ဖြန်းခနဲ လှမ်းပက်လိုက်တော့သည်။

"ဟာ ..."

အနားကလူတွေအားလုံး ရုတ်တရက် အံ့ဩမှုဖြင့် ပါးစပ်တွေဟကာ ငြိမ်သက်သွားခဲ့ကြသည်။

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

ထိုလူက ကျွန်မကို ဘယ်လိုမှ နားမလည်နိုင်အောင် အံ့အားသင့်မှုတွေဖြင့် တအံ့တဩမေးတော့သည်။

သူ့မျက်နှာဆီကရေတွေက သူဝတ်ထားသည့် ကော်ဖီရောင် အင်္ကျီတွေပေါ် လိမ့်ဆင်းသွားကာ တော်တော်စိုသွားခဲ့ပြီ။

"ရှင့်ကို ပထမဆုံးပြန်တွေ့လိုက်ရလို့ ကျွန်မ ဒီလောက်ပဲ တုံ့ပြန်နိုင်ခဲ့တယ်မှတ်၊ ရှင် ဒီမှာ ကျွန်မနဲ့ပြန်တွေ့လိုက်ရတာလဲ အဆိုးလို့ပဲမှတ်ပါ"

"နေပါဦး၊ ခင်ဗျား ဘယ်သူလဲ၊ ခင်ဗျားကို ကျွန်တော် မသိဘူး"

"ကျွန်မကတော့ ကောင်းကောင်းမှတ်မိလိုက်တယ်၊ ရှင် ထွန့်ခဲ့တဲ့ ငါးလကျော်က မိုးရေထဲမှာ ကျွန်မကို ဆိုင်ကယ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပြီး ထားပစ်သွားခဲ့တဲ့သူ၊ ရှင့်ကြောင့် ... ရှင့်ကြောင့် ... ကျွန်မ ...”

“အို ... သစ္စာ၊ တော်တော့နော်၊ စိတ်ကိုလျှော့လေ သစ္စာရယ်နော်၊ မူမူ သူ့ကို အကျိုးအကြောင်း ရှင်းပြပေးပါ့မယ်”

“ရှင် အခု ထွက်သွားစမ်း ...”

ကျွန်မက ဒေါသထွက်တနင့်တပိုးဖြင့် ကြုံးအော်လိုက်ချိန်မှာ သူက ကျွန်မကို နားမလည်သလို၊ အံ့သြသလိုကြည့်ရင်းမှ ဖျတ်ခနဲ အရောင်ပြောင်းသွားခဲ့သည်။

ပြီးလျှင် ကျွန်မကို နူးညံ့ရီဝေစွာကြည့်ရင်း ...

“ကျွန်တော် ဒီမှာတည်းဖို့လာတာပါ၊ ကျွန်တော့်ကို လက်ခံပေးပါ”

ကျွန်မ ခေါင်းကို ဆတ်ခနဲမော့ပစ်လိုက်ကာ ...

“ရှင် သေချင်ပြီထင်တယ်၊ သေချာတာ ရှင် သေမဲ့နေရာကို ရောက်နေပြီ”

“ကျွန်တော့်ကို တစ်ခန်းလောက်ပေးပါ”

“ရှင် ထွက်သွားလို့ပြောနေတာ မကြားဘူးလား”

သူက ကျွန်မကို စူးစူးစိုက်စိုက်ကြည့်နေဆဲ။ သွားမည့်ပုံလည်းမပေါ်။ နောက်ဆုံး ကျွန်မ ဒေါသကို မထိန်းနိုင်တော့ဘဲ အနားက ပန်းသီးပန်းကန်ထဲထိုးစိုက်ထားသည့် ပန်းသီးလှီးသည့်ဓားကို ကောက်ကိုင်လိုက်မိတော့သည်။





“ရှင် မသွားရင် ကျွန်မ အဆိုးမဆိုနဲ့နော်၊ သွား ခုထွက်သွား”

“သစ္စာ ...”

“သစ္စာ မလုပ်နဲ့ ...”

“မမ ... မမ စိတ်ကိုထိန်းပါ၊ စိတ်ကိုလျှော့လိုက်ပါနော်၊ ဒီက အစ်ကိုကလဲ မမ လက်မခံနိုင်တဲ့ ဧည့်သည်ဖြစ်နေလို့ တခြားမှာသွားတည်းလိုက်ပါ၊ တောင်းပန်ပါတယ်ခင်ဗျာ၊ တခြားမှာ နေရာတွေရှိဦးမှာပါ၊ ဒီမှာ တကယ်ပဲ ဧည့်သည်ပြည့်နေလို့ပါ”

ကျွန်မက ဓားတရွယ်ရွယ်နှင့် သူ့ကို တကယ်ကောက်ပစ်မည် ပြင်နေပြီမို့ ကြားထဲကမနေသာတော့သည့် ဝိတ်တာကောင်လေးတွေကပါ ကြားထဲက အားတုံ့အားနာဝိုင်းပြီး တားမြစ်ကြရှာသည်။

ထိုအခါ သူက ကျွန်မကိုတစ်ချက်ကြည့်ကာ အရှိအသေပေးသလို အလျှော့ပေးသလို အရှုံးပေးသလိုလိုနှင့် ဦးညွှတ်ကာ ...

“တောင်းပန်ပါတယ်ခင်ဗျာ”

ဟုဆိုပြီး ခပ်လေးလေး ထွက်ခွာသွားခဲ့သည်။ သူ့ဟိုတယ်ပေါက်တံခါးဝနားအရောက်မှာ ကျွန်မလက်ကဓားက အလိုလိုလွတ်ကျသွားခဲ့ပြီး ...

“သူ့ကို ပြန်ခေါ်လိုက်ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ ... မမ"

"သူ့ကို ပြန်ခေါ်လိုက်"

"ခင်ဗျာ ဟုတ်ကဲ့"

ကျွန်မဆုံးဖြတ်ချက်က မှားမည်မထင်တော့၊ သူ ပြန်ထွက်သွားလျှင် (သို့မဟုတ်) သူ အပြီးတိုင် ပျောက်ကွယ်သွားလျှင်ဖြင့် ကျွန်မတစ်သက် သူ့ကို လက်တုံ့ပြန်ဖို့ အခွင့်အရေး မရနိုင်တော့ ...

ဒါ ကျွန်မလက်ထဲရောက်လာသည့် အခွင့်အရေးတစ်ခုပင်၊ ကျွန်မ လက်လွှတ်ခံ၍မဖြစ် ...

ကျွန်မ သူ့ကို ဒီလောက်နှင့်တုံ့ပြန်ပြီး ယှတ်လိုက်မည်ဆိုလျှင် ထိုက်တန်နိုင်မည်မဟုတ် ...

ဒီတော့ ကျွန်မလက်ထဲရောက်လာသည့် အကောင်းဆုံး အခွင့်အရေးတစ်ခုကို ကျွန်မက ကောင်းစွာအသုံးချနိုင်ရမည်။

သူ ကျွန်မ မြင်ကွင်းရှေ့မှာ ရှိရမည်။ (ကြောင်တစ်ကောင်က ဖမ်းမိထားသည့် ကြွက်တစ်ကောင်ကို မသေမရှင်ကစားပြီးမှ တမြည့်မြည့်နှင့် နာကျင်စွာ သေဆုံးသွားရအောင် စားပစ်လိုက်ရတာမျိုးက အရသာရှိသည်)

"သစ္စာ"

"ကျွန်မဆုံးဖြတ်တာ မမှားနိုင်ဘူး မမူ၊ ကျွန်မ သူ့ကို လွှတ်ပေးလို့မဖြစ်ဘူး၊ ကျွန်မ ပြန်ခေါ်ထားရမယ်"





"သစ္စာရယ်၊ သစ္စာ အရမ်းပင့်ပန်းမှာပေါ့၊ ဘာပဲဖြစ်ဖြစ် အရာရာကို ကံတရားကိုသာ ပုံချပြီး အဖြစ်တင်လိုက်ပါလား ညီမလေးရယ် ဟင်"

"ဟင့်အင်း၊ ကျွန်မကို ကံကြမ္မာဖန်တီးခဲ့တာ မဟုတ်ဘူး၊ အရာရာပြောင်းလဲသွားရအောင် နောက်ဆုံး ကျွန်မနဲ့ ကျွန်မ ချစ်သူရဲ့အနာဂတ် ပြောင်းလဲသွားရတဲ့ထိ သူက ဆိုးကျိုးတွေကို ဖန်တီးပေးခဲ့တယ်"

"အဲလိုတော့လဲ တရားသေကြီးတွက်လို့ မရပါဘူး ညီမရယ်"

"ဒါဖြင့် ကျွန်မကို ဒဏ်ရာနဲ့ မိုးရေကြီးထဲ ပစ်ထားခဲ့တဲ့ သူက ဘယ်သူလဲ၊ ကျွန်မ ရခဲ့တဲ့ဒဏ်ရာကြောင့် ခုလို ကျွန်မတို့ နှစ်ယောက် သေကွဲကွဲခဲ့ကြခဲ့ရတယ်"

"အိုကွယ် ... မမူလဲ တကာယ့်ကို စိတ်မကောင်းပါဘူးကွယ်၊ အဲ့အံ့တွေ တမြည့်မြည့်တွေးမနေနဲ့လေ၊ ညီမလေး သိပ်ပင်ပန်းတာပေါ့"

"ဟိုမှာ သူ ပြန်လှည့်လာပြီ မမူ၊ ကျွန်မကို နည်းနည်း ပြန်ထူပေးပါ"

"ဖြည်းဖြည်းထ သစ္စာ၊ သတိထားနော်"

"ကျွန်မ ချိုင်းထောက်နဲ့ သူ့ရှေ့ကနေ လျှောက်ပြလိုက်ချင်လို့ပါ၊ ဒါမှ သူတွေ့သွားရအောင်လို့လေ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ချိုင်းထောက်ကိုအားပြုကာ သူ့နားကအဖြတ်မှာ သူ့မျက်လုံးတွေ ကြက်သေသေသွားခဲ့တာကို ကျွန်မ ကောင်းစွာ လှမ်းမြင်လိုက်ရလေသည်။

*  *  *



## အခန်း (၅)

ကျွန်မ ဟိုတယ်မှာ သူ့ကို ပေးနေခွင့်ပြုလိုက်သဖြင့် ကျွန်မ သူ့အကြောင်းတွေ တစ်စွန်းတစ်စ သိလာခဲ့ရသည်။

ကျွန်မအတွက် အရေးကြီးဆုံးက သူ့မှာ အိမ်ထောင်ရှိမနေဖို့ပင်၊ ဒါမှ ကျွန်မ လက်တုံ့ပြန်တာ ထိရောက်ပြင်းထန်နိုင်ပေမည်။

မိန်းမနှင့် ကလေးနှင့်ဆို အားလုံးသောကရောက်ကြရမည်။ သူကာလွဲပြီး ဘယ်သူ့ကိုမှ ကျွန်မ ဒုက္ခမရောက်စေချင်။ ကျွန်မတုံ့ပြန်မည့်သူက ရန်ငြိမ်းဆိုသည့်သူ။ တခြားသူလည်း မဟုတ်။ တခြား မည်သူ့ကိုမှလည်း မထိခိုက်စေရချင်။

တကယ်တော့ သူ့ကို ကျွန်မ ပြန်တွေ့လိုက်ရတာ ဤမျှမြန်ဆန်လိမ့်မည်မထင်ပါ။ ခုတော့ ကျွန်မ ဆန္ဒပြည့်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



(ခုချိန်မှာ ကျွန်မက ရန်သူကိုတိုက်ခိုက်ဖို့ အဆင်သင့်ဖြစ်နေသော မြွေတစ်ကောင်၏ ပါးပျဉ်းထောင်ခြင်းမျိုးဖြင့် အသင့်စောင့်ဆိုင်းလျက်ရှိပြီ)

တစ်ရက်မှာတော့ ကျွန်မက မှုမှုကိုပင် အဖော်မခေါ်တော့ဘဲ သူ့ရှိရာအခန်းဆီသို့ တဖြည်းဖြည်းလျှောက်လာခဲ့သည်။

(ကျွန်မ၏ ချိုင်းထောက်သံကတော့ တခေါက်ခေါက်မြည်နေပါလိမ့်မည်)

ကျွန်မ ရောက်သွားချိန်မှာ သူက ဘန်ဂလိုရှေ့မှာ ကြိမ်ကုလားထိုင်တစ်လုံးနှင့် စာရင်းစာအုပ်တွေဖတ်နေသည်။

(ထိုပုံစံကိုက ကျွန်မရင်ထဲကသွေးတွေကို အမြင့်ဆုံးပွက်ပွက်ဆူပွက်အောင် လောင်မြိုက်ပေးလိုက်သလို)

"ဟာ ... ခင်ဗျားလာတာလား"

ကျွန်မကိုမြင်မြင်ချင်း ချက်ချင်းပင် ပျာပျာသလဲဖြစ်သွားကာ စာရင်းစာအုပ်တွေကို လက်ကချပြီး ကျွန်မကို အပြေးထကြိုသည်။

"မလိုပါဘူး"

ကျွန်မက လက်တစ်ဖက်ယမ်းပြလိုက်ကာ သူနှင့် မျက်နှာချင်းဆိုင် ကြိမ်ကုလားထိုင်မှာ ဝင်ထိုင်လိုက်တော့ ...





"တစ်ယောက်တည်းဗျာ၊ အဖော်တစ်ယောက်လောက်ခေါ်လာခဲ့ရောပေါ့၊ ကျွန်တော့်ဆီလာတာ ကိစ္စရှိတယ်ထင်ပါရဲ့"

"ဆိုပါတော့"

ကျွန်မ၏ ချိုင်းထောက်လေးကို ကျွန်မ ကြိမ်ကုလားထိုင်နားမှာပဲ ချထားလိုက်သည်။

ထိုအခါ သူက ကျွန်မကို နှစ်လိုဖွယ်အပြုံးတစ်ခုနှင့် ...

"ကျွန်တော့်ဆီ တကူးတကလာတယ်ဆိုတော့ ဝမ်းသာပါတယ်ခင်ဗျာ၊ ကျွန်တော့်ကို ဒီမှာ တည်းခိုခွင့်ပြုလိုက်တာအတွက်ပါ ကျေးဇူးတင်ပါတယ်"

"အဲ့ဒါ ရှင်နဲ့ကျွန်မကြားမှာ ပတ်သက်ဖို့ ရှိဖို့အတွက်ဆိုတာ ရှင်လဲ တွေးမိမှာပါ၊ ရှင့်ကို တမင်ပြန်ခေါ်လိုက်တယ်ဆိုပါတော့"

ကျွန်မက လှောင်ပြုံး၊ ရိသဲ့သဲ့အပြုံးတစ်ခုဖြင့် နှုတ်ခမ်းကို ကော့ညွှတ်လိုက်တော့ သူ့မျက်နှာ ချက်ချင်းညိုးငယ်သွားကာ ...

"ပြောပါခင်ဗျာ၊ တဆိတ်လောက် ကျွန်တော့်ကို ခင်ဗျားအရှမ်းနာကြည်းနေသလိုပဲ၊ ကျွန်တော်ထင်တာ မမှားဘူးဆိုရင် ခင်ဗျားမှာ အတိတ်က ကိစ္စတစ်ခုအတွက် တော်တော်လေးနာကြည်းနေပုံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ရှင်က ကျွန်မကို လုံးလုံးမမှတ်မိတော့ဘူးပေါ့၊ မေ့ထားလိုက်တာ"

"အံ့ဩစရာပဲ၊ လွန်ခဲ့တဲ့ငါးလကျော်က ညမှောင်မှောင် မိုးသဲသဲမှာ မိန်းကလေးတစ်ယောက်ကို ဆိုင်ကယ်နဲ့တိုက်မိပြီးမှ ဒဏ်ရာနဲ့လစ်ပြေးသွားခဲ့တဲ့ ယောကျ်ားတစ်ယောက်ဟာ ရှင် မဟုတ်ဘူးပေါ့ ငြင်းချင်မလား၊ ရှင် ငြင်းရဲလား"

"ဗျာ ..."

"အဲဒီနေ့က ရှင် ထားပစ်ခဲ့တဲ့ဒဏ်ရာကြီးနဲ့ ကားတစ်စီး ကတွေ့လို့ ကျွန်မကို ဆေးရုံပို့ပေးခဲ့ကြတယ်၊ ရလဒ်ကတော့ ခု ဒီခြေထောက်အရိုးကျိုးသွားခဲ့တာပဲ"

"ဟင် ..."

သူ့မျက်နှာပေါ်က အံ့အားသင့်မှု၊ စိတ်မကောင်းဖြစ်မှု၊ ကြေကွဲမှု၊ ဝမ်းနည်းပူဆွေးမှုတွေကို ကျွန်မ မုန်းတီးပါသည်။ သူ့ကိုလည်း စိစိညက်ညက်ကြေလောက်အောင် မုန်းလေသည်။

"ရှင့်ကြောင့် ကျွန်မဘဝ ခုလိုဖြစ်ခဲ့ရတယ်၊ ချစ်သူနဲ့ လွဲခဲ့ရတယ်၊ ပြီးတော့ သေကွဲကွဲခဲ့ကြရတယ်၊ ဒါတွေအားလုံး ဟာ ရှင့်ကြောင့် သိရဲ့လား"

"ဟာဗျာ ... ကျွန်တော် ... ကျွန်တော်သိပြီ၊ ကျွန်တော် မှတ်မိပြီ၊ ကျွန်တော်အားလုံး မှတ်မိပါပြီ၊ အဲ့ဒီညက ... အဲ့ဒီညက





မိန်းကလေးတစ်ယောက် ကျွန်တော့်ဆိုင်ကယ်ရှေ့ ဘွားခနဲပေါ် လာခဲ့တယ်၊ ဟုတ်ပြီ၊ ကျွန်တော် အမြန်ဘရိတ်အုပ်ပစ်လိုက် တယ်၊ မတိုက်မိခဲ့ဘူးလေ၊ ဒါပေမဲ့ အရှိန်နဲ့ဆောင့်တွန်းသလို ဖြစ်ပြီး သူ လဲကျသွားတယ်၊ နောက်တော့ ... နောက်တော့ ကျွန်တော် သူ့ကို တောင်းပန်ပြီး အမြန်ပြန်ထွက်လာခဲ့တယ်၊ ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ ကျွန်တော်လေ မိုးကလဲ အရမ်းသဲ၊ မှောင်ကလဲ မှောင်မို့၊ ခင်ဗျားကို ရုတ်တရက် မမှတ်မိခဲ့တာပါ ...

"စိတ်မကောင်းလိုက်တာ၊ အဲ့ဒီညက အဖြစ်အပျက်ကို ကျွန်တော် တောင်းပန်ပါတယ် မသစ္စာရှင်၊ ကျွန်တော် အကြိမ် ကြိမ် ဆုတောင်းခဲ့တာကလဲ အဲ့ဒီမိန်းကလေးကို ပြန်တွေ့ရဖို့ ပါပဲ၊ ကျွန်တော် တောင်းပန်ချင်တယ်၊ ဘာလို့ ဒဏ်ရာကြီးနဲ့ ပစ်ထားခဲ့ရလဲ၊ ကျွန်တော် လူသားမဆန်ဘဲ တာဝန်မဲ့ခဲ့ရလဲဆိုတဲ့ အကြောင်းရင်းကို ကျွန်တော် ဖွင့်ဟတောင်းပန်ချင်ခဲ့တာပါ၊ ခု အဲ့ဒီမိန်းကလေးက ခင်ဗျားပေါ့၊ ကျွတ် ... ကျွတ် ... ကျွတ် ...၊ ကျွန်တော် ဘယ်လိုတောင်းပန်ရမှန်းတောင် မသိတော့ပါဘူးဗျာ"

"ရှင့်အိုက်တင် မဆိုးဘူးပဲ၊ သရုပ်ဆောင်တော်တယ်၊ ကိုရန်ငြိမ်း၊ ကျွန်မကတော့ သရုပ်မဆောင်တတ်ဘူးလေ၊ ရှင် အခုလို တောင်းပန်နေလဲ အလကားပဲ၊ ကျွန်မ ရှင့်ကို အသေတော့



www.burmeseclassic.com

www.burmeseclassic.com



ဘုရား … ဘုရား …

ကျွန်မ လက်လွန်သွားခဲ့ပြီ …

သူ သတိလစ်သွားခဲ့ပြီ …

"အို …"

"လာကြပါ … လာကြပါဦး … ၊ ဝိတ်တာတွေ … ဝိတ်တာတွေ တစ်ယောက်မှမရှိကြဘူးလား …"

ကျွန်မ အသံကုန်အောင် အော်ပစ်ခေါ်လိုက်တော့မှ အားလုံး အလျှိုလျှိုပြေးထွက်လာကြကာ ရှုပ်ထွေးဆူညံသွားတော့သည်။

"မမ … မမ … ဘာဖြစ်တာလဲခင်ဗျာ …"

"ဟာ …"

"ဟာ … လုပ်ကြ … လုပ်ကြ၊ ကိုရန်ငြိမ်း သတိလစ်နေပြီ၊ မြန်မြန် … မြန်မြန်ပွေ့ကြရအောင်၊ ဆေးရုံသွားမှဖြစ်မယ် …"

"မြန်မြန် … တော်ကြာ သွေးထွက်လွန်နေ[illegible]သေသွားလိမ့်မယ် …"

အားလုံး ပျာယာခတ်ကာ သူ့ကို ဆေးရုံပို့ဖို့ စီစဉ်နေကြချိန်မှာ ကျွန်မရင်ထဲ ဘာဖြစ်သွားမှန်း မသိလိုက် …

သူ သေမှာလား …

သူ သေသွားနိုင်လား …





သူ့ကို ဖြူန်းစားကြီး မသေစေချင်သေးတာတော့ အမှန်။ ကျွန်မ ဘယ်လောက်မုန်းမုန်း၊ ဘယ်လောက်ငြိုးထားငြိုးထား ဖြူန်းစားကြီးတော့ မသေစေချင် …

ကျွန်မ သူ့ကို စိတ်ရှိလက်ရှိ ချိုင်းထောက်ကြီးနှင့် လွှဲရိုက်နေချိန်မှာ သူ တစ်ချက်ကလေးမှ ပြန်မခုခံခဲ့။ တစ်ချက်ကလေးတောင် မညည်းညူခဲ့။ နောက်ဆုံး ခေါင်းကဒဏ်ရာကြောင့် သတိလစ် ပြိုလဲသွားတာတောင် တစ်ချက်ကလေး မအော်ညည်းသွားခဲ့ …

ကျွန်မရင်ထဲ နင့်ခနဲနေအောင် ထိခိုက်တုန်ယင်သွားရကာ အံတင်းတင်းကြိတ်လိုက်ပြီးလျှင် …

"သူ့ကို မသေစေနဲ့၊ သူ့ကို မသေစေနဲ့လို့ ငါပြောတာ အားလုံးကြားကြလား"

"ဟုတ် … ဟုတ်ကဲ့ မမ"

"စိတ်ချပါ မမ၊ ကျွန်တော်တို့ သူ့ကို ဆေးရုံမီအောင် ပို့ပေးနိုင်မှာပါ"

ခုချိန်ထိ သတိမရလာသေးဘဲ ဒဏ်ရာဒဏ်ချက်တွေနှင့် ငြိမ်သက်စွာ သတိလစ်နေသည့် သူ့ကို တစ်ချက်လှမ်းကြည့်မိပြီးမှ အကြည့်ကို ကပျာကယာ လွှဲချပစ်လိုက်မိသည်။

ရှင် ဘာမှမဖြစ်နဲ့ဦး၊ ကိုရန်ငြိမ်း …



www.burmeseclassic.com

www.burmeseclassic.com



ရှင် ခုချိန်က ဘာမှမဖြစ်ပါစေနဲ့ဦး ...

ကျွန်မ ဆုတောင်းပေးပါတယ် ...

ရှင် မြန်မြန်ပြန်သတိရပါစေတော့၊ ရှင် ဘာမှ မဖြစ်ပါစေနဲ့ ...

* * *



## အခန်း (၆)

"သူ ဘယ်လိုနေလဲ မမှူး"

ဆေးရုံတင်ပြီးနောက် ကျွန်မဆီပြန်လာသည့် မမှူးက စိတ်မကောင်းသောမျက်နှာဖြင့် ခေါင်းခါပြသည်။

"ဟင် ... ဘာဖြစ်လို့လဲ"

"သူ ခဏကြာမှ သတိရလာလိမ့်မယ် သဇ္ဇာ၊ ကြည့်ရတာ ဒဏ်ရာနည်းနည်း နက်သွားပုံရတယ်၊ သွေးထွက်လွန်ထားပုံလဲ ရတယ်"

"..."

ကျွန်မ ရင်ထဲထိတ်ခနဲဖြစ်သွားပြီးမှ အံကို တင်းတင်း ကြိတ်လိုက်မိသည်။ ကျွန်မ မမှားပါဘူးနော် ...

ကျွန်မတောင် သူ့ကြောင့် ခုလိုကြီး ဖြစ်ခဲ့ရတာ။ မောင် သည့်: သေဆုံးသွားခဲ့ရတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စိတ်ကိုဖြောင်းလိုက်ပေမဲ့ ကျွန်မ သူ့ကို စိတ်ရှိလက်ရှိ ရိုက်နှက်နေချိန်မှာ ခေါင်းငုံ့ခံခဲ့သည့်၊ တစ်ချက်လေးမှ မညည်းညူခဲ့သည့် သူ၏ ဒူးထောက်တောင်းပန်မှုကို ပြန်မြင်ယောင်မိကာ "ငါ လွန်သွားပြီလား" ဟု တွေးမိတော့ စိတ်တွေက တုန်ယင်လှိုက်မောလာရသည်။

"သစ္စာရယ်၊ အဲဒီလူခမျာ တော်တော်သနားဖို့ကောင်းပါတယ်၊ သူ့ဦးလေးဆီကပေါ့လေ၊ သူ ဆေးရုံတက်တော့ အိမ်ကို အကြောင်းကြားရတယ်လေ၊ အဲဒီဦးလေးကတစ်ဆင့် မမူ ကြားလိုက်တာက်တော့ ကိုရန်ငြိမ်းဆီမှာ သိပ်စိတ်မနဲ့တဲ့ အမေတစ်ယောက်ရှိတယ်တဲ့လေ"

"ဘယ်လို ..."

မမူက အားလုံးကို စာနာနားလည်တတ်သူပီပီ ကိုယ်ချင်းစာစိတ်၊ စိတ်မကောင်း ကြေကွဲစိတ်တို့ဖြင့် သက်ပြင်းကို ရှိုက်ကာ ...

"အဲဒီ ကိုရန်ငြိမ်းအမေက သူ့ယောကျ်ားဆုံးသွားကတည်းက စိတ်ထိခိုက်ပြီး ပုံမှန်မရှိတော့တာတဲ့၊ ရယ်ချင်ရယ်နေတယ် ငိုချင်ငိုနေတယ်၊ တစ်ခါတလေ ထမင်းပန်းကန်ကြီးကိုင်ပြီး ကလေးတွေနဲ့ လျှောက်ဆော့ချင်ဆော့နေတာတဲ့"

"အို ..."





"ဒီကြားထဲ ဆုံးသွားတဲ့ သူ့ယောကျ်ားနဲ့တူတဲ့ ယောကျ်ားတွေတွေ့ရင် ပြေးပြေးလိုက်ပြီး ခေါ်တော့တာတဲ့လေ"

"ဩော် ..."

"အဲဒီညကလဲ သူ့ယောကျ်ားနဲ့တူတဲ့ လူတစ်ယောက်ကို သူ့ယောကျ်ားထင်ပြီး လိုက်တော့မလို့ အားလုံးက ဝိုင်းပြီးဆွဲကြ၊ တားမြစ်ကြတာကို အဘွားကြီးက သူ့ကိုယ်သူသတ်သေပါ့မယ်ဆိုပြီး ကတ်ကြေးကိုင်ပြီး တရှုယ်ရှုယ်ခြိမ်းခြောက်နေတာတဲ့၊ အဲဒီမှာ အားလုံးက ကိုရန်ငြိမ်းကို အကြောင်းကြားပြီး အမြန်ဆုံးလာဖို့ခေါ်တာ ကိုရန်ငြိမ်းက မန္တလေးရောက်တော့ ညတွင်းချင်း စစ်ကိုင်းကိုပြန်ဆင်းရင်း သစ္စာနဲ့တွေ့ကြတာဆိုပါတော့"

"..."

ကျွန်မတစ်ကိုယ်လုံး ဆတ်ခနဲတုန်ယင်သွားသည်ထိ စိတ်မကောင်းဖြစ်သွားရတော့တာအမှန်။ ထိုစကား ကျွန်မနှင့်မမူကြား စိတ်ဆိတ်ခြင်းက ကြောက်မက်ဖို့ပင် ကောင်းသွားခဲ့လေသည်။

"အဲဒီမှာ ကိုရန်ငြိမ်းက သစ္စာကို ဒဏ်ရာကြီးနဲ့ မလွဲသာလို့ ထားပစ်ခဲ့ရတယ်၊ သူ့အမေဆီ အချိန်မီရောက်အောင် သွားပေမဲ့ အချိန်မမီတော့ဘူးတဲ့ သစ္စာ"

"ဩော် ..."

"အဘွားကြီး အဲဒီညမှာပဲ ဆုံးသွားခဲ့တယ်၊ သူက"



www.burmeseclassic.com

www.burmeseclassic.com



သိမ့်ကို စိတ်ဖောက်ပြန်နေတာမို့ ကိုရန်ငြိမ်း သစ္စာကို မကာယ်တင်နိုင်ခဲ့ဘူးလို့ ပြောတယ်"

ကျွန်မစိတ်တွေ အရမ်းလေလံသွားခဲ့ရသည်။ ဒါ ကျွန်မ နောင်တရသွားတာလား၊ ဟင့်အင်း၊ မဟုတ်ဘူး ...

ကျွန်မ ဘာဖြစ်သွားမှန်း မသိနိုင်ဟောဘဲ ငြိမ်သက်တိတ်ဆိတ်ဆွံ့အသွားခဲ့ရသည်။

"အဲဒီအဖြစ်အပျက်တွေဟာ မမျှော်လင့်ဘဲ တိုက်ဆိုင်သွားခဲ့ကြတာပါ ညီမလေးရယ်၊ ခု ညီမလေးရင်ထဲက သူ့အပေါ်ရှိနေတဲ့ အမုန်းတွေ၊ ရန်ငြိုးတွေကို မေ့ဖျောက်ပစ်လိုက်ပါတော့ ခုလောက်ဆို ကျေနပ်လိုက်တော့နော် ညီမလေး"

မမူကတော့ လူနာပေါ် လှိုက်လှိုက်လှဲလှဲ သနားကရုဏာသက်ဝင်ကာ ကျွန်မကို ဖျောင်းဖျချော့မော့နေခဲ့ပြီ။

"ညီမလေးတို့ရဲ့ ဒီအဖြစ်အပျက်ဆိုးကြီးက အံ့ဩစရာကောင်းလောက်အောင် စနစ်တကျ တိုက်ဆိုင်သွားကြတာလေ၊ အဲ့ဒါတွေကို မေ့ဖျောက်လိုက်တာပဲ ကောင်းပါတယ်၊ မမူတော့ သစ္စာကိုလဲ အရမ်းသနားတယ်၊ သူ့ဘက်က ကြည့်ပြန်တော့လဲ အမေကိုး၊ အမေတစ်ယောက်လုံးရဲ့အသက်ကို မီအောင်သွားခဲ့ရတာကိုး"





မမူက ကျွန်မတို့နှစ်ယောက်ပေါ် မျက်ရည်ဝဲလာသ ည့်ထိ စိတ်မကောင်းဖြစ်နေမှန်း ကျွန်မ သိနေမြင်နေရသည်။

ကျွန်မ ဘာဆက်လုပ်ရမလဲ ...

သူ့ကို ခွင့်လွှတ်လိုက်ရမလား ...

ကျွန်မ ငါးလကျော်ကျော် စေးမှတ်ထားခဲ့တဲ့ ရန်ငြိုးကို ဒီလောက်နဲ့ပဲ ဖြေဖျောက်လိုက်ရတော့မလား ...

အိုး ... ကျွန်မ ဘာလို့ သူ့ပေါ် သနားစိတ်ဝင်သွားရတာလဲ၊ သွားစမ်း၊ မသနားနဲ့ ...

သေစမ်းပါစေ ...

ရှုသပါစေပေါ့ ...

ကျွန်မမှာ ဒုက္ခိတတစ်ယောက်လို ချိုင်းထောက်ကြီးနဲ့ သွားလာနေရတာ သိပ်ရှက်စရာကောင်းတဲ့အဖြစ်။ မောင့်ကိုလည်း ကျွန်မတစ်သက် ဘယ်တော့မှ ပြန်တွေ့ရတော့မှာ မဟုတ် ...

ဟင့်အင်း ...

သွားစမ်းပါ ...

ဒင်းကို နည်းနည်းမှ မသနားစမ်းပါနဲ့ ...

ကျွန်မရင်ထဲ အလိုလိုစီးဆင်းယိုကျလာသည့် သနားစိတ်တွေကို ကျွန်မက အမုန်းနှင့်ဖြတ်တောက်ပစ်လိုက်တော့ စိတ်ကပြန်ပြီး တင်းမာကြွပ်ဆတ်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



“မမူ”

“ရှင်၊ ညီမလေး”

“သူ့ကို သွားပြန်ကြည့်ပေးလိုက်ပါ၊ သတိရလာတဲ့ထိ နေပေးလိုက်ပါ၊ ကျွန်မကို ဘာမှစိတ်မပူပါနဲ့၊ ကျွန်မ နေတတ်သွားတတ်နေပါပြီ”

“ဟို … ဟိုလေ၊ ညီမလေးက သူ့ကို ခွင့်လွှတ်လိုက်တာလားဟင်၊ ဝမ်းသာလိုက်တာကွယ်”

“မဟုတ်ပါဘူး”

“ဘယ်လို …၊”

“ကျွန်မ သူ့ကို ခွင့်မလွှတ်ချင်သေးဘူး”

“အိုကွယ်၊ မမူက ညီမလေး သူ့ကို ခွင့်လွှတ်လိုက်ပြီထင်လို့”

“မမူ သွားပါ၊ သူ ပြန်သတိရလာတဲ့ထိ ဂရုစိုက်လိုက်ပါ၊ ကျွန်မ သူ့ကို အခုလောက်အချိန်လေးနဲ့ မသေစေချင်သေးတာတော့ အမှန်ပဲ”

“မမူဖြင့် သစ္စာကို ဘယ်လိုဖျောင်းဖျရမယ်တောင် မသိနိုင်တော့ပါဘူး ညီမလေးရယ်”

“မမူ သွားလို့ရပြီ”





မမူက ကျွန်မကို အတန်ကြာအောင် ငြိမ်သက်ကြာမြင့်စွာ ငေးငေးမောမော ကြည့်သည်။

ပြီးတော့ အသံမပါသော စကားများကို ပြောလေသည်။ ကျွန်မ မမူမျက်လုံးတွေက ပြောသည့်စကားတွေကို နားမလည်ချင်သလိုလို နားလည်လိုက်သလိုလိုနှင့် တစ်ကိုယ်လုံး တောင့်ခတ်စွာ ပြန်စိုက်ကြည့်မိသည်။

မမူ ဘာပြောချင်တာလဲ …

သူ ဘာတွေပြောနေတာလဲ …

သိပ်ကို လေးနက်သိပ်သည်း ပြည့်နှက်လွန်းသည့် အကြည့်တွေကတစ်ဆင့် စကားလုံးတွေ၏ အဓိပ္ပာယ်ကို ကျွန်မ မကြာခင် သိခွင့်ရတော့မည်ထင်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ လူသားမဆန်ခဲ့မှု၊ တာဝန်မကျေခဲ့မှု၊ ပေါ့လျော့မှုတစ်ခုကြောင့် တစ်ယောက်က မိန်းကလေးတစ်ယောက်အတွက် အနာဂတ်တစ်ခုလုံး ပြောင်းလဲပစ်နိုင်ခဲ့အောင် ပြင်းထန်ခဲ့ရသည်ကို ကျွန်တော် အချိန်များစွာနောက်ကျပြီးမှ သိလိုက်ရခြင်းဖြစ်သည်။ ထို့အတွက် သူမ ကျွန်တော့်ကို ဘယ်လောက်ပဲငြိုးငြိုး ဘယ်လောက်ပဲမုန်းပါစေဦး ၊သူမ သတ်မည်ဆိုလျှင်တောင် သေပေးဖို့ ကျွန်တော် အဆင်သင့်ရှိနေခဲ့ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ကျွန်တော် သတိပြန်ရနေခဲ့သည်မှာ ကြာပြီ။ သို့သော် ကျွန်တော့်မျက်လုံးတွေကို မဖွင့်ချင်သေးပေ။

သေချာတာ ကျွန်တော် ဆေးရုံတစ်ရုံကိုရောက်နေပြီး ကျွန်တော့်ကို ဂရုတစိုက် ကြပ်မတ်ကုသပေးနေသည့် ဆရာဝန်ကြီးတွေနှင့် တာဝန်ကျဆရာမလေးတွေ၊ ပြီးတော့ ကျွန်တော့်ကို ဖခင်ရင်းနှင့်မခြား အုပ်ချုပ်ကာ သားအရင်းပမာ ချစ်ခင်စောင့်ရှောက်ခဲ့သည့် ဦးလေးနှင့် ကျွန်တော့်မိတ်ဆွေအချို့ ရောက်နေကြလိမ့်မည်။

ကျွန်တော် ဘယ်သူ့ကိုမှ စကားမပြောချင်သေးပါ။ ပထမဦးဆုံး ကျွန်တော် တဖြည်းဖြည်း သတိရလာချိန်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆီမှ နာကျင်မှု၊ ပြီးတော့ ဆေးရုံနံ့၊ ဆေးရုံနံ့တွေကို တဆက်တည်းရခဲ့သည်။

ခေါင်းကဒဏ်ရာ ဘယ်လောက်ပဲ နာကျင်ပါစေဦး ကျွန်တော် မမှုပါ။ ကျွန်တော့်ကို အငြိုးတကြီးနှင့် အချက်ပေါင်းများစွာ ရိုက်နှက်ခဲ့သည့် မိန်းကလေးကို ကျွန်တော် နင့်နေအောင် သနားနေမိသည်။

တကယ်တော့ ကျွန်တော် အဲဒီညက မေမေ့ဆီ ဖောကပ်မေ့ခဲ့တာ။ မေမေ့ကိုကယ်ဖို့ အချိန်မီ ပြန်ထွက်လာခဲ့ရတာကို ကျွန်တော်နဲ့ အန်ကယ်ကျော်ကလွဲပြီး ဘယ်သူမှ မသိနိုင်ကြ။

ကျွန်တော်ရောက်သွားချိန်မှာ မေမေက သေဆုံးသွားခဲ့ပြီ။ ဘယ်လောက်ထိဆိုးရွားလိုက်သလဲဆိုရင် မေမေဟာ ဖေဖေ့နောက်လိုက်မယ် တကဲကဲနှင့် အားလုံးကဝိုင်းပြီး တားမြစ်နေသည့်ကြားမှ သူ့အသက်ကိုတောင် သူ မမှုတော့ဘဲ သတ်သေဖို့ကြိုးစားလာသလို၊ အားလုံး၏အလစ်မှာ ဝရန်တာကနေ ခုန်ချသေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ဘယ်လောက် ထိတ်လန့်ဖွယ်အဖြစ်ဆိုးကြီးလဲ။ ကျွန်တော် ထိုအဖြစ်တွေကို နင့်နင့်သီးသီး ခံစားရသည်။ ဘယ်တော့မှ ပြန်သတိမရချင်ပါ။





ကျွန်တော်အရောက်မှာ မေမေ သေဆုံးနေသည့် မြင်ကွင်းကို ဘယ်လိုမှ မကြည့်ရက်နိုင်ခဲ့။

သနားစရာ မေမေရယ်ပင်။

လောကမှာ မေမေ့လောက် ဖေဖေ့အပေါ် ချစ်ခင်မြတ်နိုးတွယ်တာသည့်မိန်းမမျိုးပင် မရှိနိုင်ဟု ကျွန်တော်ထင်သည်။

ကျွန်တော် လူမှန်းသိတတ်စအရွယ်ကတည်းက အရွယ်ရောက်လာချိန်ထိ မေမေနှင့်ဖေဖေ တစ်ခါမှ ရန်မဖြစ်ဖူးခဲ့ကြ။ အမြဲတမ်း ချစ်ချစ်ခင်ခင်နှင့် ဆွေးဆွေးတွေးတွေး ရှိလှသည်။

ဖေဖေခများ သေဆုံးသွားတာတောင် ဘယ်သူမှ သတိမထားမိချိန်မျိုးမှာ ဖြစ်သည်။

"အမေကြီးရေ ... ဒီနေ့ ကို ခေါင်းနည်းနည်းကိုက်တယ်၊ စောစောအိပ်တော့မယ်ကွာ"

ဟု ပြောကာ အိပ်ရာဝင်သွားသည့် ဖေဖေ့ကို သေမင်းက ညင်သာသောလက်အစုံဖြင့် တပါတည်း ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

ဘယ်သူမှ မသိလိုက်ကြ။

မနက်မိုးလင်း ဖေဖေ အခါတိုင်းလို မနိုးလာတော့မှ ထူးဆန်းသလိုရှိကြသည့် ကျွန်တော်နှင့်မေမေက ဖေဖေ့ခုတင်နားရောက်သွားကြခြင်း ...



www.burmeseclassic.com

ထိုအချိန်ကြမှ မေမေ သေဆုံးနေတာ သိခွင့်ရခဲ့ကြခြင်းပင်။

ထိုအချိန်ကစပြီးတော့လည်း မေမေ စိတ်မငြိမ်မသက် ဖြစ်သွားခဲ့ခြင်းဖြစ်သည်။

ဖေဖေဆုံးသွားပြီးကတည်းက မေမေ စိတ်ဖောက်ပြန်တာ ပိုထင်ရှားလာကာ ရယ်ချင်ရယ်၊ ငိုချင်ငိုနေတော့သည်။ ထမင်းကျွေးလျှင်တောင် အော်ဟစ်ရုန်းကန်နေတတ်သည်။

တစ်ခါတစ်ရံ မေမေ စိတ်တွေငြိမ်သက်ကာ ပြန်ကြည်လင်နေချိန်မျိုးမှာ မေမေက ကျွန်တော့်ကို စကားတွေ တည်တည်ငြိမ်ငြိမ်ပြောကာ နဖူးလေးကို နမ်းရှိုက်တတ်သေးသည်။

(ထိုအချိန်မျိုးတွေဆို ကျွန်တော် အရမ်းစိတ်ချမ်းသာရလေသည်)

မေမေ့ကို တစ်ကြိမ် စိတ်ကျန်းမာရေးအထူးကုဆေးရုံ ပို့ပေးဖူးသည်။ ထိုအချိန်က မေမေ အော်ဟစ်ကာ ကြောက်လန့်တကြား သောင်းကျန်းနေရသည့် မေမေ့သောကကိုကြည့်ပြီး နောက်ထပ် ဆေးရုံမပို့ဖြစ်တော့။

အိမ်မှာပဲ သောက်ဆေးတွေနှင့် ငြိမ်သက်အောင်ထိန်းထား နေရင်း မေမေ့ကိုမြင်နေခွင့်ရတာလေးကိုပဲ ကျွန်တော် စုံမ စိတ်ချမ်းသာနေရသည်။





မေမေစိတ်ဆင်းရဲရအောင် ကျွန်တော် မလုပ်ချင်တော့။

မေမေက ဖေဖေဆုံးပြီးသွားကတည်းက ဖေဖေနှင့်တူသည့်လူကို တွေ့လျှင် အခြေအနေတွေက ပိုဆိုးကုန်တော့သည်။ ဘယ်လိုမှ ထိန်းမရတော့။

ထိုလူတွေ နောက်လိုက်ဖို့ပဲ စိတ်လိုက်မာန်ပါ ကြိုးစားအားထုတ်တော့သည်မှာ ကြောက်ခမန်းလိလိ။

နောက်ဆုံး မေမေ့ကို ဆေးတိုက်လိုက်ကာ အသာအယာ ချော့မြှူသိမ်းသွင်းပြီး ခုတင်ပေါ်ထိ ပို့ပေးရဖူးသည်။

ဒါတောင် မေမေ့စိတ်တွေက မြဲမြဲစွာ ဖေဖေ့ဆီမှာပဲ ကပ်နေသေးသည်။

တကယ်တော့ ဖေဖေ့ပေါ် ချစ်မြတ်နိုး စွဲလမ်းကြီးမှုကြောင့်သာ မေမေ ရူးသွပ်သွားခဲ့ရခြင်းဖြစ်သည်။

မေမေ့ကို ကျွန်တော် အရမ်းသနားရသည်။ အရမ်းချစ်ရသည်။ သနားကရုဏာမဆုံး ဖြစ်ရသည်။

ဖေဖေ့စိတ်ဖြင့် ရူးသွပ်နေရှာသည့် မေမေ့ကို သနားရလွန်း၍ တန်ဖိုးထားစုံမက်ရလွန်းသဖြင့် ထိုညက မေမေ ကိုယ့်ကိုယ်ကို သေကြောင်းကြံဖို့လုပ်နေဆဲ ကျွန်တော် အမှီလိုက်လာခဲ့ရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုည မိုးတွေ သဲသဲမဲမဲရွာနေခဲ့သည့်ည။ ညကလည်း မှောင်မိုက်နေတာ ကျွန်တော့်ဆိုင်ကယ်မီးသီး အလင်းတန်းနှစ်ခု ကြားမှ ဘွားခနဲတွေ့လိုက်ရသည့် မိန်းကလေးတစ်ယောက်ကို တိုက်မိမှာစိုးသဖြင့် ကျွန်တော် အမြန်ဘရိတ်အုပ်လိုက်ရသည်။

သို့သော် ကောင်မလေးက ကြောက်အားလန့်အားနှင့် လွင့်စဉ်ပြိုလဲသွားခဲ့သည်။

ထိုကောင်မလေး နာကျင်စွာညည်းညူနေတာကို ကျွန်တော် တွေ့ရက်၊ မြင်ရက်နှင့် တောင်းပန်ရုံသာ တောင်းပန်နိုင်ခဲ့သည်။

"မေမေ"ဆိုသည့် ဇောအဟုန်ဖြင့် ကျွန်တော် ထိုကောင်မလေးကို မိုးရေကြီးထဲ ထားပစ်ခဲ့ရခြင်းဖြစ်သည်။

ထိုအဖြစ်အပျက်ကို ကျွန်တော် မမေ့နိုင်ပါ။ အမြဲသတိရ အောက်မေ့ကာ ထိုကောင်မလေးကို ပြန်တွေ့ချင်ခဲ့သည်မှာ ထိုချိန်ကတည်းက ဖြစ်သည်။

ကျွန်တော် ထိုကောင်မလေးမျက်နှာကို သဲသဲကွဲကွဲ မမှတ်မိခဲ့ပါ။ ထို့ကြောင့် ဘယ်သူဘယ်ဝါ မမှတ်မိနိုင်ခဲ့ပါ။

ခုတော့ ကျွန်တော် အရမ်းတောင့်တခဲ့သည့်ဆန္ဒ ပြည့်ခဲ့ရပြီ။ ကျွန်တော် သူမဟိုတယ်ဆီ စရောက်လာချိန်မှာပဲ သူမ၏ တုံ့ပြန်မှုကို ရရှိခဲ့ပြီ။





ပြီးတော့ သူမ၏အတိတ်ကို အကြောင်းစုံ ကျွန်တော် သိခွင့်ရလိုက်ချိန်မှာ ကျွန်တော် တော်တော်နောက်ကျခဲ့ပြီဖြစ် သည်။

ကျွန်တော်၏ အမေဇောဖြင့် လူသားမဆန်မှု၊ တာဝန် ကျေခဲ့မှု၊ ပေါ့လျော့မှုတစ်ခုကြောင့် တစ်ဖက်က မိန်းကလေး တစ်ယောက်အတွက် အနာဂတ်တစ်ခုလုံး ပြောင်းလဲပစ်နိုင်ခဲ့ အောင် ပြင်းထန်ခဲ့ရသည်ကို ကျွန်တော် အချိန်များစွာ နောက်ကျ ၍မှ သိလိုက်ရခြင်းပင်။

ထို့အတွက် သူမ ကျွန်တော့်ကို ဘယ်လောက်ပဲငြိုးငြိုး၊ ဘယ်လောက်ပဲ မုန်းပါစေဦး၊ သူမ သတိမည့်ဆိုလျှင်တောင် သေးဖို့ ကျွန်တော် အဆင်သင့်ရှိခဲ့ပြီဖြစ်သည်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော် သူမကို သနားစိတ် နှင့် သိပ်ချစ်သွားခဲ့၍ပင်။ သူမကိုတွေ့မှ ကျွန်တော့်ရင်ထဲ ချောစွာသိမြင်နားလည်လိုက်သည့် အရာတစ်ခုမှာ အချစ်ဆို သည့် ခံစားမှုပင်။

ကျွန်တော့်ကို မုန်းတီးစွာရန်တွေ့နေသည့် သူမမျက်လုံး ကို သနားကရုဏာသက်မိသည်။ အပြုံးကြီးစွာ အော်ဟစ်နေ သည့် နှုတ်ခမ်းပါးလေးကို ကျွန်တော် သက်ဝင်ငြိတွယ်ရသည်။

ကျွန်တော် မမေ့နိုင်တာက သူမ မျက်လုံးဆီ ဝိုစွတ်

ပြောင်လက်ကာ မာကျောနေသည့် မျက်ရည်စတွေပင်။

သစ္စာရှင်ရယ် ...

မင်းလို သိပ်လှတဲ့မိန်းကလေးကြမှ ဒီလိုအဖြစ်ဆိုးကြီးမျိုး ဖြစ်ရတယ်လို့ကွာ။ ကိုယ် တကယ့်ကို ထိခိုက်ကြေကွဲရပါတယ် ...

မင်းဟာ သိပ်ကိုလှတဲ့ မိန်းကလေးပါ။ ဂျူးလိယက်လို မျက်နှာနဲ့ ဂျူးလိယက်လို ဆံပင်ရှည်ရှည် ဖြောင့်ဖြောင့်စင်းစင်း နဲ့ သိပ်ကို ချောမောလွန်းလို့ ကိုယ် ငိုင်ခနဲဖြစ်သွားရတဲ့ မင်းရဲ့အလှက ကိုယ့်ကို သိမ်းသွင်းနိုင်ခဲ့တာပါ။

ကိုယ်မှာ ဝမ်းနည်းပက်လက် ခံစားခဲ့ရ၊ ကြေကွဲခဲ့ရတာ တွေအပေါ် မင်း ပေါက်ကွဲနေတာကို ကိုယ် မျက်တောင်လည်း မခတ်မိ၊ အသက်လည်း မရှူမိရအောင် မင်းဆီမှာပဲ စီးမျော သွားရတာ ...

မင်းကို မက်မောမြတ်နိုးစိတ်နဲ့ ချစ်မိသွားရပြီ သစ္စာ ...

အဲဒီအတွက် မင်း ကိုယ့်ကို ဘယ်တော့မှပြန်မချစ်နိုင်သ အမြဲမုန်းတီး လက်စားချေနေတော့မှာလဲ ကိုယ်သိနေတယ် ...

ဆင်စွယ်နှစ်ရောင် အသားအရေနှင့် စိုအိဝင်းဖန့် လှပချောမေနေတဲ့ မင်းရဲ့အလှကိုချိုင်းထောက်ကြီးက ဘယ်လို မအပ်စပ်ရလောက်အောင် ဖန်တီးပေးနေတာကို မင်း သိမ်ငယ်ပြင်း အရှက်ရနေမှာပါ ...



မိန်းကလေးရယ် ...

ကိုယ့်ကို ခွင့်လွှတ်ပါ ...

ကိုယ် တစ်ချက်ကလေး တာဝန်မဲ့ခဲ့တဲ့အတွက် မင်းခံစား လိုက်ရတဲ့ ဒုက္ခဆိုးကြီး၊ သိပ်ကိုနာကြည်းစရာမဲဆိုတာ ကိုယ် ကိုယ်ချင်းစာနိုင်ပါတယ် ...

ပြီးတော့ မင်းဘက်က အငြိုးတွေ၊ နာကြည်းမှုတွေ၊ လက်တုံ့ပြန်လိုမှုတွေက မင်းစိတ်ကို သိပ်ပင်ပန်းစေနေပြီး ကိုယ် ကတော့ မင်းကို သနားစိတ်၊ မြတ်နိုးစိတ်နဲ့ ရင်ထဲနင့်နေအောင် ချစ်မိသွားခဲ့ပြီ ...

မင်းကတော့ ကိုယ့်ကို အရမ်းမုန်းတီးနေပြီ ...

ကိုယ်ကတော့ မင်းကို အရမ်းချစ်မိသွားပြီ ...

မင်းပေးခဲ့တဲ့ ဒဏ်ရာအတွက် ကိုယ်ကျေနပ်တယ်၊ ကိုယ့် ရင်ထဲက အသည်းနှလုံးကိုထုတ်ပေးမှ၊ ကိုယ့်ကို အရှင်လတ်လတ် သတ်ချင်ရင်တောင် ကိုယ် သေပြဝံ့ပါတယ် မိန်းကလေးရယ် ...

ကျွန်တော် မျက်လုံးတွေကို စုံမှိတ်ထားရင်းမှ သူမကို တိုင်တည်တမ်းတကာ ရေရွတ်မိတော့ မျက်ရည်ကဝဲချင်သည်။ မျက်ရည်စက်တွေကို ပုတ်ထုတ်လိုက်တော့ ...

"ဟော ... သူ သတိရနေပြီ"

"ကဲ ... ကဲ၊ အားလုံးပဲ သူ့နားနဲ့ ခဏပဲစကားပြောကြပါ။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



သူ့ သက်သောင့်သက်သာနားနေတာက အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်"

"ငါ့တူကြီး သတိရပြီနော်၊ ဟာ ... ဝမ်းသာလိုက်တာကွာ"

အန်ကယ်ကျော်ကို ကျွန်တော် မမှိတ်မသုန်ကြည့်ရင်း ခေါင်းတစ်ချက်ညိတ်ပြလိုက်တော့ ခေါင်းကစည်းထားသည့် ပတ်တီးဒဏ်ကြောင့် အရမ်းနာကျင်သွားလေသည်။

* * *



## အခန်း (၈)

"ရှင် သက်သာတယ်နော်၊ ခေါင်းကဒဏ်ရာ ဘယ်လိုနေသေးလဲ"

"ဟုတ်ကဲ့၊ သက်သာပါတယ်"

ကျွန်တော့်ကို 'မမူ' ဆိုသည့် နာ့(စ်)မလေးက ဂရုတစိုက်စောင့်ရှောက်ကုသပေးတတ်သည်မို့ ကျွန်တော် မမူကို ကောင်းကောင်းသတိထားမိနေသည်။

ပြီးတော့ မမူက ကျွန်တော်ချစ်သည့် ကောင်မလေးနားမှာ အမြဲစောင့်ရှောက်ခွင့်ရနေသေးသည့် မိန်းကလေးတစ်ဦးပင်။

မမူက ကျွမ်းကျင်ပါးနပ်လှသည့် သူနာပြုလေးပီပီ စကားပြော ယဉ်ကျေးချိုသာလှကာ လူနာ၏စိတ်ကိုလည်း အားလုံးထွင်းဖောက်တိုးဝင် သိမြင်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းကွဲသွားသည့်နေ့ကလည်း ယနေ့ချိန်ထိ ကျွန်တော့်ကို ပြုစုစောင့်ရှောက်ပေးနေသည့် မမူကို သူမအတွက် စိုးရိမ်စိတ်ဖြင့် မေးမိခဲ့သည်။

"ကျွန်တော့်ကိုပဲ လာပြုစုနေတော့ သူ့ကို ပစ်ထားသလို ချည်း ဖြစ်နေပါဦးမယ် မမူ၊ သူ့ကို ဂရုစိုက်ပါ၊ ကျွန်တော့် ဒဏ်ရာက ဘာမှဖြစ်လောက်တာမှ မဟုတ်တာ"

"ကျွန်မကို သစ္စာကိုယ်တိုင် လွှတ်ခဲ့တာပါ ကိုရန်ငြိမ်း၊ သူ ရှင့်ကို ဂရုစိုက်ဖို့ မှာထားလို့ပါ"

"ကျွန်တော် ..."

ကျွန်တော့်ရင်ထဲ ပူနွေးလှုပ်ရှားစွာ ထိတ်ခနဲ တုန်ယင်သွားခဲ့သည်။

"ဘာဖြစ်လို့လဲ"

"ရှင့်ကို သူ မသေစေချင်တာတော့ အမှန်ပဲ ကိုရန်ငြိမ်း၊ သူ အခုလောက်ဖြစ်သွားလိမ့်မယ်လို့လဲ မရည်ရွယ်ခဲ့တာ အမှန်ပါ"

"ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး မမူ၊ ဒါ ကျွန်တော့်ရသင့်တဲ့ ဒဏ်ရာပါ၊ ဒီထက်ပိုပြီးတော့တောင် ခံစားသင့်တာပါ၊ ကျွန်တော သိပ်မှားယွင်းခဲ့တာ၊ သူ့ကိုယ်ဘယ်လို တောင်းပန်ရမယ်တောင် မသိတော့ပါဘူးဗျာ"





"ဒါကလဲ ကိုရန်ငြိမ်းရဲ့ အမှားချည်းပဲလို့တော့ ယူဆလို့ မရပါဘူး။ တစ်ဖက်က ကိုရန်ငြိမ်းက အချိန်မီပြန်သွားရမယ့် ကိစ္စကြီးက ရှိနေတာကိုး၊ အဲ့ဒီအချိန် အားလုံးက စနစ်တကျနဲ့ ဆိုးဆိုးရွားရွားတိုက်ဆိုင်ပြီး ဖြစ်ပျက်သွားခဲ့ကြတာပါ"

"ဒါကတော့ မမူက စိတ်ရင်းနဲ့ဖြေတွေးပေးနိုင်တာကိုး၊ သစ္စာက ဖြုန်းခနဲရင်ဆိုင်လိုက်ရတဲ့ ဒီခါးသီးမှုကြီးက သိပ်ရုပ်ဆိုးလွန်းတော့ သူ ကျွန်တော့်ကို ခွင့်မလွှတ်နိုင်ရအောင် ဖြစ်နေရှာတာပါ"

"ကျွန်မလဲ ဖျောင်းဖျကြည့်ပြီးပါပြီ ကိုရန်ငြိမ်း၊ ဒါပေမဲ့ သူ့ချစ်သူနဲ့ အဲ့ဒီညမှာပဲ သေကွဲကွဲခဲ့ကြတာဆိုတော့"

"ကျွန်တော် သိပ်စိတ်မကောင်း ဖြစ်ရပါတယ်ဗျာ၊ ကျွန်တော် ဒီကိစ္စကို အမြဲတောင်းပန်နေမိမှာပါ"

"သူ တော်တော်နဲ့ ခွင့်လွှတ်နိုင်မယ် မထင်ဘူး ကိုရန်ငြိမ်း၊ ကျွန်မလဲ နှစ်ဖက်စလုံးကနေကြည့်ပြီး သိပ်ရင်နင့်ရပါတယ်"

ကျွန်တော် တာဝန်မဲ့ခဲ့မိသည်။ မိုးရေကြီးထဲ ညမှောင်မှောင်မှာ ပစ်ထားခဲ့မိသည့်မိန်းကလေးတစ်ယောက်ဟာ သူမတူအောင် လှပအပြစ်ကင်းစင်နေပါလျက်နှင့် ကျွန်တော့်ကြောင့် ချိုင်းထောက်ကြီးနှင့် သွားလာနေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



မည်းနက်ကော့ပျံနေသည့် မျက်တောင်ထူထူကြီးတွေနှင့် လှပစိုလက်နေသည့် မျက်ဝန်းတစ်စုံ၊ ချွန်မြသွယ်စင်းသည့် နှာတံ၊ ဖူးကြွပြည့်ဖောင်းနေသည့် နှုတ်ခမ်းလေး။ ကျွန်တော် ထိုမျက်နှာလေးကို အရမ်းစွဲမက်သွားရပြီ ဖြစ်သည်။ ကျွန်တော် ချစ်မိပြီလည်း ဖြစ်သည်။ ကျွန်တော့်ကြောင့် ကြုံတွေ့လိုက်ရသည့် ခါးသီးမှုကို သူမလေး ဘယ်လောက်တောင် ထိခိုက်ခံစားရရှာမလဲ။ ကျွန်တော် ဆက်ပင်မတွေးရဲတော့။

“မမူ”

“ရှင် ... ကိုရန်ငြိမ်း၊ ဘာဖြစ်လဲ၊ ခေါင်းကိုက်လာလို့လား၊ ကျွန်မ ဘာလုပ်ပေးရမလဲ”

“မဟုတ်ပါဘူးဗျာ၊ ကျွန်တော် ဘယ်တော့ ဆေးရုံက ဆင်းလို့ရမလဲ သိချင်လို့ပါ”

“ရှင်က ဘာဖြစ်လို့ အဲ့လောက်တောင် ဆင်းချင်နေရတာလဲဟင်၊ ရှင် ဒီမေးခွန်းကိုပဲ ခဏခဏ မေးတတ်တယ်နော်”

“ကျွန်တော် ဒီမှာ ကြာကြာမနေချင်လို့ပါ မမူ၊ ပြီးတော့ ကျွန်တော် လုပ်စရာလေးတွေလဲ ရှိသေးတယ်”

“အံမယ်၊ ရှင် မညာပါနဲ့နော်၊ ရှင့်အလုပ်တွေအားလုံး ရှင့်ဦးလေးက အားလုံးလုပ်ပေးနေတာ ကျွန်မ သိပြီးပါပြီ၊ ရှင် လျှောင်ထားတဲ့ပွဲတွေ၊ ငွေတွေ၊ ကြက်သွန်တွေကိစ္စအတွက်





လား၊ သစ္စာကို တွေ့ရဖို့အတွက်လား၊ ကျွန်မကတော့ သစ္စာအတွက်လို့ပဲ ထင်တယ်”

ကျွန်တော် မငြင်းဆန်ဘဲ ခေါင်းညိတ်ပြဖြစ်မိသည်။ သူမအတွက် ကျွန်တော် လုပ်ပေးစရာတွေ၊ ပေးဆပ်စရာတွေ အများကြီးကျန်နေပါသေးသည်။ ကျွန်တော့်အသက်နှင့် ကျွန်တော့်ဘဝတစ်ခုလုံးကိုတောင် သူမ ကြိုက်သလို စီရင်ဆုံးဖြတ်ဖို့ ကျွန်တော် ပေးဆပ်ဖို့ ဆုံးဖြတ်ခဲ့ပြီးဖြစ်လေသည်။

ကျွန်တော့်ကုန်ပစ္စည်းတွေနှင့် ပတ်သက်လို့ကတော့ ဦးလေးက စိတ်အချရဆုံးပင်၊ ကျွန်တော့်အပေါ် သားရင်းနှင့်မခြား နွေးထွေးလှိုက်လှဲတတ်သလို ကျွန်တော်ဖြစ်ချင်သည့် ဆန္ဒတွေကိုလည်း လိုက်လျောဖြည့်ဆည်းပေးတတ်သူတည်း။

ကျွန်တော် ရှေ့ဆက်လုပ်ရမည့်အလုပ်မှာ သူမဆီက ခွင့်လွှတ်မှုတစ်ခုရဖို့ အကြိမ်ကြိမ်တောင်းပန်ဖို့ပင်။

ကျွန်တော့်သက်တမ်းတစ်လျှောက်လုံးမှာ ကျွန်တော့်ကြောင့် ဘယ်သူမှ စိတ်မဆင်းရဲခဲ့ရ။ ဒုက္ခမကြုံတွေ့ခဲ့ရ။ ခု သိပ်လှသည့်ကောင်မလေးတစ်ယောက်ကတော့ ကျွန်တော့်ကြောင့် ချစ်သူနှင့် သေကွဲကွဲခဲ့ရတဲ့ပြင် ကိုယ်တိုင်လည်း အရှက်ရနေသည့် အဏ်ရာဆိုကြီးကို ဒုက္ခလှလှ တွေ့နေခဲ့ရသည်။

ခုလိုအဖြစ်အပျက်မျိုး ဖြစ်ပျက်သွားဖို့ဆိုတာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ရေးရေးလေးတောင် အိပ်မက်ပင် မမက်ဖူးခဲ့ပါ။

အခုတော့ ကျွန်တော် ဖန်တီးခဲ့မိပြီ။ သူတို့ချစ်သူနှစ်ယောက်ကို သေကွဲခွဲခဲ့မိပြီ။

ထို့အတွက် ကျွန်တော် ဘာ့ပဲပေးဆပ်ရ ပေးဆပ်ရ ထိုက်တန်ပါသည်။

ထို့ကြောင့်လည်း ကျွန်တော် ဆေရုံကဆင်းဆင်းချင်း သူမတို့အိမ်ကြီးဆီသို့ မရှောက်ရောက်အောင် သွားခဲ့သည်။

ကျွန်တော့်ကိုမြင်တော့ သူမ ကြီးဒေါ်တွေက အံ့သြစရာကောင်းလောက်အောင် ရင်းနှီးပွင့်လင်းစွာ ဖိတ်ခေါ်ကြိုဆိုကြသည်။

ကျွန်တော် အရှမ်းပဲ အံ့သြရလေသည်။

"လာ...သူငယ်၊ မင်း သစ္စာဆီ လာတာမဟုတ်လား၊ ထိုင်"

ဟုဆိုကာ ကြီးဒေါ်သုံးယောက်က ကျွန်တော့်ကို ရောက်တတ်ရာရာစကားတွေဖြင့် ဧည့်ခံကြသည်။

"သူ့ကို ကျွန်တော် တောင်းပန်ဖို့လာတာပါ ခင်ဗျာ"

ဟု ကျွန်တော် အစချီကာ ရှင်းပြခဲ့တိုင်းလည်း သူမ ကြီးဒေါ်တွေက အငြိုးအတေးထားဟန်မတူဘဲ ...

"ဖြစ်ပြီးခဲ့တာတွေလဲ ပြီးပါပြီကွယ်၊ ဘယ်လိုမှ ပြန်ပြုပြင်လို့ မရတော့ဘဲ၊ တူမကြီးလဲ အဲ့ဒီညက ဖွတ်လုပ်ခဲ့လို့ ခုလိုဖြစ်သွားခဲ့ရတာပဲကွယ်"





"သူသာ အိမ်ကထွက်မပြေးခဲ့ရင် ဒီလို ဘယ်ဖြစ်လာပါ့မလဲ၊ ငါတို့တွေကလဲ အဲ့ဒီကောင်လေးနဲ့ နည်းနည်းလေးမှ သဘောတူတာမဟုတ်တော့ ခု နောက်ပိုင်းစိတ်အေးရပြီ၊ ဒါပေမဲ့ တူမကြီးက စိတ်ကြီးတယ်၊ ခေါင်းမာတယ်ဆိုတော့ မင်းကို တော်တော်နဲ့တော့ ခွင့်လွှတ်မှာမဟုတ်ဘူး မောင်ရန်ငြိမ်း"

"ကျွန်တော့်ကို ခွင့်လွှတ်လာတဲ့ထိ ကျွန်တော် တောင်းပန်နေမှာပါခင်ဗျာ"

ကျွန်တော် သွားတွေ့တိုင်း သူမ အတွေ့မခံ။ ကျွန်တော် ဝင်လာတာမြင်လျှင် မနှစ်မြို့သည့်၊ မုန်းတီးသည့် စိမ်းကားအေးစက်သော မျက်လုံးတွေဖြင့် တစ်ချက်ကြည့်ကာ သူမ ဝီး(လ်)ချဲ(လ်)ကို သူမဘာသာ တွန်းယူကာ ထွက်သွားတတ်သည်။

(မမူကိုလည်း သူမအနားမှာ မတွေ့ရတော့ပါ)

ကျွန်တော့်ကိုမြင်တိုင်း မျက်နှာချင်းမဆိုင်တတ်သည့် သူမကို ကျွန်တော် ချောင်းမြောင်းကြည့်ဖို့ပဲ တတ်နိုင်တော့သည်။

ခြံထဲမှာ တစ်ခါတစ်ရံ သူမက ငေးငေးငိုင်ငိုင်လေး ထိုင်နေပြန်လျှင်လည်း ကျွန်တော် တိမ်းမူးရသည်။

လှလိုက်တာဟုလည်း ရင်ထဲမှာ ရေရွတ်ညည်းတွားရှိ၍ မဆုံးနိုင်။



www.burmeseclassic.com

www.burmeseclassic.com



သူမမှာ ပြုံးတာရယ်တာဟူ၍ မရှိရလောက်အောင် အမြဲ တည်တင်းမှုန်ကုဝ်နေတတ်သည်။

သူမ ဘယ်လောက်ပဲ မျက်နှာတင်းမာနေပါစေဦး၊ ကျွန်တော် ရင်ခုန်ယစ်မူးစွာ ရူးသွပ်စွဲလမ်းရလေသည်။

ချစ်တယ် သစ္စာရယ် …

မင်းကို ကိုယ်သိပ်ချစ်မိပြီ …

မင်းအချစ်ကို ကိုယ်တစ်နေ့နေ့မှာ ပိုင်ဆိုင်ခွင့်ရဖို့အတွက် ကိုယ် ဘယ်လောက်ပဲပေးဆပ်ရပါစေ ကျေနပ်စွာ ခံယူပါ့မယ်။

မင်း ကိုယ့်ကို မုန်းနေတာ ကိုယ်သိပါတယ် …

မင်းက မုန်းပေမဲ့ ကိုယ်က ချစ်နေခဲ့ပြီ …

အချစ်ဆိုတာ မင်းနဲ့ကြမှ ကိုယ်ခံစားတတ်တာပါ သစ္စာ၊ ကိုယ်ကြောင့် မင်းဘဝမှာ ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းသွားရတာပါ။

ကိုယ် သနားလိုက်တာကွာ …

မင်း အဲ့လို ကိုယ့်ကို ခွင့်မလွှတ်နိုင်လောက်အောင် မုန်းနေလို့လဲ ကိုယ် ပိုပြီးချစ်မြတ်နိုး စွဲလမ်းရတာတင်ပါရဲ့ …

သစ္စာရှင်ရယ် …

ကျွန်တော်ချစ်တယ် …

ကျွန်တော် မိန်းကလေးတစ်ယောက်ကို ချစ်တတ်ခဲ့ပြီ …

ကျွန်တော် ရူးမတတ်ကို စွဲလမ်းနေရတာပါ သစ္စာရယ် ။





"သစ္စာ"

ကျွန်တော့်ကိုမြင်တာနှင့် အံကိုကြိတ်ကာ စူးခနဲ တစ်ချက် ကြည့်ပြီး သူမထိုင်နေသည့် ဝီး(လ်)ချဲ(လ်)လေးကို တစ်ချက်လှည့် ဝဲကာ ကျောခိုင်းလိုက်သည်မှာ သိပ်ကို ပြတ်သားလှသည်။

"ခဏလေးပါ"

ဘာမှကို ဆက်ပြော၍မရတော့။

သူမ အလျင်အမြန်ပင် ဘီးကိုတွန်းကာ ထွက်သွားတော့ သည်။

"သစ္စာရယ်၊ ကိုယ့်ကို သိပ်မုန်းနေတာပဲနော်၊ ကိုယ်က တော့ အရမ်းချစ်မိနေပြီ၊ ချစ်တယ် သစ္စာ၊ ကိုယ့်ကို ချစ်ခွင့် ပြုပါ၊ ချစ်ခွင့်လေးတော့ ပေးပါကွာ" ဟု ကျွန်တော် တဖွဖွ ရေရွတ်မြည်တမ်း၍ မဆုံးနိုင်တော့။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

သူမ ကျွန်တော့်ကို ဘယ်လောက်ပဲ ဥပေက္ခာပြုပါစေဦး၊ ကျွန်တော်ကတော့ သူမရှိရာ အိမ်ကလေးဆီ တစ်နေ့တစ်ခေါက်တော့ ရောက်သွားဖြစ်သည်။

ယခုဆို ကျွန်တော့်ကို သူ့ကြီးဒေါ်ကြီးတွေက "တူလေး" ဟု ခင်မင်ရင်းနှီးစွာ ခေါ်လာကြသည်ထိ ကျွန်တော့်အပေါ် ကြည်လင်ရွှင်ပျနေတတ်ကြသည်။

ဒါ အင်မတန်ထူးဆန်းသော ဆက်သွယ်မှုတစ်ခု ဖြစ်ပါလိမ့်မည်။ ကျွန်တော့်အပေါ် နှစ်လိုမှုရှိကြတာကိုပဲ ကျွန်တော့်ရင်ထဲ ပြောမပြတတ်အောင် ကျေးဇူးတင်မိလေသည်။

သူမကတော့ ကျွန်တော့်အပေါ် မာကျောအေးစက်မြဲ။





ကျွန်တော့်ကြောင့် သူမနှလုံးသားတွေ ကြေမွပျက်စီးကာ သေဆုံးခဲ့ရပြီကိုး။

ကျွန်တော်ကတော့ သူမအပေါ် သနားမဆုံးနိုင်၊ ချစ်မြတ်နိုးမဆုံးနိုင်အောင် သူမဆီ ပုံမှန်ရောက်လာတတ်သည့် အချိန်မှန်ညှိသည်ယောက် ဖြစ်ခဲ့ပြီ။

သူမ ကျွန်တော့်အပေါ် ဘယ်လောက်နာကြည်းနေ၊ မုန်းနေသလဲဆိုရင် ကျွန်တော်ကြိုတင်တွက်ဆထားသည့်အတိုင်း တစ်နေ့မှာ ကျွန်တော့်ကို ဖြုန်းဆို ရင်ဆိုင်ပစ်ကာ ...

"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ဘာဖြစ်လို့ ခဏခဏလာနေရတာလဲ၊ နည်းနည်းလေးမှ ရှက်တတ်ဘူးလား၊ အန်"

ကြိုတင်မျှော်လင့်ထားပြီးသားမို့ သိပ်တော့မဆန်းလှပါ။ အံ့ဩလှပါ။

"ကျွန်တော် သစ္စာကို နေ့တိုင်းတွေ့ချင်လောက်အောင် လမ်းခဲ့လို့ပါ သစ္စာ"

"ဘာပြောတယ် ..."

မထူးတော့၊ ကျွန်တော် မမျိုသိပ်နိုင်တော့။ ကျွန်တော်ဟာ မိန်းကလေးတစ်ယောက်အပေါ် သက်ဆုံးတိုင် မြတ်နိုးသွားနိုင်သည့် ယောကျ်ားတစ်ယောက်ဆိုတာ ကျွန်တော် ဝန်ခံရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ကြိုက်သလိုသာ အပြစ်ထပ်တင်ပေးပါ သစ္စာ ...

"ကျွန်တော် သစ္စာကို ချစ်တယ်၊ အရမ်းမြတ်နိုးတယ်၊ ကျွန်တော့်အချစ်မှာ ရိုးသားမှုတွေပါတယ်၊ သစ္စာရှိမှုတွေပါတယ်၊ မြတ်နိုးမှုတွေပါတယ်၊ အဲ့ဒါကို ကျွန်တော် သစ္စာဆိုဝံ့ပါတယ် သစ္စာ"

"ရှင့်မှာ အဲလိုပြောဖို့ အခွင့်အရေးမရှိဘူး၊ ရှင် ထွက်သွားစမ်း၊ ရှင့်ကို ကျွန်မ သိပ်မုန်းတယ်၊ ရှင်ဟာ ကျွန်မဘဝ ကျွန်မအနာဂတ်ကို ဖျက်ဆီးပစ်ခဲ့တဲ့သူ၊ ရှင့်ကို သိပ်မုန်းတယ်၊ အဲ့ဒါ မြဲမြဲမှတ်ထား"

သူမ ကျွန်တော့်ကို မုန်းနေလိမ့်မည်ဆိုတာ ကျွန်တော် သေချာစွာ သိသည်ပဲ။

ကျွန်တော့်ဘက်က မွတ်သိပ်တောင့်တစွာ လေးလေးနက်နက် ချစ်ခဲ့ပြီမို့ သူမ ဘာပြောပြော ခံယူဖို့အသင့်။ သူမ ဘာလုပ်လုပ် ခေါင်းငုံ့ရင်ဆိုင်ဖို့ အဆင်သင့်။

"ကျွန်တော့်ကို မုန်းနေတာ ကျွန်တော်သိပါတယ် သစ္စာ၊ ကျွန်တော် ရင်ဖွင့်မိတဲ့စကားတွေအတွက် သစ္စာ ကြိုက်သလို အပြစ်ပေးနိုင်ပါတယ်"

"ရှင် သေချာလား"





"သေချာပါတယ်"

"ကျွန်မ ရှင့်ကို ခေါင်းကွဲအောင်ရိုက်ခဲ့တာတောင် ရှင် မှတ်သေးဘူးပေါ့၊ ကောင်းပြီလေ၊ ကျွန်မလဲ အမြဲလက်တုံ့ပြန်ချင်နေတဲ့သူဆိုတော့ ဝမ်းသာစရာပဲ"

"ကဲ ... ရှင် ဒူးထောက်ပါ"

"ကောင်းပါပြီ"

ကျွန်တော့်ကို သူမက အိမ်အဝင်ပေါက်ကြီးရှေ့မှာ ဒူးထောက်ခိုင်းလာသည်။ ကျွန်တော် မမှုပါ။

ကျွန်တော် ရဲရဲဝံ့ဝံ့ ဒူးထောက်ထိုင်ချလိုက်ပြီးလျှင် ...

"ကျွန်တော် နားလည်ယူဆထားတဲ့အချစ်ဟာ ရူးသွပ်ခြင်းတွေပါလိမ့်မယ် သစ္စာ၊ သစ္စာအပေါ် ကျွန်တော့်အရူး၊ ကျွန်တော့်သိက္ခာ၊ ကျွန်တော့်ဘဝထက် ပိုပြီးမြတ်နိုးကြောင်း ပြပါတယ်"

"ပါးစပ်ပိတ်ထား၊ ရှင့်လက်ကိုပါ မြှောက်ထား"

"ဟုတ်ပြီလေ"

ကျွန်တော် လက်ကိုမြှောက်ကာ ဒူးထောက်ရပြီ။ ဒါ ထူးပြီး ဆန်းကြွယ်စရာမဟုတ်ပါ။

ကျွန်တော့်ကို တမင်သက်သက်ကြီး သူမ လုပ်ခိုင်းခဲ့တာပဲ ...

ကျွန်တော်က သူမကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပြုပြီး ခင်ဗျား ဒီရှေ့ကနေ ဘယ်ကိုမှ ထွက်မသွားပါနဲ့ သစ္စာ၊ ကျွန်တော် ခုလို ဒူးထောက်လက်မြှောက်ပြီး ခင်ဗျားကို ကြည့်ခွင့်ရမယ်ဆိုရင်တောင် ကျေနပ်လှပါပြီ"

"ရှင်ဟာ တော်တော်အရှက်နည်းတဲ့သူ၊ မျက်နှာထူတဲ့သူ၊ ရှင် တစ်ချက်ကလေးမှ မယိုင်စေနဲ့၊ ကျွန်မ စောင့်ကြည့်မယ်"

"ကောင်းပြီ"

ကျွန်တော်ကလည်း ခေါင်းမာစွာ လိုက်လိုက်လှဲလှဲ ရင်ဆိုင်လိုက်ပြီမို့ အရှုံးမပေးချင်တော့။

ခုချိန်ထိ ကျွန်တော်နှင့်သူမ မျက်ဝန်းချင်းအဆုံကနေ မလွှဲဖယ်ကြ၊ သူမက ကျွန်တော့်ကို မုန်းတီးစွာကြည့်လျက် ကျွန်တော်က သူမကို မြတ်နိုးစွာကြည့်ခြင်းပင်။

သိပ်လှတဲ့ ကောင်မလေးပါ။

ကျွန်တော့်မျက်လုံးတွေကိုပဲ တည့်တည့်စူးစိုက်ကြည့်နေသည့် သူမမျက်ဝန်းတွေက အသွားထက်လှသည့် ဓားတစ်စင်းနှယ်။

ကျွန်တော့်ကို စွန့်စားရအောင် မူးမိုက်စေရမယ့် အလှမျိုးကို သူမက ပိုင်ဆိုင်ထားခဲ့ပြီ။

တကယ်တော့ ဒူးထောက်ရသည့်အရသာ၊ လက်မြှောက်ထားရသည့်အရသာက အချိန်ကြာလာတာနှင့်အမျှ ထုံကျဉ်အေး





စက်ကာ ကျိန်းမျက်လာသည်။

ကျွန်တော် အောင့်ထားလိုက်ရသည်။ ကျွန်တော် ဟန်ချက်ပျက်၍မရ၊ တောင့်ခံနိုင်ရမည်ပေါ့။

"စကားပြောလို့ရလား"

"စကားပြောပါလို့ ကျွန်မက ပြောမိလို့လား"

"ကျွန်တော် စကားပြောချင်တယ်"

"မလိုဘူး၊ ကျွန်မ ရှင့်အသံ မကြားချင်ဘူး၊ လက်သာမြှောက်ထား"

"အဲလိုဆို ပျင်းစရာကြီးပေါ့"

"ဘာ ..."

"ဟုတ်တယ်လေ၊ ကျွန်တော်က ခုလိုပုံစံနဲ့ ခင်ဗျားကို ကြည့်တယ်၊ ခင်ဗျားက စကားလဲမပြောဘူး၊ မျက်လုံးစိမ်းစိမ်းတွေနဲ့ကြည့်တယ်၊ ကျွန်တော်ပြောတာတွေကို ခင်ဗျား နားထောင်ပေးလေ၊ နော်"

"မကြားချင်ဘူး"

"ခက်ရချည်ရဲ့ဗျာ"

ကျွန်တော် သူမ စိတ်ဆင်းရဲမှာစိုးရိမ်ပြီး ဘာမှ ထပ်မပြောတော့ သူမ ကျွန်တော့်အပေါ် ဘယ်လိုပဲတုံ့ပြန်တုံ့ပြန် ကျွန်တော် ဆုတ်မနစ် ဇွတ်တိုးပင်ဖို့ ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘယ်တော့မှ ပြိုလဲမသွားစေရ၊ ကျွန်တော့်မှာ အချစ်ကပေးသည့် အင်အားတွေရှိနေပြီ။

ကျွန်တော့်အချစ်အတွက် သူမဆီမှာ ဆန်းကြယ်သည့် စိတ်ခံစားမှုတစ်ခု ရှိသွားရမည်။

ဒါဆို ကျွန်တော် ကျေနပ်ပြီ။

"ရှင် အဲဒီအတိုင်း ရပ်နေခဲ့၊ ကျွန်မပြန်လာမှ ရှင် ပြန်ခွင့် ရှိမယ်"

"ကောင်းပါပြီ"

ကျွန်တော့်ကို သူမ ကောင်းစွာပညာပြသွားခဲ့ပြီ။ ဝီး(လ်) ချဲ(လ်)ကို ပြန်တွန်းကာ ထွက်သွားသည့်သူမကို လိုက်တားဖို့ မရနိုင်မှန်း ကျွန်တော် သိသည်။

ကျွန်တော် ဟန်ချက်ပျက်ပျက်ချင်ပေမဲ့ တောင့်ခံထားခဲ့သည်။ ဒူးတွေ ယိမ်းယိုင်လာသလို လက်မြှောက်ထားရက်မှ ပြန်မချနိုင် တော့လောက်အောင် တောင့်တင်းနေသည်။

ကိစ္စမရှိ။

ကျွန်တော် ဒီထက်ပိုပြီး ဒုက္ခခံရဖို့တောင် ယုံကြည်ထား ခဲ့တာပဲ။ သူမ ပြန်ထွက်လာတဲ့အထိ အချိန်ကို စောင့်ရပေါ့။

တစ်နာရီ ...

နှစ်နာရီ ...





သုံးနာရီ ...

လေးနာရီ ...

ငါးနာရီတိတိထိုးသွားချိန်မှာ သူမကို ပြန်တွေ့လိုက်ရ သည်။ သူမက ကျွန်တော့်ကို တစ်ချက် အံ့ဩသလိုကြည့်လိုက် ရုံကလွဲပြီး အေးစက်စက်ပြောသည်။

"ကျွန်မ သွားပြန်အိပ်တော့"

"ရပါတယ်၊ ကျွန်တော်ယောက်ျားပဲဗျာ၊ ကျွန်တော် ပေးထားတဲ့ကတိ တည်စေရမှာပေါ့"

"ရှင် ပြန်လို့ရပြီ"

"ကျေးဇူးတင်ပါတယ်"

"ကြောင်လိုက်တာ"

"ကျွန်တော် မိန်းမတစ်ယောက်ကြောင့် ကြောင်သွား တာပါ"

"အဲလောက်လေးနဲ့တော့ ရှင့်ရဲ့ခေါင်းမာမှုကို အံ့ဩမယ် မထင်နဲ့ ကိုရန်ငြိမ်း"

"ကျွန်တော့်ဘက်ကလဲ တစ်စက်မှ နောင်တမရစေရဘူး လို့ ကတိပေးတယ် သစ္စာ၊ ကျွန်တော့်အပေါ် လက်တုံ့ပြန်ပြီ၊ ကြိုက်သလိုသာ စီးရင်ပါ၊ ကျွန်တော် ဘာကိုမှ မငြင်းမယ့် ကောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ကြည့်တာပေါ့"

ကျွန်တော့်ကို စိုက်ကြည့်လိုက်သည့် သူမမျက်လုံးဆီမှ အရိပ်အယောင်တချို့က တလက်လက်ဖြာလက်သွားသည်။

"ရှင်ပြန်တော့"

"ကောင်းပြီ၊ ကျွန်တော် မနက်ဖြန် ထပ်လာခဲ့မယ်"

သူမ ဘာမမပြောဘဲ တစ်ဖက်လှည့်သွားသည်။ သူမ ရင်ထဲ ခုချိန်ထိ ဆို့နစ်မွန်းကျပ်စွာ နာကျင်ကြေမွနေဆဲပင်။ ကျွန်တော့်ကို သိပ်မုန်းနေဆဲပင်။

သူမဘဝမှာ တန်ဖိုးအထားဆုံးအရာတစ်ခုကို အပြီးတိုင် လက်လွှတ်ဆုံးရှုံးပေးလိုက်တာမို့ သူမရင်ထဲ ပေါက်ကွဲမှုက အင်မတန် အင်အားကြီးမားလှချေပြီ။

သူမ ချစ်သူအပေါ် လွမ်းဆွတ်တသကြေကွဲမှုက ကျွန်တော့် အပေါ် အမုန်းတွေ၊ အငြိုးတွေဖြင့် ကျွန်တော့်နှလုံးသား နာလန် မထူနိုင်အောင် ရက်စက်စွာဆုပ်ညှစ်ခြေမွနေခြင်းပင်။

သို့သော် ကျွန်တော်ကလည်း အချစ်ကြီးသူတည်း။

* * * *





# အလယ်

www.burmeseclassic.com

www.burmeseclassic.com



# သစ္စာရှင်
# နဲ့
# ရန်ငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဘယ်လောက်ပဲချစ်နေစမ်းပါစေ
ကျွန်မနဲ့ပတ်သက်ပြီး မျှော်လင့်ချက်ဆိုတာလဲ မရှိစေရဘူး
မှန်းဆကြည့်ရှုဖို့နေနေသာ
အနာဂတ်ဆိုတာတောင် မရှိစေရဘူး
ရှင့်ကို ကျွန်မ အဲ့လောက်ထိမုန်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

တကယ်ချစ်တတ်ပြီဆိုရင် တကယ်ရူးမတတ် ခံစားရသည် ဆိုသည့် ခံစားချက်က ကျွန်တော့်အတွက်တော့ အရမ်းမှန်ကန်ခဲ့သည်။

ကျွန်တော့်ကို ခါးခါးသီးသီးမုန်းနေသည့် သူမ၏ အမုန်းဆွေအတွက် ကျွန်တော် ရင်ကွဲမတတ် အသည်းကွဲရလေသည်။

ကျွန်တော့်မှာ ရင်ဖွင့်ဖော်မရှိ။ တိုင်ပင်ဖော် တိုင်ပင်ဖက် သူငယ်ချင်း မထားပါ။ ကျွန်တော်ငယ်ငယ်ကတည်းက ဖေဖေတို့ လုပ်ကိုင်သည့် ပွဲရုံလုပ်ငန်းကို စိတ်ဝင်စားခဲ့သူမို့ ကျွန်တော် ကျောင်းစာတစ်ဖက် အလုပ်တစ်ဖက်နှင့် မိန်းကလေးသူငယ်ချင်း ဆောင် မရှိခဲ့၊ မထားခဲ့ဖူးပါ။

ဒီကြားထဲ ဖေဖေဆုံးသွားပြီးကတည်းက မေမေစိတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်စိတ်မဖြစ်ခဲ့တော့သည့် ရှုးသွပ်လုနီးနီး မေမေ့ကို ပြုစုစောင့်ရှောက်ရနှင့် ကျွန်တော့်ကမ္ဘာထဲ မိန်းကလေးတစ်ယောက်နှင့် စိတ်ကူးပင် မယဉ်ခဲ့ဖူးချေ။

ခုဆို ကျွန်တော် သူမကို အရမ်းချစ်တတ်ခဲ့ပြီ။ သူမခြေထောက်တွေ အလျင်ကလို ပြန်လျှောက်ခွင့်၊ သွားလာနိုင်ခွင့်ရခဲ့သည့် နေ့ကဆိုလျှင် ကျွန်တော် မျက်ရည်ကျမိသည်ထိ ဝမ်းသာခဲ့ရသည်။

သူမကတော့ ကျွန်တော့်ကို အရေးမလုပ်ပါ။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင်လိုက်တာနှင့် မျက်နှာကို 'တည်တင်းမှုန်ကုပ်ထားသည်။

တစ်နေ့မှာ အလျင်ကလို ခြေထောက်တွေ ပြန်ကောင်းသွားပြီမို့ ကားပြန်မောင်းနေပြီ။

သူမ နေသည့်နေရာကနေ မုံရွာဂေါက်ကွင်း လွန်လာသည်ထိ ကျွန်တော် ကပ်မောင်းလာတာ သတိထားမိပုံမပေါ်။

ဂေါက်ကွင်းကျော်ပြီး အလုံမြို့ထဲအကွေ့မှာ သူမ ကျွန်တော့်ကားကို ကောင်းစွာသတိထားမိသွားပြီး တရကြမ်း အရှိန်မြှင့်တင်ပစ်တော့သည်။

ကျွန်တော် ထိခနဲ သူမကို စိတ်ပူသွားကာ သူမနောက် အမီလိုက်မောင်းလာရသည်။





နန်းဦးဘုရားရှေ့အရောက်မှာတော့ သူမကားကို တုံ့ခနဲ ...ပြင်းပြင်း ရပ်ပစ်လိုက်ပြီးလျှင် ကားပေါ်မှ ဒေါနှင့်မောနှင့် ...င်းလာခဲ့လေသည်။

"ဘယ်လိုဖြစ်နေတာလဲ၊ ဘာလို့လိုက်လာရတာလဲ၊ ရှင် ...မကို စိတ်တိုအောင် သက်သက်ဒုက္ခပေးနေတာမဟုတ်လား"

"မဟုတ်ဘူး၊ မဟုတ်ဘူး သစ္စာ၊ ကျွန်တော် သစ္စာကို ...မချလို့ လိုက်လာတာပါ၊ သစ္စာခြေထောက်က ပြန်ကောင်း ...ဆိုတော့လေ၊ သစ္စာ ကားပြန်မောင်းတာ စိတ်ပူမိလို့ပါ"

"သေလိုက်ပါလား၊ ဒါ ရှင့်အပူလား၊ ရှင်နဲ့ကျွန်မ ဘာမှ ...ိုင်ဘူး၊ ဘာမှလဲ မဆိုင်ဘူး၊ လာပြောမနေနဲ့"

"သစ္စာ၊ ကျွန်တော် သစ္စာကို စောင့်ရှောက်ချင်တယ်၊ ...င့်ရှောက်ခွင့်ပြုပါ၊ ကျွန်တော့်အပေါ် သစ္စာ ခွင့်လွှတ်လာတဲ့ ...ထိ"

"ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

"လိုက်မလာခဲ့နဲ့"

ကားပေါ် ဝုန်းခနဲ ပြန်တက်သွားကာ ကားကို အလျင်က...ာ် အရှိန်မြှင့်ကာ သူမ မောင်းတော့သည်။

မုံရွာလေဆိပ်ကို ကျော်လာချိန်မှာ ကျွန်တော် သူမကို ...မ်းစိတ်ပူလာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



လမ်းကဖြောင့်ဖြူးစွာ ကားအသွားအလာရှင်းပေ
ဆိုင်ကယ်တွေ၊ စက်ဘီးတွေက အသွားအလာများသည်။

တစ်ချက်ကလေး သတိလွတ်၍ မဖြစ်ပါ။

သူမ မောင်းနေပုံက အရမ်းမြန်ဆန်သည်မို့ ကြောက်စ
ကောင်းလေသည်။

မထူးတော့ ...

ကျွန်တော် သူမကို တားမှဖြစ်တော့မည်။

သူမက ဘာစိတ်ကူးပေါက်သည်မသိ၊ မုံရွာမြို့ပြင်
ထွက်ကာ ဘုတလင်၊ ရေဦးဘက်ကို ဦးတည်နေခဲ့ပြီ။

ကျွန်တော် ကားကို မိုင်ကုန်နီးနီး အရှိန်မြှင့်တင်လိုက်
သူမကားကို ကျော်တက်လိုက်သည်။

ပြီးလျှင် ကားရှင်းသည့်တစ်နေရာမှာ ထိုးလိုက်ပြီး ကာ
ပေါ်မှ လူချည်းပဲ ဆင်းလာခဲ့သည်။ ပြီးလျှင် လက်နှစ်ဖက်
မြှောက်ကာ သူမကားကို တားလိုက်တော့ ...

"ကျွိ ..."

"ဟင် ..."

သူမ ကျွန်တော့်အပြုအမူကို အံ့အားသင့်၊ ဒေါသထွ
သွားပုံဖြင့် ဒေါသတကြီးပင် ကားကို ထိုးရပ်ပစ်လိုက်လေသည်

သူမ ကားပေါ်မှ ဒေါသကြီးစွာဆင်းလာချိန်မှာ ကျွန်တော





က လမ်းမပေါ် ဖြန့်ဆို ပက်လက်လှန်အိပ်ချပစ်လိုက်တော့
သည်။

"ဟင် ... ရှင် ... ဒါ ဘာလုပ်တာလဲ"

"သစ္စာကို တားတာ"

"ဘာ ..."

"သစ္စာ ရှေ့ဆက်မသွားပါနဲ့၊ မိုးချုပ်လာပြီ၊ ဟိုဘက်တွေက
ရွာတွေချည်းပဲများတယ်၊ ကျွန်တော် စိတ်ပူတယ်၊ မသွားပါနဲ့"

ကျွန်တော် လမ်းမကြီးပေါ်လှဲအိပ်ချပြီး တားမြစ်တာတောင်
သူမက ခေါင်းမာစွာ ခါးခါးသီးသီး ငြင်းဆန်လျက် ...

"အရူးပဲ၊ ရှင် အတော်ကြောင်တယ်၊ ကျွန်မ နယ်မှာ
မွေးပြီး နယ်မှာကြီးလာတာ၊ ဘယ်နေရာက ဘာရှိတယ်ဆိုတာ
အားလုံးသိတယ်၊ အရူးထမနေနဲ့၊ ရှင် အဲလိုပုံစံမျိုးနဲ့တာလဲ
ကျွန်မ သွားစရာရှိတာ သွားရမှာပဲ"

"ကောင်းပြီ၊ ကျွန်တော့်ကို တိုက်ပစ်ပြီး သွားတော့၊
ခင်ဗျား သိပ်သွားချင်ရင် သွားတော့၊ ကျွန်တော့်ကို တိုက်ပြီး
သာသွား"

"ဩော် ... ရှင်က အတော်သတ္တိရှိတဲ့လူပဲ၊ ကျွန်မသွားမဲ့
လမ်းကိုတောင် ရှင်ကအသေခံပြီး တားရဲတယ်ပေါ့"

"ချစ်လို့၊ ခင်ဗျားကို သိပ်ချစ်လို့ဗျ။ အမြဲတမ်း ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ပူနေရ၊ စိုးရိမ်နေခဲ့ရတာ၊ တစ်ခါတော့ သေဖူးချင်တယ်၊ ခင်ဗျားသတ်လို့ သေမယ်ဆိုင်ရင် ကျွန်တော် ရဲရဲကြီးသေရဲတယ် သစ္စာ၊ ဘာလို့လဲဆိုတော့ ကျွန်တော် ခင်ဗျားကို ပေးဆပ်ခွင့် ရလိုက်လို့ပဲ”

“ဘာရယ် ...”

“ကျွန်တော့်အမှားအတွက် အသက်နဲ့ ပေးဆပ်ချင်ခဲ့တာ၊ အချိန်တိုင်းလဲ ကျွန်တော့်အသက်နဲ့ဆပ်ဖို့ ကြိုးစားခဲ့ဖူးတယ်၊ ဒီနေ့တော့ သစ္စာ ကျွန်တော့်ကို တိုက်သွားပါ”

ကျွန်တော် မျက်လုံးတွေကို မှိတ်ချစ်လိုက်သည်။ ကျွန်တော့် ရင်ထဲမှာ သူမအပေါ် ချစ်မြတ်နိုးစွာ ယစ်မူးခံမင်မှုတွေပါသည်။ ကျွန်တော့်ကို အရမ်းမုန်းတီးနေသည့် သူမ တကယ်ပင် တိုက်ပစ် သွားတော့မလားဟု ရင်ထိတ်စွာ စိုးရွံ့မှုတွေလည်း ပါသည်။

“ရှင် ဘာဖြစ်နေတာလဲ၊ ရှင်ရူးနေပြီ၊ ရှင်ရူးနေပြီသိလား၊ ရှင် ကျွန်မကို အဲလို အကျပ်မကိုင်ပါနဲ့၊ အဲလို အကျပ်မကိုင် ပါနဲ့”

ကျွန်တော် ကြားလိုက်ရတာက တဖြည်းဖြည်း နောက်ဆုတ် သွားသည့် ခွာမြင့်ဖိနပ်သံ။

ကျွန်တော် မျက်လုံးတွေကို ဖျတ်ခနဲပြန်ဖွင့်လိုက်ပြီး ငုတ်တုတ်ထရပ်လိုက်ကာ ...





“ချစ်လို့ပါ သစ္စာ၊ ကျွန်တော်လုပ်သမျှ ကိစ္စတွေအားလုံး ဟာ သစ္စာကို ချစ်လို့ပဲဆိုတာ ယုံလိုက်ပါ၊ ကျွန်တော့်ဘဝ၊ ကျွန်တော့်အသက်ကိုတောင် ပေးရဲတယ်၊ စွန့်ရဲတယ် သစ္စာ၊ အဲ့လောက်ထိ ခင်ဗျားကို ကျွန်တော်ချစ်တယ်”

သူမ ကြက်သေသေသွားသလို ကြောင်အမ်းစွာရှိပြီးမှ တစ်ချက်ပြန်သတိဝင်လာသည့်သူလို ...

“ရှင် မှတ်ထားဖို့က ကျွန်မနဲ့ပတ်သက်လာရင် ရှင် ဘယ်လောက်ပဲ ချစ်နေစမ်းပါစေ၊ မျှော်လင့်ချက်ဆိုတာလဲ မရှိ စေရဘူး၊ မုန်းဆကြည်နူးဖို့နေနေသာ၊ အနာဂတ်ဆိုတာတောင် မရှိစေရဘူး၊ ရှင့်ကို ကျွန်မ အဲ့လောက်ထိမုန်းတယ် သိလား”

ပြောပြီး သူမ ကားပေါ်တက်ကာ မှုံရွာမြို့ထဲ ပြန်လှည့် သွားခဲ့တော့သည်။ ကျွန်တော့်အသက်နှင့် တားမြစ်ခဲ့ရတာကို သူမ လိုက်လျော့သွားသည့်အတွက် ကျွန်တော် ကျေနပ်ရလေ သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

သူမက ခြံစောင့်အဘိုးကြီးကို ဘာတွေမှာကြားထားသလဲ မသိ။ ကျွန်မတော့်ကိုမြင်တာနှင့် ခြံစောင့်ကြီးက အလျင်ကလို အလွယ်တကူ မဖွင့်ပေးတော့ဘဲ ကတ်သီးကတ်သတ် စကား တွေဖြင့် ရစ်လာတတ်သည်။

နေပါစေ ...

ကျွန်တော့်ကို တံခါးမဖွင့်ပေးလည်း ခြံတံခါးတစ်ဖက် တစ်ချက်ကနေ သူမ အရိပ်ကလေးကို ခိုးကြည့်ခွင့်ရတာကိုပဲ ကျွန်တော် ကျေနပ်ရပြီ ...

ခြံတံခါးသံတိုင်တွေကြားကနေ ခိုးကြည့်ရသည့် ကျွန်တော့် အဖြစ်က သူခိုးတစ်ယောက်လို ...





ဘာအတွက် ရာယ်မဲ့ရှိရှိ ကျွန်တော်မမှုပါ၊ ကျွန်တော် မကြောက် ပါ။ ကျွန်တော့်မှာ သူမနှင့် ပတ်သက်လာလျှင် ရှက်ခြင်း၊ ကြောက်ခြင်းဆိုတာ မရှိတော့လောက်အောင် သူမထံမှာပဲ စိတ်တွေ စိုဝင်ခဲ့သည်။

အတူနေချင်ပြီ မိန်းကလေးရယ် ...

ကိုယ်ချစ်တဲ့မိန်းကလေးနဲ့ နှစ်ယောက်အတူနေရတဲ့ဘဝ လေးက သိပ်ကို စုံမက်နှစ်လိုဖွယ်ကောင်းမှာ ...

ကိုယ် မင်းနဲ့ကြမှ မိသားစုဘဝလေးကို တောင့်တတတ်လာ ခဲ့တာပါ။

တစ်နေ့တော့ ကိုယ့်ကို အဲ့ဒီအခွင့်အရေးလေး ပေးပါ သစ္စာရယ် ...

ကိုယ်ယုံတယ် ...

တစ်နေ့ မင်း ကိုယ့်အချစ်ကို နားလည်ယုံကြည်လာလိမ့် မယ်၊ အံ့ဩစွာ လက်ခံသွားရလိမ့်မယ် ...

ကိုယ့်ကို စိတ်ဆင်းရဲအောင် အမြဲ မာခဲအေးစက်နေတဲ့ မင်းနှလုံးသားတွေ ပျော့ပျောင်းသိမ်မွေ့သွားရအောင် ပြောင်းလဲ ပစ်နိုင်မှာက ကိုယ့်အချစ်တစ်ခုတည်းပဲ ဖြစ်နိုင်လိမ့်မယ်။

ကျွန်တော် သူမ ဘယ်သွားသွား ဆိုင်ကယ်နှင့်ဖြစ်ဖြစ် ကားနှင့်ဖြစ်ဖြစ် တကောက်ကောက်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ ကျွန်တော် ဂမ္ဘာပျက်ပဲ့ပြီ ဖြစ်သည် ကျွန်တော့်စိတ်ကုန်ရအောင် စိတ်ပျက်စွာ လက်လျှော့သွား အောင် သွေးတိုးစမ်းတာလားတော့ မသိ။ သူမ ကောက်က ငင်ကာဖြင့် သူမနှင့် မတိမ်းမယိမ်းရှိသည့် ကောင်လေးတစ်ယော ကို အလုပ်ခန့်ပစ်လိုက်ခြင်းဖြစ်သည်။

သူမ သွားလေရာထိုကောင်လေးက တပူးတွဲတွဲပါလ တတ်သည့်အခါ ကျွန်တော် သူမကို ပျက်လွင်းဖြူရော်နေမ မျက်နှာဖြင့် ရင်ဆိုင်ခဲ့ရသည်။

ကြွေရုပ်လေးတမျှ လှပကြော့ရှင်းစွာ ကိုယ်ဟန်လေးချိ သိမ်နွဲ့စွာ လမ်းလျှောက်တတ်သည့် သူမဘေးမှာ ထိုကောင်လေ ကို တွေ့နေရတိုင်း ကျွန်တော် မမှိတ်မသုန် လိုက်ငေးကြည့် သည်မှာ အသက်ရှူလား မရှူဘူးလားဆိုတာ သေချာပင် မ နိုင်တော့။

ကျွန်တော့်အပေါ် သူမ ဘယ်လောက်ထိ မညှာလိုက်သ ဆိုရင် ကျွန်တော် ထိခိုက်နာကျင်နေတာကိုသိလျက်နှင့် ထိုကော လေးနှင့် မိတ်ဆက်ပေးဖို့ ပြင်လေသည်။

"ဒီမှာ ... ရှင် ရှေ့လျှောက် လိုက်နှောင့်ယှက်ဖို့ စိတ်မ ပါနဲ့၊ ကျွန်မ သူ့ကို ကျွန်မကို အကာအကွယ်ပေးဖို့ ငှားထားပြီ ဘော်ဒီဂတ်ဆိုပါတော့၊ နာမည်ကတော့ အငယ်တဲ့၊ ရှေ့လျှော





ရှင် ကျွန်မကို အမျိုးမျိုးဒုက္ခလိုက်ပေးနေဦးမယ်ဆိုရင်တော့ သူ ရှင့်ကို ပညာတွေထုတ်သုံးပြလိမ့်မယ် ...

"အငယ်က ကရာတေး၊ ဂျူဒိုအောင်ထားပြီးသား၊ လက်ဝှေ့ လဲရတယ်၊ ရဲစွမ်းသတ္တိနဲ့ပြည့်စုံပြီး ကျွန်မတို့နဲ့လဲ ဆွေမျိုးနီးစပ် တော်လို့ ကျွန်မ ငှားလိုက်တာ၊ ရှင် နောက်ဆုတ်လိုက်ရင် အချိန်မီပါတယ်"

"ဒါပေမဲ့ ကျွန်တော် တစ်ခုတော့ ပြောစရာရှိတယ်၊ ကျွန်တော့်ဘက်ကလဲ သစ္စာက ပြောခွင့်ပေးပါဦး၊ သစ္စာ ဘယ် လောက်ပဲ အတားအဆီးတွေနဲ့ ကာရံထား ကာရံထား ကျွန်တော် ကတော့ သစ္စာရင်ထဲရောက်အောင် ထိုးဖောက်ပြမယ်"

"အဲ့ဒါ သစ္စာ မြဲမြဲယုံထားပါ"

"ဘယ်တော့မှလဲ နောက်မဆုတ်ဘူး၊ ကျွန်တော် ဘာကို မှလဲမမှုဘူး၊ ကျွန်တော့်ရင်ဘတ်ထဲက နှလုံးတွေခုန်နေသရွေ့၊ ဟော့ဒီရင်ဘတ်ထဲက အချစ်တွေနဲ့ ကျွန်တော် သစ္စာရင်ဘတ်ထဲ ရောက်အောင် အမြဲပေးဆပ်နေမယ်"

"ရှင် ရူးနေတာပဲ၊ ရှင် အဲ့လို ရူးနေမှန်းသိလို့ကို ကျွန်မ အငယ့်ကို ငှားလိုက်တာ၊ ကျွန်မကလဲ ပြတ်ပြတ်သားသား ထပ်ပြောလိုက်မယ်၊ ဘယ်တော့မှ ရှင့်ကို မကျေအေးပေးဘူး"

"လာ ... အငယ်၊ သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဂုတ်ကဲ့ မ"

"မ"ဟု ခေါ်လိုက်သည့်အသုံးအနှုန်းက ကျွန်တော့်ရင်ထဲမှာ နှမြောတသမှုတွေ မနာလိုဝန်တိုမှုတွေနှင့် လောင်မြိုက်ဆူပွက်ကျန်ခဲ့ရသည်။

အငယ် ဆိုသည့်ကောင်လေးက ရုပ်ချောလွန်းကာ မိန်းကလေးတစ်ယောက် စွဲမက်စေရန် ညှို့ဓာတ်တွေ ရှိသည်။

ပြီးတော့ ခေတ်ပညာတတ်တစ်ယောက်။ သူမတို့နှင့်လည်း ဆွေမျိုးနီးစပ်တော်စပ်သူမို့ အကြောင်းသိ အစင်းသိ။

ကြာရင် ထိုကောင်လေးက သူမကို ချစ်သွားနိုင်တာ သေချာသည်။ သူမကရော ...

ကျွန်တော် ဆက်မတွေးဝံ့လောက်အောင် ရင်ထဲမှာ နင့်သီးစွာ အက်ကွဲနေရသည်။

အငယ်ဆိုသည့်ကောင်လေးကို ကျွန်တော်က ရန်သူအဖြစ် သတ်မှတ်ရမှာလား၊ (ဒါမှမဟုတ်) ပြိုင်ဘက်အဖြစ် သတ်မှတ်ရမှာလား။ ကျွန်တော့်မှာ မခံချိမခံသာဖြင့် နေလို့ထိုင်လို့ပင် မရခဲ့တော့။

* * *





## အခန်း (၃)

ကျွန်တော်ချစ်သော မိန်းကလေးတစ်ယောက်က ခေတ် ...တ်ဆိုသော ယောကျာ်းလေးတစ်ယောက်နှင့် တပူးတွဲတွဲ ...ားလာပတ်သက်နေကြတာကို ကျွန်တော် ဘယ်လို ခံနိုင်ရည် ...နှင့် သည်းခံရင်ဆိုင်ရမှန်းပင် မသိတော့။

ကျွန်တော် အကြီးအကျယ် စိတ်ဆင်းရဲရလေသည်။ ...က်ရှိုင်းဆုံး နာကျင်မှုဖြင့် နင့်နေအောင် နာကျင်ရလေသည်။

ခက်တာက သဝန်တိုခြင်းကင်းသောမျက်နှာဖြင့် ကျွန်တော် ...င်မဆိုင်နိုင်။ မရိုးသားလျက်နှင့် ရိုးသားချင်ယောင်လည်း ...ဆောင်တတ်။

ကျွန်တော်က သူမအတွက်ဆို ဘဝကိုပင် အရှုံးခံ၊ အသက် ...ိုပင် အဆုံးခံရဲသည်။ ကျွန်တော့်မှာ သူမနှင့် ကမ္ဘာတစ်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို တည်ဆောက်ဖို့ပင် စိတ်ကူးနှင့်ရှုံးခဲ့သူ ...

ဒါကို သူမ သိလျှက်နှင့် ကျွန်တော့်စိတ်ကူးဆန္ဒတွေ ဖျက်ဆီးပစ်ဖို့ ကြံစည်သည်။ အင်မတန် ရက်စက်လွန်းလေသည်

သို့သော် ကျွန်တော်က ခေါင်းမာသူပီပီ ဘယ်တော့ နောက်မဆုတ်ပါ။ သူမ ကျွန်တော်ကို ပြန်ချစ်လာသည့်နေ့ ကျွန်တော် မှုံကြီးစွာစောင့်မည်။ သေချာတာ တစ်နေ့နေ့ ကျွန်တော့်မေတ္တာ၊ ကျွန်တော့်သစ္စာကို နားလည်လာလိမ့်မည်ပ

ခုချိန်မှာတော့ သူမက ကျွန်တော့်ကို သူမနားမကပ်နိ အောင် မကပ်ဝံ့အောင် ရန်မူထားသည့် ထီမထင်သောမျက်နှာဖြ အမြဲစိမ်းကာစွာ ကြည့်တတ်လေသည်။

ကျွန်တော်ကလည်း နည်းနည်းမှ မမှုပါ။ တစ်နေ့ သူမက ထိုကောင်လေးနှင့် မန္တလေးဘက်တက်လာကာ ရတန ဈေးထဲ ဈေးဝယ်ထွက်ကြသည်။

ကောင်လေးက သူမနား လိုတာထက်ပိုကပ်ကာ အဖြ တွေသီးနေသည့်မျက်နှာဖြင့် သူမ ဝယ်သမျှအထုပ်အပိုးတွေ တစ်ပွေ့တစ်ပိုက် ကိုင်ပေးသည်။

ကျွန်တော်ကလည် မျက်နှာပြောင်ပြောင်နှင့် (မျက် ထူစွာ) တစ်ချက်ကလေးမှ မျက်ခြည်ပြတ်မခံဘဲ လိုက်လာ ဖြစ်သည်။





သူမက တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နှင့် အလုပ်ရှုပ်နေကာ ယ်လို့မဆုံးပေ။ သူမဘော်ဒီဂတ်ကလည်း မော်လို့ ပေါ်လို့ ဆုံးစွာ တစ်ပွေ့တစ်ပိုက်နှင့် ...

ကျွန်တော် အရမ်းစိတ်တိုပါသည်။ ဘယ်လောက်ထိလဲ ဆိုရင် ကျွန်တော် ထိုကောင့်မျက်နှာကို ပြေးထိုးပစ်ချင်လောက် အောင် စိတ်တိုရလေသည်။

သူမက ကျွန်တော် တောက်လျှောက်လိုက်လာမှန်းသိလျှက် ကြီးနှင့် မျက်နှာကိုချီထားကာ တစ်စက်ကလေးမှ သနားဟန်၊ ည်သာဟန်၊ ထောက်ထားစာနာဟန် မရှိပါ။

တစ်ချက်တစ်ချက် ကောင်လေးက သူမမျက်နှာနား တိုး ပ်ကာ ဘာပြောလိုက်သည်မသိ။

သူမက ကျွန်တော့်ဆီ တစ်ချက်မျက်လုံးလေးစွေ့ရုံသာ လှောင်သလို မဲ့သည်။

ကျွန်တော် ကြောင်တယ်ပေါ့ ...

ကျွန်တော် ဖွန်ကြောင်ပေါ့ ...

ကျွန်တော် ငပေါကြီးပေါ့ ...

ထင်ပါစေတော့ ...

သူမဆီက အမုန်းတွေကို ရနေလျှက်နှင့်ပင် ကျွန်တော်က ချစ်နေရသူမို့ ကျွန်တော့်အချစ်၊ ကျွန်တော့်သစ္စာတွေကို သူမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်မှာ နားလည်သွားဖို့ပဲ လိုအပ်လှသေးသည်။

ကျွန်တော့်စိတ်ထဲ သေချာစွာသိမြင်နေသည့် ခံစားချက်က သူမအပေါ်ထားသည့် မေတ္တာတွေပင် အလွန်ထူးခြား ဆန်းကြယ် လှပါသည်။

ကျွန်တော့်ရဲ့ သည်းခံနိုင်စွမ်းကို သူမ စမ်းသပ်နေတာပဲ ဖြစ်လိမ့်မည်။ ကျွန်တော် လိုက်လာတာ သိသိကြီးနှင့် မကျေလ သော တည်တင်းစူပုတ်နေသည့် မျက်နှာထားမျိုးနှင့် ခပ်တင်းတင်း လှမ်းကြည့်တတ်သည်။

ဒါတောင် ကျွန်တော် ရင်ခုန်လေသည်။

သူမနှင့် အငယ်ဆိုသည့်ကောင်လေး ရတနာပုံဈေးထဲက ထွက်လာကြပြီး ကားထဲဝင်ထိုင်ကြသည်ထိ ကျွန်တော်က လိုက်နေဆဲ ...

သူမ ကားပြတင်းပေါက်နားက ကပ်လိုက်ပြီး ဆိုင်ကယ် ကို ကျွေ့ကာဝိုက်ကာနှင့် တောက်လျှောက်လိုက်မောင်းလာသော ကို သူမ ပိုပြီးစိတ်ဆိုးနေပုံ။

သူမ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်မှာ မီးဝင် ဝင်းတောက် မျက်လုံးတွေနှင့်၊ ပြီးတော့ အငယ့်ကို ဘာပြော လိုက်သည်မသိ။





အငယ်က ကားကို အရမ်းအရှိန်မြှင့်မောင်းတော့သည်။ ကျွန်တော် မမှုပါ။ သူမ မျက်နှာလေးကို မြင်နေရသည့် ကားပြ တင်းပေါက်ဘေးကနေသာ ကျွန်တော် အရှိန်ပြင်းပြင်း လိုက်မောင်း လာခဲ့သည်။

ကျွန်တော် သူမကို မျက်စပစ်ပြတာမျိုး၊ ပြောင်ချော်ချော် လုပ်တာမျိုး လုံးဝမပြုမူပါ။ (ဒါ သူမကို စလား၊ နောက်လား၊ ပြောင်လား သဘောမျိုးသက်ရောက်သည်) ကျွန်တော့်မှာ အဲလို အပြုအမူမျိုး မရှိပါ။

သူမ မြင်သာအောင်၊ သူမ သိအောင် တောက်လျှောက် လိုက်လာရုံမျိုးပါ။

မန္တလေးကနေ စစ်ကိုင်းကိုဖြတ်ပြီး မုံရွာထဲ သူမတို့ ပြန်ဝင်တော့လည်း ကျွန်တော်က ပါမြဲ။

နောက်ဆုံး သူမ ခြံစောင့်ကြီးက ခြံတံခါးကို ပိတ်လိုက် သည့်တိုင် ကျွန်တော် မသွားပါ။

ခြံထိပ်မှာ ဆိုင်ကယ်ကြီး ကန့်လန့်ဖြတ်ထိုးကာ ဆိုင်ကယ် ပေါ်ထိုင်ရင်း ကျွန်တော် သူမတိုက်ကြီးဘက်ကိုသာ ထိုင်ကြည့် နေခဲ့သည်။

တကယ့်ကို မလှုပ်မရှား ငြိမ်ငြိမ်သက်သက်လေးပင်၊ သူမ သဏ္ဍာန်လေးကို ထပ်တွေ့ရနိုးနှင့် ထိုင်စောင့်ရင်း ဓါးကရက်



www.burmeseclassic.com

www.burmeseclassic.com



တွေသာ တစ်လိပ်ပြီးတစ်လိပ် ကတ္တရာလမ်းမကြီးပေါ် ပြန့်ကျဲသွားခဲ့သည်။

သူမပုံရိပ်ကို လုံးဝမတွေ့ရတော့ ...

ကျွန်တော် ထပ်တွေ့ချင်ပါသည်။ အဝေးကနေ တစ်ချက်ကလေး ကြည့်ခွင့်၊ မြင်ခွင့်ရရုံလေးအတွက် အချိန်တွေ ဘယ်လောက်ကုန်ဆုံးပါစေ ကျွန်တော် စောင့်မည်ဖြစ်သည်။

* * *



## အခန်း (၄)

ကျွန်မ မန္တလေးကနေ ပြန်လာပြီးကတည်းက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့သည်။ ကျွန်မ တစ်ရေးပြန်နိုးလာတော့ အပြင်မှာ မိုးတွေသည်းကြီးမည်းကြီး ရွာနေသံကို ကြားလိုက်ရသည်။

"ဟင် ..."

ခန့်နေအောင် ကျွန်မ အံ့သြရလေပြီ။ မုံရွာဆိုတာ ကတယ့်တို မိုးနည်းသော မိုးရွာခဲသည့် အပူပိုင်းဒေသမျိုး။ ဒီညမှ ရာသီဥတုအပြောင်းအလဲကြောင့် မိုးက သဲသဲမဲမဲရွာနေလျှက်ရှိသည်။

ကျွန်မ ခေါင်းရင်းဘက်က ပြူတင်းပေါက်တံခါးတစ်ချပ် ဂျိမ်းခနဲပွင့်သွားသည်ထိ လေရောမိုးပါ ကြီးခဲ့သည်။

ကျွန်မ ပြူတင်းပေါက်တံခါးကို ပြန်ပိတ်ဖို့အထမှာ ကျွန်မ မျက်လုံးတွေက ခြံထိပ်ဆီ ရောက်သွားခဲ့ကာ ကြက်သေသေ



www.burmeseclassic.com

www.burmeseclassic.com



ထောက်အောင် အံ့ဩသွားရတော့သည်။

ကြည့်စမ်း ...

သူပါလား ...

သူ ခုထိ မပြန်သေးဘူးဘဲ ...

ကျွန်မ မန္တလေးတက်ပြီး ဈေးဝယ်ကတည်းက သူလိုက်လာတာ ကျွန်မအသိ။ ကျွန်မပြန်တော့လဲ သူလိုက်လာတာ ကျွန်မအမြင်။

ကျွန်မ အိမ်ထဲဝင်သွားချိန်ထိ သူ ခြံထိပ်မှာ ကျန်ခဲ့တာလည်း သိသည်။ သို့သော် ပြန်သွားလိမ့်မည်ဟုပဲ ထင်ခဲ့သည်။

ခုတော့ ... အဲလိုမဟုတ် ...

သူက ဖွဲကြီးစွာ ကျွန်မကို စောင့်နေတုန်း ...

တစ်ကိုယ်လုံး ကြွက်စုတ်တစ်ကောင်လို ခိုက်ခိုက်တုန်အောင် တုန်ယင်နေတာမို့ သူက လက်နှစ်ဖက်ကို ခပ်တင်းတင်း ပိုက်ထားသည်။

ဘာဖြစ်လို့လဲ ...

သူ ဘာဖြစ်လို့ အဲလောက် အပင်ပန်း အဆင်းရဲခံရတာလဲ ...

အဝေးက လှမ်းကြည့်ရုံနှင့်ပင် သူ့တစ်ကိုယ်လုံး တဆက်ဆက် တုန်ယင်နေတာကို ကျွန်မ တွေ့နေရသည်။





သူ့ဇွဲက ကြောက်ခမန်းလိလိ ...

သူ ကျွန်မကိုတွေ့ဖို့ အကြိမ်ကြိမ်ကြိုးစားသည်။ စကားပြောခွင့်ရဖို့လည်း ဖွဲကြီးစွာ စောင့်စားသည်။

ကျွန်မဘက်က အငြိုးအမျက် အမုန်းတွေ ကျေအေးပြေပျောက်သွားစေဖို့ သူ အရမ်းကြိုးစား ဒုက္ခခံနေတာ ကျွန်မ သိသည်။

သို့သော် ...

ကျွန်မ ခွင့်မလွှတ်ချင်သေးပါ။

ခုချိန်မှာ ကျွန်မ အလိုအပ်ဆုံးက သေဆုံးသွားရရှာတဲ့ မောင့်သူ ပြန်လည်နိုးထလာဖို့ပင် ...

ကျွန်မ ရှူးချင်လည်း ရှူးစမ်းပါစေ ...

ကျွန်မ မောင့်ကို မေ့မရနိုင်သေး ...

မောင် သေဆုံးသွားတာကို ဖြေသိမ့်၍ မရနိုင်သေး ...

ကျွန်မနှင့်မောင် ဘယ်တော့မှ ပြန်မဆုံတွေ့နိုင်ကြရအောင် သက်ကွဲကွဲကြရတာ ဖန်တီးသူက သူဟု ကျွန်မ စိတ်ထဲစွဲနစ်နေတာမို့လည်း ကျွန်မ သူ့ကို မုန်းခဲ့သည်။

ဒါကြောင့်မို့လည်း ကျွန်မ သူ့ကို ကိုယ်ထိလက်ရောက် နိုက်နှက်မိသည်ထိ လက်တုံ့ပြန်မှုးသည်။

www.burmeseclassic.com



သူက နာကျင်ပုံမရ။ အတေးအမှတ်ထားဟန်လည်း မတူ။ ကျွန်မဆီက ခွင့်လွှတ်မှုကို အမြဲမျှော်လင့်ကြိုးစားနေမည့်ပုံရလေသည်။

ခုလို သူ အမိပ္ပာယ်မဲ့ မိုးရေကြီးထဲ အစိုခံနေတာတော့ ကျွန်မ မကြိုက်ပါ။

အလကား ငကြောင် ...

ဟုသာ ကျွန်မပါးစပ်က ဆဲရေးလိုက်မိပေမဲ့ ကျွန်မ စိတ်က ထင်သလောက် မတင်းနိုင်ခဲ့။

အို ... ကျွန်မ ဘာဖြစ်ရတာလဲ ...

ကျွန်မ စိတ်အာရုံတွေကို နောက်ကနေ တစ်စုံတစ်ယောက်က ဆွဲညှို့ထားသလို ခံစားသိမြင်လိုက်ရသည်။

ကျွန်မ ချာခနဲကျောမခိုင်းနိုင်သေး ...

ကျွန်မခြေလှမ်းတွေက တရွေ့ရွေ့နှင့် အခန်းအပြင်ဘက် ရောက်လာသည်။ ကြီးခေါ်တွေနေသည့် အခန်းတံခါးတွေကို အသံမမြည်အောင် အသာတွန်းဖွင့်ပြီး ချောင်းလိုက်တော့ အားလုံးက နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်ပျော်နေတာ တွေ့ရသည်။

ထိုအခါ ကျွန်မ အသာခြေဖျားထောက်နင်းခဲ့ပြီး ခေါက်ထီး ရှည်ကြီးတစ်လက် ဆွဲယူမိသည်။





ပြီးလျှင် ခြံစောင့်ကြီးကို **Inter Call Phone** ဖြင့် ခေါ်လိုက်ကာ ...

"ဦးလေး၊ ဒီထီးကို ဟိုခြံထိပ်မှာထိုင်နေတဲ့သူကို ပေးလိုက်ပါ၊ ကြာရင် မိုမိပြီး သေနေဦးမယ်"

"ဟုတ် ... ဟုတ်ကဲ့ တူမကြီး၊ ဦးလေး ပေးလိုက်ပါ့မယ်၊ ဒီသူငယ် ဇွဲကြီးတယ်ကွယ်၊ မိုးကလဲ ရွာနေတာကြာပြီ၊ နှစ်နာရီလောက်ရှိပြီ၊ ဦးလေးပြန်ခိုင်းလဲ မပြန်ဘူး၊ အင်း ... လူငယ်တွေ ... လူငယ်တွေ အတော်ဇွဲကြီးကြတာကိုး"

ခြံစောင့်ကြီးပြောပုံအရဆိုလျှင် သူက အင်မတန် သနားစရာပင်။ ကျွန်မရင်ထဲ လှစ်ခနဲဝင်လာသည့် သနားစိတ်ကို အမြန်ဖျောက်ဖျက်ပစ်လိုက်ရသည်။

ကျွန်မ အခန်းထဲပြန်ဝင်ပြီး ခုတင်ပေါ်ထိုင်အချမှာ အပြင်ဘက်ကနေ ကြမ်းရှသည့် ခြေသံနှင့်အတူ ကျွန်မအခန်း တံခါး လာခေါက်သံကို ကြားလိုက်ရသည်။

"တူမကြီး ... တူမကြီးရေ ... ဦးလေးပါ"

"တံခါးခဏဖွင့်ပါဦး"

"ဟင် ... ဘာဖြစ်လို့လဲ"

ကျွန်မ အခန်းတံခါးကို မောကြီးပန်းကြီး လာခေါက် သံကြောက် ကျွန်မ ရုတ်တရက်တော့ ထိတ်ခနဲဖြစ်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



တံခါးဝနား အပြေးဖွင့်လိုက်မိသည်။

"အို ..."

ဦးလေးကြီးက ပခုံးပေါ်မှာ သူ့ကိုထမ်းလာလျက် သူက ခေါင်းငိုက်စိုက်ကြကာ သတိလစ်နေပြီး သူ့ကိုယ်ပေါ်မှ မိုးရေစက်တွေက မြင်မကောင်းအောင် ရွှံနှစ်ကာ ကတ္တီပါခင်းတွေပေါ် တစ်စက်စက် ယိုဖိတ်စီးကျနေသည်။

"သူ ... သူ ... ဘာဖြစ်တာလဲ"

ကျွန်မ လက်ညှိုးထိုးကာ မေးလိုက်သည်ထိ ထိတ်လန့်မှုကြောင့် တုန်ယင်သွားခဲ့ပြီ ...

"ဦးလေး ခေါက်ထီးပေးဖို့ ခြံထိပ်ရောက်တော့ သူက မယူဘူးလို့ပြောပြီး သတိလစ်သွားခဲ့တာပဲ၊ အဲ့ဒါနဲ့ ဦးလေးလဲ မိုးရေထဲကနေ သူ့ကို တူမကြီးဆီ ထမ်းခေါ်လာခဲ့တာ"

"ဘုရား ... ဘုရား"

"ဒီအတိုင်းပစ်ထားရင်တော့ ဒီသူငယ် သေသွားလိမ့်မယ် တူမကြီး"

"ရှင် ..."

"ခဏတော့ ဒီမှာထားလိုက်ကြတာပေါ့၊ နို့မို့ဆို မိုးရေကြီးထဲ ပစ်ထားရင်တော့ လူသားမဆန်ရာ ကြပါတယ်ကွယ်၊ နော့"





"အင်း ... အင်း၊ ဟုတ်တာပေါ့"

ကျွန်မ ခေါင်းညိတ်ပြလိုက်သည်နှင့် ခြံစောင့်ကြီးက သူ့ကို ကျွန်မခုတင်ပေါ် အသာအယာချကာ အဝတ်အစားစိုတွေကိုလဲပေးဖို့ လုပ်တော့သည်။

"လောလောဆယ် ဒီအစိုတွေချွတ်ပြီး နွေးနွေးထွေးထွေး ဝတ်မှဖြစ်မယ်၊ ဦးလေး အင်္ကျီနဲ့ပုဆိုး တစ်ခါတည်းဆွဲယူလာတယ်"

"ကောင်းပါတယ်"

ဦးလေးက သူ့ကို အဝတ်အစားတွေလဲပေးနေစိုက်မှာ ကျွန်မ ဘာဖြစ်မှန်းမသိအောင် တုန်ယင်နေသည်။

"ကြည့်စမ်း ... ဒီသူငယ် ကိုယ်တွေခြစ်ခြစ်တောက်ပူနေတာတိုး၊ အပူကြီးပြီး သတိလစ်သွားတာဖြစ်မယ်၊ မိုးဒဏ် တယ်လောက်ခံလိုက်လဲ မသိပါဘူး"

ဦးလေးက နှုတ်မှ ကရုဏာသံဖြင့် ရေရွတ်မြည်တည်းပြီး သူ့ကို နွေးနွေးထွေးထွေးဖြစ်အောင် ပြုစုပေးသည်။

"ဆရာဝန်ခေါ်မှနော်၊ ဦးလေးသွားပင့်လိုက်ဦးမယ်"

"အင်း"

ကျွန်မ သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီးမှ အသက်ရှင်မှန်နိုင်ရှူဖို့ကို မနည်းကြိုးစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ သတိရပါစေတော့ ...

အကြာကြီး သတိမလစ်ပါနေနဲ့ ...

အမြန် သတိရပါစေတော့ ...

ကျွန်မ မျက်စိကိုစုံမှိတ်ကာ တစ်ချက် ဘုရားကို အာရုံပြုပြီးဆုတောင်းဆဲ သူ့ထံမှ ညည်းညူသံညှိသံ တစ်ချက်လွင့်ပျံ့လာသည်။

"အင်း ... ဟင်း ... ဟင်း"

"ဟင် ..."

ကျွန်မ ထိတ်ခနဲလှုပ်ရှားသွားသည့် ရင်ကိုဖိကာ သူ့နားတိုးကပ်ကြည့်တော့ သူ သတိပြန်ရနေခဲ့ပြီမှန်း သိလိုက်သည်။

သို့သော် ...

သူ အဖျားကြီးနေသဖြင့် လူမှန်းသူမှန်းသိပုံမရသေးပါ။ တဟင်းဟင်း ညည်းညူရင်းသာ ခိုက်ခိုက်တုန်နေရှာသည်။

"သစ္စာ ..."

"သစ္စာ ..."

"သစ္စာရယ် ..."

သူ တုန်ခိုက်အောင် အချမ်းတက်ပြီး ဖျားနေတာတောင် ကျွန်မနာမည်ကို ယောင်ယမ်းရွတ်နေဆဲ။





ကျွန်မ နှုတ်ခမ်းတွေ ပွင့်ဟသွားရသည်ထိ အံ့သြမိတာတော့ အမှန် ...

"တောင်းပန်ပါတယ် ..."

"တောင်းပန်ပါတယ်ကွာ ..."

"ခွင့်လွှတ်ပါ ..."

"ခွင့်လွှတ်ပေးပါ ..."

သူက ယောင်နေဆဲ ကျွန်မလည်း ဘာလုပ်လို့လုပ်ရမှန်းမသိတော့။ သူ့ခုတင်နား တိုးသွားလိုက်၊ ပြီးတော့ ပြန်နောက်ဆုတ်လိုက်နှင့် တကာယ်ကို အရူးချာပေါက်သွားရသည်။

ကြီးဒေါ်တွေ သွားနိုးလို့လည်း မဖြစ် ...

သူတို့က ကျွန်မနှင့်မောင် အပြီးဝေးကွာခဲ့တာကိုပဲ ကျေနပ်ကြချင်သလို။ သူ့အပေါ်လည်း နှစ်လိုကြည်ဖြူကြတာ ကျွန်မသိသည်။

ခုလို သူ သတိလစ်တဲ့ထိ ကျွန်မဒဏ် ခံလိုက်ရတာကိုသိကြလျှင်ဖြင့် ကျွန်မကိုပဲ အပျိုကြီးတွေ အပြစ်တင်ကြတော့မှာသေချာသည်။

"ချမ်းတယ် ..."

"အား ..."



www.burmeseclassic.com

www.burmeseclassic.com



"သစ္စာကိုယ် အရမ်းချစ်တယ်၊ ချစ်တယ်ကွာ"

ကျွန်မအားနှစ်ဖက် ကမန်းကတန်း ပိတ်ချလိုက်မိသည်ထိ ထူပူတုန်ရင်နေခဲ့ပြီ။

* * *



## အခန်း (၅)

သူ အဖျားတွေ အရမ်းတက်နေချိန်မှာ ခြံစောင့်ကြီးက အရောဝန်သွားပင့်တာ ရောက်မလာသေး။

ကျွန်မလည်း သူ့ကို ဒီအတိုင်း ကြာရှည်စွာ ပစ်မထား ရက်သဖြင့် ကမန်းကတန်း ဆေးတိုက်ထားကာ သူ့အခြေအနေကို စောင့်ကြည့်နေခဲ့သည်။

ခဏကြာတော့ သူ ကျွန်မနာမည်ကို တစ်ချက်ယောင် ဟာ ငြိမ်ကျသွားလေသည်။

ဒီတော့မှ ကျွန်မ တစ်ချိန်လုံး ကြည့်မရခဲ့သည့် သူ့မျက် နှာကို အခုမှ စေ့စေ့ကြည့်ဖြစ်သွားခဲ့သည်။

စင်းဖြောင့်နေသည့် နှာတံ၊ ပိရိပါးလျှသည့် နှုတ်ခမ်း တစ်စုံ၊ မျက်တောင်ဇင်းစင်းရှည်ရှည်လေးတွေက သူ့အိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် စူးရှထက်မြက်သည့် ညှို့စာတ်ရှိသော သူ့မျက်လုံးတွေကို ဖုံးအုပ်ထားသည်။

သူ့အသားအရေကတော့ ကြည်လင်သူမို့ တကယ်ကြည့်ကောင်းကာ ချောမောသည့် ယောကျ်ားတစ်ယောက်ပဲဖြစ်သည်။

သူ၏ ဟန်ပန်အမူအရာ၊ သူ့ပုံစံက မိန်းကလေးတစ်ယောက်ကို ကောင်းစွာ ငြိတွယ်စေနိုင်မှန်း ကျွန်မ ငြင်း၍မရပါ။

သူ ကျွန်မကိုချစ်နေတာ ကျွန်မသိသည်။

သူ ကျွန်မကို အရူးအမူးစွဲလမ်းနေတာ ကျွန်မမြင်သည်။

သို့သော် ...

သူ့အချစ်တွေကို ကျွန်မရင်ထဲ အရောက်မခံနိုင် ...

ဘာဖြစ်လို့လဲ ...

အဲ့ဒါ ကျွန်မ သူ့ကို မုန်းတီးစွာ ရန်လိုနေခဲ့၍ ဖြစ်လိမ့်မည်။

ကျွန်မ ခံစားခဲ့ရသည့် ဒုက္ခတွေ၊ သောကတွေ၊ နာကျင်မှုတွေအတွက် ကျွန်မက သူ့အရှုံးတွေကိုပဲ ကြည့်လိုခဲ့တာ သေချာသည်။

ကျွန်မ သူ့ကို ဘယ်လောက်ထိကြာအောင် ငေးကြည့်မိသွားသည်မသိ။ သူ ဖျတ်ခနဲ လူးလွန့်လာချိန်မှာ ကျွန်မအတွက် ပြေးချိန်မရလောက်အောင် နောက်ကျခဲ့လေပြီ။





အို ... ဘာဖြစ်မှန်းကို မသိ ...

ကျွန်မ မိုက်ခနဲဖြစ်သွားမတတ် ပြာဝေကာ တုန်ယင်သွားသည်။

"သစ္စာ ..."

" ... "

"ကျွန်တော် ... ကျွန်တော် ဘယ်လိုလုပ်ပြီး ... "

ကျွန်မ ဘယ်လောက်ပဲတုန်ယင်သွားပါစေဦး၊ ဘာမှမဖြစ်သလို မျက်နှာကို တင်းခနဲပြင်လိုက်ကာ ...

"ရှင် အအေးမိပြီး ခြံထိပ်မှာ သတိလစ်နေလို့"

"ခင်ဗျာ ..."

သူ့ထံမှ အထိတ်တလန့်သံက ကျွန်မရင်ကို ပိုတောင် အခုန်မြန်သွားစေသည်။

"အဲ့ဒါ ရှင် သေပြီး မသာပေါ်နေမှာစိုးလို့ ခြံစောင့် ဦးလေးကြီးက ထမ်းခေါ်လာတာ"

"အားနာလိုက်တာဗျာ၊ တောင်းပန်ပါတယ်၊ ကျွန်တော် ဒုက္ခပေးမိပြီ"

ကျွန်မ မျက်နှာကို တမင်ထပ်တင်းလိုက်ကာ လက်နှစ်ဖက်ကို ကျကျနနပိုက်ပြီးလျှင် ...

"ကဲ ... ရှင်လဲသတိရပြီ၊ ပြန်လို့ရပြီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပြုပြီး ကျွန်တော့်ကို တစ်နာရီလောက် ခဏ ပေးနေပါဗျာ၊ ကျွန်တော့်ခေါင်းတွေ မူးနောက်နောက်ဖြစ်နေလို့ပါ"

သူ့ အသနားခံကာ တိုးတိုးညင်းညင်း ပြောလိုက်သံက ကျွန်မရင်ထဲ အရှိန်ပြင်းပြင်းနှင့် စီးဝင်လာစေသည်။

အို ... ကျွန်မ ဘာလို့ တွေဝေစွာ ဆွံ့အသွားရတာလဲ ...

သူ့မျက်လုံးတွေကြောင့်လား ...

သူ့နှုတ်ခမ်းတစ်စုံကြောင့်လား ...

ကျွန်မရင်ထဲ လွှန်ဆန်ချင်စိတ်နှင့် မလွှန်ဆန်ချင်စိတ်တို့က ရုန်းကြွလှုပ်ရှားနေသည်။

သူ တကယ် နေမကောင်းဖြစ်နေတာပဲလေ ...

ကိုယ်တွေ ခြစ်ခြစ်တောက်ပူနေပြီး ဖျားနေတာလည်း ကျွန်မ အသိ။

နေမကောင်းဖြစ်နေတဲ့သူတစ်ယောက်ကို ကျွန်မ ငဲ့ညှာ လိုက်ရမလား၊ ဒါမှမဟုတ်၊ ဘာကိုမှ မစာနာဘဲ ပြန်ခွင့်စေလွှတ် လိုက်ရမလား ...

ထိုအခိုက် ...

ဘယ်လိုမှ မထင်မှတ်ထားဘဲ အမေဦတ်သံတွေက ကျွန်မ အခန်းတံခါးပေါက်ဝမှာ ပြိုင်တူလိုလို ပေါ်ထွက်လာကြခြင်း ...

"ဟင် ..."





"အမလေး ..."

"ဟယ် ... ဘုရားရေ ..."

ကျွန်မ ထိတ်ခနဲတုန်ယင်စွာ လှည့်ကြည့်လိုက်တော့ ကြီးဒေါ်သုံးယောက်၏ မျက်နှာတွေကို ထက်အောက်ခေါင်းတွေ ပြူးစွာ တွေ့လိုက်ရသည်။

"ဘာ ... ဘာတွေဖြစ်ကုန်ကြတာလဲဟင်"

"သူ ... သူက သမီးအခန်းထဲမှာ"

"ငါ့တူမကြီး ခုတင်ပေါ်မှာ ဘာ ... ဘာတွေဖြစ်ကုန်ပြီလဲ"

"ရှင် ..."

ကြီးဒေါ်သုံးယောက်က ကျွန်မတို့ကို တအံ့တဩ လက်ညှိုး တထိုးထိုးနှင့် မျက်လုံးကြီးတွေပြူးကာ ရင်ဘက်စည်တီး မေးမြန်း ကြတော့သည်။

"သူ ဖျားနေတာ"

"အို ... ဖျားနေတဲ့သူက ငါ့တူမကြီးအခန်းကို ဘယ်လို ရောက်မလဲ၊ မဟုတ်မှလွဲရော၊ သမီးတို့ သမီးတို့က ချစ် ... ချစ်သူတွေ ဖြစ်ကြပြီလား"

"ဟုတ်မှာပေါ့ မမကြီးရယ်၊ တူမလေးကတော့ ... တက်ပါတယ်လို့ ဘယ်ဝန်ခံပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ကြီး သူစိမ်းယောကျ်ားလေးတစ်ယောက် ဖျားပြီး ရောက်နေတာတော့ မဖြစ်နိုင်ပါဘူး"

သူတို့တွေ ကြိုက်သလိုထင်ကြေးပေးတာ ကျွန်မတို့ကို ချစ်သူတွေဖြစ်နေကြပြီဟု တစ်ထစ်ချ သတ်မှတ်လိုက်ကြလေသည်။

ထိုအချိန် သူ ငြိမ်သက်စွာ တအံ့တသြမျက်လုံးတွေနှင့်သာ ကျွန်မကြီးဒေါ်တွေကို ငေးကြည့်နေသည်။

ဘာတစ်ခုမှ မရှင်းပြ ...

ဘာမှလည်း မဖြေရှင်းပါ ...

ကောင်းပြီ ...

သူကတော့ ကျိတ်ပျော်သွားလိမ့်မည်။

သူက ကျွန်မကို အရူးအမူး ချစ်ကြိုက်နေသည့်သူ။ ဒီလို အချိန်ကြီးမှာ သူ ကျွန်မအခန်းထဲ ရောက်နေတာကိုက ကျွန်မနှင့် ကြီးတော်တွေကြားမှာ ဘယ်လိုမှ ချေစပ်ဖြေရှင်း၍မရနိုင်လောက်အောင် ပြဿနာက ကြီးထွားခဲ့သည်။

ကျွန်မက ငြင်းလေ သူတို့က မယုံကြည်လေနှင့် မတတ်နိုင်တော့။ ကျွန်မ သူ့ကို မုန်းသဖြင့် အရှုံးတိုက်ချင်စိတ်ဖြင့် ပြောင်မြောက်စွာ ဝန်ခံလိုက်တော့သည်။





"တော်ကြပါတော့၊ အားလုံး ထွက်သွားကြပါတော့၊ သမီး ဘယ်လောက်ရှင်းပြရှင်းပြ မယုံကြည်ဘူးဆိုရင် သမီးတို့ကို ဒီအခြေအနေအတိုင်းပဲ လက်ခံလိုက်ပါတော့"

"သမီး မငြင်းတော့ဘူး၊ ပြန်ကြပါတော့"

"ဟုတ်ပြီ ဟုတ်ပြီ၊ ကြီးဒေါ်တို့ကလဲ တူမကြီးက ဇွတ်ငြင်းနေလို့သာ၊ ခု့လို ဝန်ခံတော့လဲ ဝမ်းသာစရာပဲ"

"ဒေါ်လေတို့ဘက်က စီစဉ်စရာရှိတာ စီစဉ်ကြရုံပဲ"

ကြီးဒေါ်တွေက ကျွန်မစကားကို လက်ခံသွားကြသလို အလျှိုလျှို ပြန်ထွက်သွားကြတော့သည်။

ညက ကြောက်မက်ဖွယ်ကောင်းလောက်အောင် မိုးက သဲကြီးမဲကြီး ရွာနေဆဲပင်။

သေချာတာ ကျွန်မ စကားလွန်ခဲ့ပြီဖြစ်သည်။

ဘယ်အရာတွေက ကျွန်မစိတ်နှလုံးကို ညှို့ငင်ဖြားလိုက်သည်မသိတော့။ ကြီးဒေါ်တွေက လက်ခံသွားခဲ့ပြီမို့ ကျွန်မ ရှေ့ဆက်တိုးဖို့ပဲ ဆုံးဖြတ်လိုက်ရလေပြီ။

ထိုကြောင့်လည်း ကျွန်မက သတ္တိကြောင်မနေတော့ဘဲ သူ့ခုတင်နားသွားရပ်လိုက်ကာ သူနှင့် မျက်နှာချင်းဆိုင်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ကို ကြီးဒေါ်တွေ အထင်လွဲသွားတဲ့အတွက် ကျွန်မရဲ့သိက္ခာအတွက် ကျွန်မ ဝန်ခံလိုက်ရပြီ ရန်ငြိမ်း"

"အဲဒီအတွက် ရှင် သိပ်ပျော်မနေနဲ့"

"ကျိတ်ပျော်မနေနဲ့"

"ကျွန်မဘက်က ရှင့်ကို ကာယ်တင်လိုက်ရတဲ့အတွက် ဖြစ်လာတဲ့အခြေအနေဟာ မထင်မှတ်လောက်အောင် ပြောင်းလဲခံလိုက်ရပြန်ပြီ၊ အဲဒီအတွက် ကျွန်မ ရင်ဆိုင်တော့မယ်"

"ကျွန်မ သတ္တိရှိတယ်"

"ရှင်က အချစ်နဲ့တိုက်ရင် ကျွန်မက အမုန်းနဲ့တိုက်မယ့် တိုက်ပွဲပေါ့၊ ဘယ်လိုလဲ ရှင် သိပ်လက်ခံတယ်မလား"

"..."

သူ့ မျက်လုံးတွေစိုက်တန့်ကာ ဖျတ်ခနဲ ငြိမ်သက်သွားသည်ထိ ကျွန်မကို ကြောင်ငေးဆွံ့အစွာ ငေးကြည့်နေသည်။

သူ ဘယ်လောက်ထိအောင် မယုံကြည်နိုင်လောက်အောင် ဖြစ်နေသလဲဆိုတာ သူ့မျက်နှာက အခိုင်အမာ သက်သေခံလျက် ရှိသည်။

"ဘယ်လိုလဲ"

"ရှင် ခေါင်းညိတ်မလား၊ ခေါင်းခါမလား"

"..."





တော်တော်ကြီး ကြာမြင့်သွားချိန်မှာ သူက ခပ်တိမ်တိမ် အသံတစ်ခုနှင့် ...

"သစ္စာ ကြိုက်သလိုစီရင်ပါ၊ ကျွန်တော် အားလုံးကို လက်ခံပါ့မယ်၊ သစ္စာနားမှာ ကျွန်တော် နေခွင့်ရရင် ကျေနပ်ပြီ"

"သြော် ..."

သူ့အသံက တိုးတိမ်ပေမဲ့ ယုံကြည်မှုအပြည့်အဝဖြင့် သေချာနေသလိုမျိုး။ ထိုယုံကြည်မှုက အတော်ပင် သေချာနေသလို ...

ကျွန်မ၏ ခြိမ်းခြောက်မှု၊ စော်ကားရန်လိုမှု၊ တုံ့ပြန်မှု၊ နှိမ့်ခေါ်မှုတွေအတွက်လည်း တစ်ချိန်ချိန်မှာ ဖြိုဖျက်နိုင်မည့် သေချာမှုတွေနှင့်အတူ သူ့မှာ ရှိနေခဲ့ပြီ ...

"ရှင့်ဘက်က အချစ်အတွက်နဲ့ အင်အားသုံးနေသရွေ့ ကျွန်မဘက်ကလဲ အမုန်းတွေနဲ့ အင်အားသုံးပြတာပေါ့၊ သေသေချာချာ ကတိပေးနိုင်တာက ကျွန်မ ဘယ်တော့မှ မရှုံးစေရဘူး"

သူ နာကျင်စွာ မျက်လုံးတွေ မှိတ်ချလိုက်တာ ကျွန်မ အသေအချာ ကျေနပ်ရလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

ထိုနောက်မှာတော့ ကျွန်မက သူ့ရေ့မှာ ရုက်ရွံ့တွန့်ဆုတ်
မှုမရှိသည့် ကျွန်မ၏စိတ်ကို ကျွန်မနိုင်သည့် ယုံကြည်ချက်ဖြ
သူ့ကို ကောင်းစွာ စိန်ခေါ်ခဲ့ပြီဖြစ်သည်။

"ကျွန်မကို ရှင့်ဦးလေးဆိုသူနဲ့လဲ မိတ်ဆက်ပေးဖ
ရန်ငြိမ်း၊ ကျွန်မတို့နှစ်ယောက်ဟာ လူကြီးတွေရဲ့အမြင်မှ
ချစ်သူတွေပဲ ဖြစ်နေရမယ့်ကိစ္စကြီးက ဖြစ်သွားကြပြီ၊ ဘယ်လို
ဂုဏ်သိက္ခာပြန်ဆည်လို့ မရနိုင်တော့မယ့်အတူတူ ဟန်ဆော
ချစ်သူတွေဖြစ်လိုက်ကြတာပဲ ကောင်းမယ်၊ ဒါကို ရှင် သဘော
ပေါက်ပါ"

"ကျွန်တော့်ဘက်ကတော့ တစ်ခုပဲ တောင်းဆိုချင်တာ
သစ္စာ"





"ဘာများလဲ"

"အငယ့်ကို အလုပ်ဖြုတ်ပေးပါ"

"ဘယ်လို"

"အငယ့်ကိုယ်စား ကျွန်တော် သစ္စာနားမှာ ဆော်ဒီဂတ်
လုပ်ပေးပါ့မယ်၊ အဲလိုမှမဟုတ်ရင် သစ္စာရဲ့အလုပ်သမားတစ်
ယောက်အဖြစ်နဲ့ ငှားပါ"

"ဪ ... ဪ ... မဆိုးပါဘူး၊ ရှင်က ကျွန်မချစ်သူလဲ
လုပ်မယ်၊ ဆော်ဒီဂတ်လဲလုပ်မယ်၊ အလုပ်သမားလဲလုပ်မယ်ပေါ့"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့ ရှင် အဲ့လိုစိတ်ကူးတာလဲ"

"ကျွန်တော် သစ္စာနားမှာ သူစိမ်းယောကျ်ားလေးတစ်
ယောက်ရှိနေတာကို မမြင်ချင်၊ မတွေ့ချင်လို့ပါ၊ လက်ခံပေးပါ"

"အငယ့်ကိစ္စက ကျွန်မစကား တစ်ခွန်းတည်းပါ၊ အငယ်
ဆိုတာက ကျွန်မ သေဆိုသေ၊ ရှင်ဆိုရှင့်မယ့်ကောင်လေး၊
ရှင့်လို ယောကျ်ားမျိုးပေါ့"

ကျွန်မ ဘာပြောပြော ဘယ်လောက်ပဲ အပေါ်စီးကနေ
မောက်မောက်မာမာပြောပြော သူက မတုန်မလှုပ် နာကျင်ပုံလည်း
မရ၊ ဝေးမှတ်ငြိုးတေးပုံလည်း မရပါ။

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အငယ့်ကို အလုပ်ဖြုတ်ဖို့ကိစ္စကို ကျွန်
လက်ခံနိုင်ခဲ့သည်။ အငယ်ဆိုတာ ကျွန်မဘဝမှာ မရှိမဖြစ်လိုအ
နေတဲ့ ယောကျ်ားမှမဟုတ်တာ။ သူ စိတ်ပျက်သွားအောင်
ဘယ်သွားသွား တကောက်ကောက် မလိုက်အောင် ကျွန်မ
အငယ့်ကို အသုံးချထားခြင်းမင်။

အငယ်ကိုယ်စား ကျွန်မ သူ့ကို ရှုထောင့်မျိုးစုံက
သွက်ချာလည်အောင် ခိုင်းခွင့်ရမှာကိုပဲ ကျေနပ်လှပြီ။

ဒါ သူ အလုပ်တောင်းတဲ့ကိစ္စပဲ ...

နေနှင့်ဦး ...

ကျွန်မ ကောင်းစွာဗညာပေးပြမည်။

တစ်စက်ကလေးမှ နားချိန်မရှိလောက်အောင် ကျွန်
ခိုင်းပြမည်။

ကျွန်မ နာကျင်စွာပေးဆပ်ခဲ့ရတာတွေအတွက် ဒင်းဆီ
အောင်မြင်စွာ စားသုံးနိုင်ရမည်။

သူက ကျွန်မစိတ်ကိုသိလျက်နှင့် ကျေနပ်စွာ အရှုံးပေး
သူနေသည့် ရဲတိုက်ကြီးလို ကြီးကျယ်ခမ်းနားလှသည့် စစ်ကိုင်း
ခြံကြီးဆီ ကျွန်မကို အလည်ခေါ်သွားခဲ့သည်။

သူနေသည့် အိမ်ထဲရောက်တော့မှ သူတို့လည်း ကျွန်မ
လို အရှိန်အဝါကြီးမားစွာ ချမ်းသာပြည့်စုံကြမှန်း ခန့်မှန်းမိသည်





အံ့ဩစရာကောင်းတာက ကျွန်မကသာ စည်းစိမ်ချမ်းသာ
မှုတွေကြောင့် မာန်တက်ကာ မာနကြီးသလောက်၊ သူ့အပေါ်
နှိမ့်ချစွာ ဆက်ဆံသလောက် သူ့မှာ ဘာမာန်မှမရှိ၊ ဘာမာနမှ
လည်းမရှိ။

ကျွန်မနှင့်ပတ်သက်လာရင် သူ့မှာ ဂုဏ်သိက္ခာဆိုတာပင်
ယောကျ်ားတစ်ယောက်၏ တန်ဖိုးပင် မရှိလောက်အောင် အောက်
ကျို့ခံသည်။ ဘာဟန်ဆောင်မှုမှလည်းမရှိ။

အဲ့ဒါကတော့ တကယ် အံ့ဩစရာပင် ...

ကျွန်မက အငြိုးကြီးဖြင့် ကျွန်မကို အမြဲအရှုံးပေးသည်။
ကျွန်မကို ကိုးကွယ်သူလိုဆက်ဆံကာ ဘာမာန်မာနမှမထား၊
ဘယ်လောက်ထိလည်းဆိုရင် ကျွန်မအတွက်ဆို ဒူးထောက်မစား
ဖို့ပင် အမြဲအဆင်သင့်ရှိသူတည်း။

သူ့ဧည့်ခန်းမကြီးထောင့်က သပြေသီးမှည့်ရောင် စန္ဒရား
ကြီးကိုတော့ ကျွန်မ တကယ်စိတ်ဝင်စားမိသည်။

"ဒါ ဘယ်သူတီးတာလဲ"

"မေမေပါ"

"ဩော် ..."

"မေမေ ... မေမေရှိစဉ်တုန်းက အမြဲစန္ဒရားတီးနေကျလေ၊
မေမေဆုံးသွားတော့မှ ဒီစန္ဒရားကြီးက ထိုင်သူမဲ့ခဲ့ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မတီးဘူးလား"

"ဟုတ်ကဲ့၊ ကျွန်တော် မတီးတတ်ခဲ့ဘူး"

"ကျွန်မက စန္ဒရားသံတွေကို နှစ်သက်တတ်တယ်၊ ပြီးတော့ စန္ဒရားတီးတတ်တဲ့သူတွေကိုလဲ သဘောကျတတ်တယ်"

"ကောင်းပြီ၊ ကျွန်တော် ကြိုးစားရမှာပေါ့၊ သစ္စာ စန္ဒရားသံတွေကို နှစ်သက်တတ်မှန်း မသိခဲ့ဘူး"

"ကျွန်မနှစ်သက်ပေမဲ့ ရှင်နဲ့တော့ ဘာမှ မဆိုင်ဘူးလေ၊ ကဲ ပြန်ကြတာပေါ့"

ကျွန်မ ဆတ်ခနဲ ကောက်ထလိုက်တာကို သူက အံ့ဩစွာ နားမလည်သလိုကြည့်ရင်းမှ ...

မေမေက မေမေ့ကို ဒီစန္ဒရားနဲ့ ဘဝပေးပြီး အသက်ပေးပြီး ရှုံးနိမ့်သွားတဲ့ထိ ချစ်ပြသွားရှာတာ၊ ကျွန်တော်လဲ အဲလိုဖြစ်မယ် ထင်တယ်"

ကျွန်မရင်ထဲဝယ်ထိတ်ခနဲဆောင့်ခုန်သွားကာ အသက်ရှူသံပင် ကိုယ်ပြန်မကြားရလောက်အောင် အချိန်တော်တော်ကြာ တုန်ယင်လှုပ်ရှားနေခဲ့လေသည်။

* * *





## အခန်း (၇)

ကျွန်တော့်ကို သူမက သူမ၏ ဘော်ဒီဂါတ်တစ်ယောက်အဖြစ်လည်းကောင်း၊ အစေအပါးတစ်ယောက်အဖြစ်လည်းကောင်း၊ အယောင်ဆောင် ချစ်သူတစ်ယောက်အဖြစ်လည်းကောင်း၊ နည်းမျိုးစုံအသုံးချခဲ့သည်။

ပထမဆုံး ကျွန်တော်လုပ်ရတာက မနက်မိုးလင်းတာနှင့် သူမစီးနေကျကားကို ဖုန်သုတ်၊ ရေဆေးဖြင့် သူမလာစီးမည့်အချိန်ကို ခြေသလုံးတောင့်အောင် စောင့်နေရခြင်းပင်။

သူမက ကျွန်တော်နှင့်သွားလာလျှင် အလှပဆုံး ပြင်ဆင်ဝတ်စားထားတတ်ကာ မျက်နှာကို ချီထားတတ်သည်။

ကားပေါ်ထိုင်လျှင်လည်း အမြဲနောက်ခန်းမှာပဲ ထိုင်တတ်သည်။ သူ့ကြီးဒေါ်တွေ ဘယ်လောက်ပိုင်းပြောပြော မပြင်ပါ။

www.burmeseclassic.com



နောက်ခန်းကနေ အမိန့်သံကြီးနှင့် ...

"ဟိုတယ်အရင်မောင်း"

"အင်း"

"အဲဒီမှာ ဘယ်လောက်ကြာမယ်မသိဘူး၊ ဧည့်သည်လာတဲ့ စာရင်းတွေ ပြန်ကြည့်ဦးမယ်"

"ကျွန်တော် ဝိုင်းကူပေးရမလား သစ္စာ"

"မလိုပါဘူး"

"မန်နေဂျာဆီက စာရင်းအင်းတွေ ကျွန်တော်ပဲ ကြည့်လိုက်ရင် ကောင်းမယ်"

"ရှင်က ဘာရည်နေတာလဲ"

"ကျွန်တော် မန်နေဂျာရဲ့မျက်လုံးတွေကို မကြိုက်လို့ပါ၊ သူ သစ္စာကိုမြင်တာနဲ့ ဖြူးတူးပြဲတဲဖြစ်နေတာ သိပ်သိသာတယ်"

"ကျွန်မက ဘယ်ယောက်ျားကိုမှ စေ့စေ့ကြည့်တာမဟုတ်ဘူးဆိုတော့ ဂရုစိုက်စရာမလိုဘူး၊ ရှင်နဲ့လဲ အနေသာကြီးပါ"

"ကျွန်တော် လုပ်ပေးပါရစေ"

"သိပ်ရှည်တာပဲ"

ဟိုတယ်ရောက်တော့ သူမ ကားတံခါးကို ဒုန်းခနဲ ဆောင့်ပိတ်သွားသည်။ ကျွန်တော့်ကို မခေါ်ပါ။



BURMESE CLASSIC



သို့သော် ကျွန်တော်မျက်နှာပြောင်ပြောင်နှင့် ဟိုတယ်ထဲ ဝင်လိုက်မိခဲ့သည်။

သူမက ခြေထောက်ပြန်ကောင်းပြီးခါစမို့ သူမ ခြေထောက် တစ်ဖက်က သိပ်မသန်ချင်၊ အနည်းငယ် ထော့နင်းထော့နင်း ဖြစ်နေသေးသည်။

ဒါတောင် သူမက ခုံထူဖိနပ်ကြီးတွေ ထောင့်ချွန်ချွန်တွေနှင့် ဖိနပ်အဆန်းတွေစီးထားတတ်သဖြင့် ကျွန်တော် အမြဲစိတ်ပူရသည်။

မတော်တဆ ခြေခေါက်လဲလျှင်ဖြင့် သူမ မသက်သာနိုင်နာကျင်ခဲ့ဖူးသည့် ဒဏ်ရာကို ထပ်ပြီးထိခိုက်မှာကိုပဲ ကျွန်တော်က စိုးရိမ်ရသည်။

ကျွန်တော်က အရိပ်တကြည့်ကြည့်နှင့် သူမကို အဆေးစိပ် ကျကျနန ဂရုစိုက်စောင့်ရှောက်ကာကွယ်တတ်တာကို သူမ သိလျက်နှင့် ကျေးဇူးတင်ဟန်လည်း မရှိပါ။

သူမ ညှို့ကြိုကောင်တာဆီ လျှောက်သွားပြီး မန်နေဂျာဆီက စာရင်းစာအုပ်ကြီးကို လှန်လှောကာ ကြည့်ရှုစစ်ဆေးနေချိန် ဖျက်ခနဲ သူမလည်တိုင်ဆီကနေ ပုရွက်ဆိတ်အနီကြီးတစ် ကောင်က သူမမျက်နှာပေါ် ဖြတ်ပြေးဖို့ပြင်ဆဲ ...

"ခဏလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလဲ"

"ခဏလေး သစ္စာ"

ရုတ်တရက်မို့ သူမက မျက်နှာကို တိမ်းကာရှောင်ဖို့အလုပ် ကျွန်တော်က လျှင်မြန်စွာပဲ ပုရွက်ဆိတ်အနီကြီးကို ဖမ်းလိုက်ကာ...

"ဒီမှာတွေ့လား သစ္စာ"

"ဟင် ..."

"ဒီကောင်ကြီးကိုက်ရင် မင်း တစ်မိမ့်မိမ့် နာနေမှာ"

ပြောပြီး ကျွန်တော် အဝေးကို သွားလွှတ်ပစ်လိုက်တော့ သူမ ငြိမ်ငြိမ်သက်သက်ပင် ကျန်ခဲ့သည်။

ကျွန်တော်နှင့်ပတ်သက်လျှင် ကျေးဇူးတင်ဖို့ အင်မတန် ဝန်လေးတွန့်တိုလှသည်။

ကျွန်တော်ကတော့ ကျွန်တော့်ရင်ထဲက မေတ္တာအရှိန်အဟုန်တွေဖြင့် သူမ၏ မာတင်းနေသည့် နှလုံးသားကို အဆက်မပြတ် တိုက်ဖို့၊ တစ်နေ့ သူမနှလုံးသားတွေ အရည်ပျော်ရလိမ့်မည်ဟု လည်း ကျွန်တော် ယုံကြည်နေသည်။

ကျွန်တော်က သူမမျက်နှာကို စာအုပ်တစ်အုပ်လို၊ ကဗျာတစ်ပုဒ်ဖတ်သလို ဖတ်နေသူမို့ သူမမျက်နှာနား သစ်ရွက်ကလေး ကြွေကျလာတာဖြစ်ဖြစ် ပုရွက်ဆိတ်ကောင်လေးတွေ ဖြတ်ခနဲ





ကျလာတာဖြစ်ဖြစ် သူမထက်စောစွာ သိခွင့်ရကာ အမြဲဦးအောင် ဖယ်ရှားပေးတတ်သေးသည်။

"သစ္စာ၊ ခဏလေး ... ခဏလေး"

"လာပြန်ပြီ၊ ဘာဖြစ်ရပြန်ပြီလဲ"

"ခင်ဗျားရဲ့ ညာဘက်မျက်လုံးအောက်နားမှာ မျက်တောင်တစ်ခုကျွတ်ပြီး ကပ်နေတယ်၊ ခဏလေး မျက်လုံးမခတ်လိုက်နဲ့"

"ဒုက္ခပဲ"

သူမ တစ်ချက်အသက်အောင့်လိုက်ချိန်မှာ ကျွန်တော်က ထိုမျက်တောင်စကို ဆွဲဖယ်ပေးခဲ့ပြီးဖြစ်သည်။

"တွေ့လား၊ ဒီမှာ"

"အင်း ... ဟင်"

ပြီးလျှင် ကျွန်တော်က ပြန်ပြီးသက်သေမပြနိုင်လျှင် ကျွန်တော့်ပါး ရှစ်စိတ်ကွဲအောင် အရိုက်ခံရနိုင်သည်။

ကျွန်တော် လက်ဆုပ်လက်ကိုင် သက်သေပြပြီးတာတောင် ကျေးဇူးတင်ချင်ပုံမရဘဲ အင်းမလုပ် အဲမလုပ်ဖြင့် ငြိမ်သက်တိတ်ဆိတ်သွားတတ်တာ သူမ အကျင့်။

"ခင်ဗျားမျက်တောင်တွေက တအားရှည်နေတော့၊ နည်းနည်းဝါးပါး ပြန်ပြီးတိလိုက်ရင် ကောင်းမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ... ဘာလို့ တိုအောင်တိရမှာလဲ၊ ကိုယ့်အကျိုးပေးနဲ့ကိုယ်ဖြစ်လာတာ မနာလိုလာမဖြစ်နဲ့"

ကျွန်တော် အကောင်းပြောလည်း သူမက အကောင်းမမြင်ပက်ခနဲ ပြန်ရင်တွေ့တတ်ပြန်သည်။

သုံးစုံအတိုင်း ကျွန်တော် အလျှော့ပေးရပြီပေါ့။

တစ်နေ့တော့ သူမမျက်တောင်တွေကပဲ သူမကို ပြန်ဒုက္ခပေးလာသည်။

ထိုနေ့က သူမ အိမ်မှာကော်ဖီသောက်နေတုန်း မျက်တောင်တွေကို ဆက်တိုက်ဆက်တိုက် ပုတ်ခတ် ပုတ်ခတ်လုပ်နေသည်။

ကျွန်တော်က သူမ ဖြစ်နေတာကို အလျင်ဆုံးတွေ့မြင်သွားကာ ကျွန်တော့်လက်ထဲက ကော်ဖီခွက်ကိုချလိုက်ပြီး ...

"ဘာဖြစ်လဲ သစ္စာ"

"မျက်လုံးထဲ ဘာဝင်နေလဲမသိဘူး၊ စူးနေတယ်၊ ဒုက္ခပဲ"

"ခဏလေး၊ မျက်သုံးမမှိတ်လိုက်နဲ့၊ ကျွန်တော် ကြည့်ပေးမယ်"

"မရဘူး၊ စူးနေတာ၊ ကျွတ် ... စိတ်ရှုပ်လိုက်တာတကယ်ပဲ"





"ခဏလေးနော်၊ ဟုတ်ပြီ၊ ကျွန်တော့်ကို တစ်ချက်ကြည့်"

ပြန်းဆို ကျွန်တော်က သူမကုလားထိုင်နား ဒူးထောက်ထိုင်လိုက်ကာ သူမညာဘက်မျက်လုံးထဲကို သေသေချာချာကြည့်လိုက်တော့ မျက်တောင်လေးတစ်စကျွတ်ကာ မျက်လုံးထောင့်ထဲကပ်နေတာ တွေ့လိုက်ရသည်။

"တွေ့ပြီ ... တွေ့ပြီ၊ မျက်တောင်တစ်စကျွတ်ပြီး ကပ်နေတာ၊ ကျွန်တော်လုပ်ပေးမယ်"

"ဟင့်အင်း ... နေပါစေ၊ သွား ... ကျွန်မကြီးဒေါ်တွေကို လုပ်ခိုင်းလိုက်မယ်၊ ရှင်ဖယ်ပါ"

ထိုအချိန် ကော်ဖီဝိုင်းက ကြီးဒေါ်တွေအားလုံးက ရက်အမ်းအမ်းမျက်နှာတွေနှင့် တစ်ယောက်တစ်ပေါက်ငြင်းကာ အလျှိုလျှိုထွက်သွားကြတော့သည်။

"ကြားတယ်မဟုတ်လား သစ္စာ၊ ဒေါ်ဒေါ်တို့က အသက်ကြီးနေပြီတဲ့၊ မျက်စိလဲ မှုန်ကြပြီတဲ့၊ အပ်ပေါက်တောင် မထိုးနိုင်တာ၊ သစ္စာမျက်တောင်စူးကို ဘယ်လိုထုတ်ပေးနိုင်မလဲတဲ့"

"ကြားပါတယ်၊ ရှင်က လေပေါပြီး ဆက်ပြောမနေနဲ့"

"ဒါဖြင့် ကျွန်တော် လုပ်ပေးတော့မယ်နော်"

"မြန်မြန်လုပ်"

"အင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ကုလားထိုင်ပေါ်မှမဆင်း၊ ကျွန်တော်ကလည်း ဒူးထောက်လျက်နှင့် ခါးကြီးကုန်းကွကွနှင့် သူမမျက်လုံးထဲက အဆေးအချော စိုက်ကြည့်ကာ ကျွန်တော့်လက်ထဲက တစ်ရှူးခေါက် လေးနှင့် ထုတ်ဖို့ပြင်လိုက်ရသည်။

ရင်ခုန်လိုက်တာ...

ဘယ်လိုရင်ခုန်ရမှန်းကို မသိ ...

နီးကပ်သွားလွန်းသည့် မျက်နှာနှစ်ခု၊ ပြီးတော့ သစ်သီး ရနံ့လေးတစ်ခု၊ မွှေးပျံ့နေသည့် သူမပါးပြင်မှ ကရင်(မ်)နံ့တစ်ခု က ကျွန်တော့်ရင်ကို အပြင်းအထန် တုန်ယင်သွားစေခဲ့သည်။

လက်တွေကလည်း တုန်ယင်ပါဘိတော့။

"အို ... မြန်မြန်လုပ်လေ"

"ဘာလုပ်နေတာလဲ၊ ဒီမှာ ကျွန်မ မျက်တောင်မခတ်ဘဲ အကြာကြီးတောင့်ထားရလို့ မျက်ရည်တောင် ကျချင်လာပြီ"

"ခဏလေးပါ၊ မျက်တောင်စလေးက ကတ်သီးကတ်သတ် ကို ညှပ်ပြီးကပ်နေတာ"

"မြန်မြန်လုပ်"

"အင်း"

ကျွန်တော် တစ်ရှူးစလေးနှင့် အသာထိန်းကာ ထုတ်ပေး လိုက်ပြီးချိန်မှာ သူမက ဆတ်ခနဲထထွက်သွားသည်။





"ဟောဗျာ ... မကြည့်တော့ဘူးလား"

"ဘာကိုပြန်ကြည့်ရမှာလဲ"

"ခင်ဗျားမျက်တောင်စလေးလေ"

"လွှတ်ပစ်ပေါ့၊ ကြည့်စရာလား"

"ဟင့်အင်း၊ ကျွန်တော် သိမ်းထားမယ်"

"..."

သူမမျက်ဝန်းမှာ မာကျောမှုမတွေ့ရတာ သေချာသည်။ ဒေါသလည်း ရှိမနေတာ သေချာနိုင်သည်။

ကျွန်တော် အရဲစွန့်ကာ တံတွေးတစ်ချက်မျိုပြီး ပြောလိုက် မိသည်မှာ ...

"ကျွန်တော် ခင်ဗျားစားပြီး ပစ်ထားတဲ့ သကြားလုံးအိတ် ခွံတွေ၊ ပီကေခွံတွေတောင် သိမ်းထားခဲ့တာ၊ အခု သိမ်းစရာ တစ်ခု ရခဲ့ပြန်ပြီ၊ ဒါတွေအားလုံး ကျွန်တော် မြတ်မြတ်နိုးနိုးနဲ့ ကို သိမ်းခဲ့တာ"

သူမ ကျောခိုင်းလိုက်ပေမဲ့ ကျွန်တော့်စကားတွေကို အဆေး အချာကြားလိုက်မှန်း ကျွန်တော် တပ်အပ်ပြောရဲပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ကျွန်တော်ဟာ နေ့ချင်းညချင်းပင် သူမ၏ သက်တော်
စောင့်လည်းဖြစ်၊ အလုပ်သမားလည်းဖြစ်၊ ဟန်ဆောင်ချစ်သူလည်း
ဖြစ်ရသူမို့ ကျွန်တော် အရှုပ်ပေါက်အောင် အလုပ်များရလေ
သည်။

သူမက ကျွန်တော့်ကို ကားမောင်းခိုင်းသလို သူမ ဈေး
ဝယ်ထွက်ချိန်တွေမှာ သူမ ဝယ်ပြီးသမျှ အထုပ်အပိုးတွေကို
ကျွန်တော့်လက်တွေ အံ့သေအောင်ဆွဲပေးရသည်။

ပြီးတော့ သူမ ဘာစိတ်ကူးပေါက်သည်မသိ၊ သူမ
ကျွန်တော့်ကို သနပ်ခါးသွေးခိုင်းလာခြင်းပင်။

"ရာသီဥတု တော်တော်ပူနေပြီ၊ ကျွန်မ သနပ်ခါးလိမ်းချင်
တယ်၊ ရှင် ကျောက်ပြင်အပြည့်သွေးပေးထား"





ကျွန်တော်နှင့် သူမကြားတွင် အဲ့လောက်ခိုင်းစရာ မရှိပါ။
သို့သော် ကျွန်တော် ကျေနပ်စွာပင် လက်ခံခဲ့ရသည်ချည်း။
ဒါကို သူမကြီးဒေါ်တွေ တွေ့သွားချိန်မှာ ...

"ဟင် ... မင်းကို ငါ့တူမကြီးက သနပ်ခါးသွေးခိုင်းခဲ့တယ်
ပေါ့၊ ဟုတ်ရဲ့လားကွယ်"

"မြတ်စွာဘုရား၊ အိမ်မှာ ဒီလောက်ခိုင်းရမယ့်သူတွေပေါ
နေတာ ဘာဖြစ်လို့ မင်းကို ခိုင်းရလဲမသိဘူး၊ ခက်တဲ့ ကလေးမပဲ"

"မမကြီးရေ ... တူမချောကတော့ ဒါ တမင်သက်သက်
လုပ်တာပဲကိုဖြစ်မှာ၊ နိုင်ချက် ... နိုင်ချက် ... နိုင်ချက်ကတော့
ကမ်းကိုကုန်ရောပဲ"

"မင်းကလဲ အမြဲအလျှော့ပေးလွန်းနေတာကိုး မောင်ရန်
ငြိမ်းရဲ့၊ ဒါ့ကြောင့်မို့လဲ သမီးက ရောင့်တက်နေတာ"

"မင်းကိုက ညံ့တာ၊ အလိုလိုက်တာ ကမ်းကိုကုန်ရော"

"မင်းက အလျှော့ပေးလေ့ ဟိုကောင်မလေးက အနိုင်ယူ
လေနဲ့ ငါတို့တော့ ကြားထဲက အနေရလဲခက်တယ်၊ မျက်နှာလဲ
ပူတယ်ဟေ့"

ကျွန်တော် သနပ်ခါးသွေးနေတာကို ကြီးဒေါ်သုံးယောက်
ကတွေ့ပြီး ကျွန်တော့်ဘက်က စာနာကရုဏာသက်ကြပေမဲ့
ကျွန်တော်က ခပ်ပြုံးပြုံး ...



www.burmeseclassic.com

www.burmeseclassic.com



သူမက တစ်ဖက်ခန်းမှာ တံခါးချက်ချပြီး ရေချိုးနေခဲ့ပြီ ရေချိုးခန်းဝင်သွားတာ တစ်နာရီနီးပါးလောက်ပင် ရှိလုပြီ။ သူ စိမ်ပြေနပြေချိုးနေဆဲ။

ကျွန်တော်က သူမ အခန်းဝအပြင်ဘက်မှာ ထိုင်သွေးနေ ရခြင်း။ ခဏကြာတော့ သူမ အဝတ်အစားလဲပြီး အခန်းပြင် ထွက်လာသည်။

ရေမခြောက်တခြောက်နှင့် စိုဖန့်ဖန့်လေးရှိနေသည့် သူ မျက်နှာလေးက လှလွန်းလှစွာ၊ အသားအရေကလည်း စိုပြည် ဝင်းဖန့်ပါဘိတော့။

ကျွန်တော် မြတ်မြတ်နိုးနိုးနှင့် နင့်နေအောင်ကြည့်လို ပြီး ...

"လိမ်းလို့ရပြီနော်"

"သနပ်ခါးတွေကလဲ"

"အင် ... ဘာဖြစ်လို့လဲ"

"အရည်ကျဲတယ်"

"ဗျာ ..."

"နည်းနည်းပျစ်ပျစ်သွေးပါလား၊ ဒီလောက် အရမ်းကျဲတာ ဘယ်လိုလိမ်းမလဲ"





"ခဏလေးစောင့်၊ ကျွန်တော် မြန်မြန်ပြန်သွေးလိုက်မယ်"

"တကတည်း အသုံးကို မကျဘူး"

သူမက ကြမ်းပြင်ပေါ် မျက်နှာစူပုတ်ပုတ်နှင့် ဆောင့်ကြောင့် ထိုင်ချသည်။ ဘယ်တုန်းကမှ သူမနှင့် ခုလို နီးနီးကပ်ကပ် နေခွင့်ရလိမ့်မည်ဟု မထင်ခဲ့။

ခုတော့ ကျွန်တော်က သနပ်ခါးသွေးလို့၊ ရေချိုးပြီးစ သူမက ကျွန်တော့်နား ဆောင့်ကြောင့်ထိုင်လို့ ...

ထိုအဖြစ်ကို စုံမက်လိုက်ပါဘိတော့။

ကျွန်တော်တို့နှစ်ယောက် တကယ့်ချစ်သူစစ်စစ် ဖြစ်ခွင့် ချင်စမ်းပါဘိဗျာ။

"ဘာဖြစ်နေတာလဲ"

"ခင်ဗျာ"

"သနပ်ခါးပဲသွေး"

"ဟုတ်"

"လိုက်ကြည့်မနေနဲ့"

"..."

ကျွန်တော့်ကို တင်းခနဲ မျက်စောင်းတစ်ချက်ထိုးကာ နေလိုက်ပေမဲ့ ကျွန်တော်က ရယ်မောဖို့ပဲ ကြိုးစားပြုလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်တစ်ခု ဒီလောက်ကြာနေရလား"

"ပျစ်အောင်သွေးနေလို့"

"ကြည့်စမ်း၊ အရမ်းကို ဖျစ်ခဲနေပြီ၊ ပျစ်ထူကြီး ဘယ်လို လိမ်းမလဲ"

"ဟောဗျာ၊ သစ္စာပဲ ပျစ်ပျစ်လေးသွေးဆို"

"အဲ့လောက်ပျစ်စရာလား၊ ရွှံ့ဗွက်ကြီးကြနေတာပဲ၊ မလိမ်းဘူး"

"ဗျာ"

သူမ ကောက်ခနဲစိတ်ဆိုးသွားပြန်သည်။ ကျွန်တော့်မှာ မနေတတ်တော့ သူမနောက် အူရားဖားရား ပြောလိုက်လာပြီး လျှင် ...

"သစ္စာ"

"..."

"သစ္စာ"

"..."

"သစ္စာ"

"ဘာလဲ ... ဘာလဲ၊ ဘာဖြစ်နေရတာလဲ၊ လာမခေါ်နေနဲ့၊ လိမ်းလဲမလိမ်းတော့ဘူး၊ ရှင်လဲပြန်"

"ကျွန်တော့်အလုပ်ချိန်မှ မစေ့သေးဘဲ၊ ကျွန်တော် ကြိုးစား





လုပ်ပါမယ်ဗျာ၊ တကယ် တကယ်ပါ၊ ကျွန်တော် တစ်ခါမှလဲ သနပ်ခါးသွေးကျင့် မရှိလို့ပါ"

"ထပ်မပြောနဲ့တော့"

"ကျွန်တော်သွေးလိုက်"

"တော်ပြီဆို"

"ဟုတ်ပါပြီ"

ကျွန်တော့်ကို သူမ သက်သက်ညစ်တာ သေချာသည်။ သူမ ဧည့်ခန်းထဲက ဆိုဖာဆက်တီကြီးမှာ ဖွစ့်ခနဲ ဝင်ထိုင်လိုက်ပြီးလျှင် ...

"အမယ်လေး ... အိုက်တယ် ... အိုက်တယ်၊ အိုက်လိုက်တာနော်၊ သေတော့မှာပဲ"

"ဗျာ ... ခဏလေးနော်"

ကျွန်တော် ယပ်တောင်တစ်ခု ပြေးယူကာ သူမအားကနေ ခတ်ပေးလိုက်တော့ သူမ ခြေတစ်ဖက်ချိတ်ထိုင်လျက် ...

"မရဘူး၊ နည်းနည်းပြင်းပြင်းခတ်"

"သစ္စာ အေးမှာစိုးလို့ပါ"

"ဘယ်လိုလုပ်အေးမှာလဲ၊ ဒီလောက်ပူအိုက်နေတာ၊ မီးကလဲမလာဘူး၊ မီးစက်နိုးတော့လဲ အဲကွန်းမနိုင်ဘူး၊ သိပ်စိတ်ပျက်စရာကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခတ်ပေးပါ့မယ်"

"ခတ်ပေါ့"

သူမက အပေါ်စီးကနေ အမိန့်သံဆန်ဆန် ပြောနေကျ။ ကျွန်တော်ကလည်း လက်အောက်ငယ်သား ကျေးကျွန်တစ်ယောက်လို ကျိုးနွံအောက်ကျို့စွာ နာခံနေကျ။

မိန်းကလေးတစ်ယောက်ကို ချစ်မြတ်နိုးမက်မောရာမှာ ဘာမာနမှ မရှိရဟု ကျွန်တော်ထင်သည်။

သူမနှင့် အနီးကပ်နေလေ ကျွန်တော်က သူမအပေါ် ပို၍ တိုးကာ စုံမက်မြတ်နိုးလာလေပင်ဖြစ်သည်။

"ဟယ် ... ကြည့်စမ်း ... ကြည့်စမ်း၊ မိသစ္စာတို့က ခိမ်ခိမ် လိုက်ပြန်ပြီ၊ အိုက်တာပဲ၊ ကိုယ်ဘာသာကိုယ် ခတ်ပါလားလို့၊ ယပ်တောင်အစ လိုက်ခတ်နိုင်းရလားကွယ်"

"ဟုတ်ပ၊ တူမရယ်၊ လူမြင်မကောင်းပါဘူး၊ အဲ့လောက် တောင် မလုပ်ခိုင်းပါနဲ့"

"မင်းကလဲ ပိုတယ်၊ ဟိုကလဲ လွန်တယ်၊ ဘာတွေမှန်းလဲ မသိဘူး၊ ဒါ ချစ်သူတွေတဲ့လား၊ ကြုံလဲမကြုံဖူး၊ တွေ့လဲမတွေ့ ဖူးပေါင်"

အပျိုကြီးသုံးယောက် မျက်လုံးကြီးတွေ ပြူးကျယ်စွာ တအံ့တဩ ဝိုင်းပြောကြတော့ ကျွန်တော်ကပြုံး၍ သူမက ခပ်ဆတ်ဆတ် ဖြေလိုက်သည်မှာ ...





"သူ လုပ်ပေးချင်လို့ လုပ်ပေးနေတဲ့ဟာ နေပါစေပေါ့" တဲ့။

"မဟုတ်သေးပါဘူး၊ ညည်းကိုယ်နှိုက်က ကြဖန်ခိုင်းတာ၊ လွန်ပါတယ်"

"မင်းတို့ချင်း သင့်မြတ်ရင်ပြီးတာပဲ၊ ငါတို့ကသာ ကြားထဲ ကနေ ဘယ်ပြေးရမှန်း မသိတာ"

ကျွန်တော် ယပ်တောင်ခတ်ပေးနေသဖြင့် သူမက မျက်နှာကို မော့ထားလေသည်။

လေတဖျပ်ဖျပ်ကြောင့် သူမ ဆံနွယ်စတွေ လွင့်လူးသွားတာ အရမ်းကြည့်လို့ကောင်းလှသည်။

ကျွန်တော့်မှာတော့ တစ်နေ့တစ်နေ့ သူမကို တစိမ့်စိမ့်နှင့် ချစ်ဖို့ကောင်းရ၊ မြတ်နိုးဖို့ကောင်းရ၊ ကြည့်၍ကောင်းရနှင့် ရူးမူးယပင်ရှိသည်။

ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်ဘဝ ဘယ်အခြေအနေ ရောက်ရပြီ မသိချင်တော့။

ကျွန်တော် ပြန်မယုံနိုင်လောက်အောင် အချစ်၏စွမ်းအား တစ်မျိုးက ဆွဲဆောင်တွန်းပို့ထားပြီးဖြစ်သည်။

"တော်တော့လေ မောင်ရန်ငြိမ်"

"ရပါတယ် ဒေါ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာကွယ်၊ တစ်နာရီလောက်ရှိပြီ၊ တော်တော့"

"သစ္စာကလဲ ဇိမ်ကိုခံလွန်းပါတယ်"

တီဗွီအစီအစဉ်တွေကိုကြည့်နေသည့် ကြီးဒေါ်တွေက ကြား ထဲက သနားကရုဏာစိတ်ဖြင့် ကျွန်တော့်ကို အဆုံးသတ်ခိုင်းသည်။

သူမက မတုန်မလှုပ် ...

ကျွန်တော်ကလည်း မရှုပ်သေးပါ။

ခဏကြာတော့ သူမက ဂြိုဟ်တုစလောင်းက အစီအစဉ် တွေကို လိုင်းပြောင်းလိုက်ပြီး ...

"တော်ပြီ"

"သစ္စာ ဘာလုပ်ချင်သေးလဲ"

"ရှင်က ဘာလုပ်မလို့လဲ"

"ကျွန်တော် ဘာလုပ်ပေးရမလဲလို့ မေးတာ"

"ရှင်လား"

"အင်းလေ"

"ကျွန်မ ခဏအိပ်ဦးမယ်၊ အပြင်မှာစောင့်"

"ကောင်းပြီ"

သူမ တကယ်ညစ်မှန်း သိသိကြီးနှင့် ကျွန်တော်ကလည်း ဖွဲမလျှော့ဘဲ အရှုံးပေးပြီး လက်ခံပြီပင် ...





"သစ္စာ စိတ်ချလက်ချအိပ်ပါ၊ ကျွန်တော် ခင်ဗျားနိုးလာ တဲ့ထိ စောင့်ပေးမယ်၊ ခင်ဗျားကို သိပ်ချစ်လို့လဲ အမြဲလိုက်လျော ပေးမယ့်သူပါ"

ကျွန်တော့်အသံက တုန်ယင်အက်ကွဲကာ လှိုက်မောလျက် သူမဏှာ တစ်ချက်သာ စိုက်ကြည့်သွားခဲ့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

တစ်ခါတစ်ရံ သူမ ဂျိတ်ိုက်ပုံက အရမ်းကလေးဆန်လှလေသည်။ သူမ ဂျိတိုက်လျှင် သူမကြီးဒေါ်တွေ သူမနား တစ်ယောက်မှမနေကြတော့။ အားလုံး ဝေးရာပြေးကုန်ကြသည်။

ထိုရက်ပိုင်းလေးမှာ သူမ ဟိုက်ဖို့ကိ်ဝင်ကာ ဖျားသဖြင့် ကျွန်တော် ဒေါင်ချာစိုင်းအောင် ပိုဂရုစိုက်ရလေသည်။

"လာဦး"

"ဘာလဲ သစ္စာ၊ ဘာဖြစ်လဲ၊ ခေါင်းမူးလားဟင်"

"ရှင် ခက်လိုက်တာ၊ လာပါဆို"

"အင်း၊ ပြော"

ကျွန်တော်က သူမကိုတိုက်မည့်ဆေးနှင့် ကြက်စွပ်ပြုတ်ပွဲကို စားပွဲပေါ်အသာပြန်တင်ပြီး သူမဆီ အပြေးသွားရပြန်သည်။





"ပြောလေ၊ ကျွန်တော်ရောက်ပြီ"

"ဘာလုပ်နေတာလဲ"

"ဆေးတိုက်မလို့လေ၊ သစ္စာကို"

"ဘယ်သူက သောက်မယ်ပြောလို့လဲ"

"အန် ..."

"မသောက်ဘူး၊ လွှင့်ပစ်လိုက်"

"ဗျာ ..."

"မသောက်ချင်ဘူးဆို၊ ဘာဆေးတွေလဲမသိဘူး၊ ခါးနေတာကြီး၊ ဘာမှမစားရတဲ့ကြား အဲ့ဒီဆေးခါးကြီးကိုပဲ သောက်နေရတာ၊ သေချင်တယ်"

"အဲ့လိုမပြောပါနဲ့ သစ္စာရယ်၊ သစ္စာက အခု တိုက်ဖို့က်ခင်နေတာလေ၊ ဆေးသောက်မှပေါ့၊ ဆေးမသောက်ရင် ဘယ်လိုလုပ်ပျောက်မလဲ"

"ရှင်သောက်ပါလား"

"အန် ..."

သူမ ညစ်ပြန်ပြီ၊ ရစ်ပြန်လေပြီ။ ကျွန်တော် ဘာလုပ်ရမှန်းမသိအောင် စိတ်ညစ်ရပေမဲ့ အမြဲပြုံးနေမြဲပင်။

"သစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးသောက်မယ်နော်၊ ကြက်စွပ်ပြုတ်ကပူတုန်း ကျွန်တော် ကိုယ်တိုင် လုပ်ထားတာ၊ ကြက်သားတွေကို အဆီထုတ်ပြီးမှ သေသေချာချာ ပေါင်းခံထားတာ၊ သောက်ကြည့်လိုက်နော်"

"ဘာဖြစ်နေတာလဲ၊ မသောက်ပါဘူးဆို"

သူမ အာခေါင်ခြစ်သံဖြင့် အော်တော့သည်။ လေးငါးရက် နီးနီး ဖျားထားသဖြင့် သူမမျက်နှာက ဖြူဖျော့ကာ နှုတ်ခမ်းလေး တွေပင် သွေးရောင်လျော့နေလေပြီ။

သူမ အဖျားရှိန်ကြောင့် အားနည်းနေတာ ကျွန်တော် မကြည့်ရက်။ သူမအစား ကျွန်တော်ပဲ ဖြေးဖြစ်လိုက်ချင်တော့ သည်။

သူမ ဖျားနေမှ ဘယ်လောက်ဂျီကြတတ်မှန်း ကျွန်တော် ပိုသိလိုက်ရလေသည်။

"သစ္စာရယ် ဆေးမသောက်ရင် ခင်ဗျား ဘယ်လိုလုပ် ပျောက်မလဲ၊ အဖျားပျောက်မှ သစ္စာစားချင်တာ စားလို့ရမှာပေါ့ သစ္စာ သောက်လိုက်နော်"

"ရှင်ဘာဖြစ်နေတာလဲ၊ မသောက်ချင်ပါဘူးဆို၊ အတင်း ဇွတ်မတိုက်နေနဲ့၊ စိတ်ဆိုးနေတယ်နော်"

"ရော် ..."





အစားဝင်တာနည်းသဖြင့် အသက်ရှူတာတောင် သူမ အနည်းငယ် မောဟိုက်နေပုံရသည်မို့ ကျွန်တော် နင့်နေအောင် သနားလှလေသည်။

"အဲဒီလို မသောက်ရင်တော့ သစ္စာဖျားနေတာ ရက်ပို ကြာလိမ့်မယ်၊ ထနော်၊ ခဏဆေးသောက်လိုက်ရအောင်"

"ကျွန်မ ရှောက်သီးသုပ်စားချင်တယ်"

"ဗျာ ..."

"သွားဝယ်"

"ဘုရား ..."

ကျွန်တော် ဘာမှဆက်မပြောနိုင်အောင် သူမက ခေါင်းမာ စွာ ထပ်ပြောနေပြန်သည်။

"အဲဒီအသည်ကို တွေ့အောင်ရှာပြီး ဝယ်လာခဲ့၊ သွားတော့"

"မဟုတ်ဘူး၊ သွားလို့မရဘူးလေ၊ သစ္စာမှ စားလို့မရတာ၊ ဆေးမသောက်ဘဲနဲ့ အဲ့ဒါတွေစားရင် အူပါရောင်မှာပေါ့၊ တော် ကြာ ဆေးရုံတက်နေရလိမ့်မယ်"

"တက်တက်ပေါ့၊ ဆေးရုံတက်တာ ဘာဆန်းလို့လဲ၊ အရင်တစ်ခါကတောင် ခြေကျိုးလို့ ဟက်ကုပြီးတဲ့ဟာ"

သူမ မမေ့နိုင်စွာပြောတော့ ကျွန်တော် စိတ်ညစ်စွာ တစ်ချက်ရှိုက်ငင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် သူမ ဆေးသောက်ဖို့ကို ကျွန်တော် ညာဏ်နီ ညာဏ်နဂ် ထုတ်သုံးရတော့သည်။

"ကျွန်တော်သွားမဝယ်ခင် ခင်ဗျား ဆေးသောက်ရမယ်၊ အယ်နှယ်လဲ"

"လုပ်မနေနဲ့၊ သွားဆိုသွား"

"ဟာ ... ဆေးမသောက်ရင်တော့ မဖြစ်ဘူးလေ၊ ကျွန်တော် ခင် ခင်ဗျားစားချင်တာ သွားဝယ်မှာပါ၊ ဆေးအရင်သောက်လိုက် ဟုတ်လား"

သူမ စိတ်ဆိုးလာသလို မျက်မှောင်ကြီးကျုံ့ကာ ကြည့်တော့ သည်။ သူမ စိတ်ကြီးမှန်းသိလျက်နှင့် ကျွန်တော် ဒီတစ်ခါ အလျှော့ပေးလိုက်လျှင်တော့ သူမ အဖျားမပျောက်နိုင်။

ထို့ကြောင့် ကျွန်တော် သူမ ခုတင်နား ဒူးထောက်ချလိုက် ကာ ...

"ဆေးသောက်လလိုက်ပါ၊ ကျွန်တော် တောင်းပန်ပါ တယ်၊ အဲဒီအတွက် ကျွန်တော့်ကို စိတ်ဆိုးမယ်ဆိုရင် ကြိုက်သလို နိုင်းပါ၊ အခုလောလောဆယ်တော့ ခင်ဗျား ဆေးသောက်မှကို ဖြစ်မှာမို့ပါ၊ တောင်းပန်ပါတယ်"

"သွားတော့ ..."





သူမ ကစ်ချက်အော်ကာ တစ်ဖက်လှည့်သွားသည်။ သူမ ျား‌နေတာ ဒီထက်ရက်မကြာစေချင်တော့ ...

ကျွန်တော်လည်း ခေါင်းမာစွာ ဒူးထောက်မြဲပင်။ သူမ ကိုက်ဖွိုက်ဝင်နေသဖြင့် အစာမစားရတာ လေးငါးရက်ရှိနေခဲ့ပြီ။ ဆေးသောက်တော့မည်ဆိုလျှင် သူမ ရစ်ပြီ၊ အော်ဟစ်ပြီ၊ ားလုံးကို ရန်လုပ်လေပြီ။

စွပ်ပြုတ်ရည်တွေဆို သူမက မုန်းတီးလှသေးသည်။ ပန်းကန် ုံးတစ်လုံးစာတောင် မကုန်ချင်။ ကျွန်တော် စိတ်ပူစွာ မျက်ရည် င်ဝဲရကြိမ်ပေါင်း မနည်းတော့။

"သစ္စာ"

"ခဏလေးထပါဗျာ၊ ကျွန်တော့်ကို သနားပါဦး၊ သစ္စာ ဆေးသောက်မှဖြစ်မယ်၊ ကျွန်တော်ပြီးရင် ချက်ချင်းသွားဝယ်ပေး ပါမယ်"

"..."

ကျွန်တော်အသံက ငိုချင်စိတ်ကြောင့် တုန်တုန်ယင်ယင်။ ူမက ကျွန်တော့်အသံ တုန်နေတာကို အလွယ်တကူပင် ိမြင်သွားခဲ့ကာ ...

"အဲ့ဒါက ဘာယ်လိုဖြစ်နေရတာလဲ"

"..."



www.burmeseclassic.com

www.burmeseclassic.com



သူမ ခုတင်တိုင်ကိုမှီကာ ငေါက်ခနဲကောက်ထိုင်
ကျွန်တော့်ကို စူးစူးနစ်နစ်စိုက်ကြည့်လျက် ...

"ရုပ်ကြီးက နွံ့လိုက်တာ၊ ကျွန်မ ဆေးမသောက်တာ
ရှင် ကိုယ့်ကိုယ်ကို သတ်သေပြချင်ပြီလား"

"ကျွန်တော် အဲလိုလုပ်မှ သစ္စာ ဆေးသောက်မယ်ဆို
ကျွန်တော် လုပ်ရဲပါတယ်"

"ဘာမှ အဓိပ္ပာယ်မရှိဘူး"

"ကဲ ... ပေး ... ပေး ... ပေး၊ ကျွန်မရှေ့မှာ အစန့်
ကြီး သေနေမှာတော့ မကြည့်ရဲဘူး"

"ဒါဖြင့် ရပြီပေါ့"

ကျွန်တော်လည်းလှစ်ခနဲထကာ သူမကို ဆေးတိုက်ရ
သည်။ ဒါတောင် သူမ ပါးစပ်က ဗျစ်တောက်ဗျစ်တောက်
ကာ ရှုံ့မဲ့စွာ အောင့်ဟာစ်သောက်ခြင်းပင်။

သူမ ဆေးကြောက်သည့်ဟန်ကို ကျွန်တော့်မျက်စိထဲက
မထွက်တော့။ သူမ တိုက်ဖွိုက်ဖြစ်တာကိုတောင် ဒီလောက်
တွေကြောက်ပြီး ခါးသီးနေလျှင် သူမခြေထောက် ထိခိုက်နာ
ခဲ့ချိန်ကဆို ပြောဖွယ်ရာပင် ရှိမှာမဟုတ်တော့။

(ထိုအချိန်က သူမ ဘယ်လောက်ထိ ရှုးသွပ်နာကျင်
မလဲ)





ထိုအချိန်ကတည်းက ခံစားချက် တနင့်တပိုးတွေက ယခုချိန်ထိ ကျွန်တော့်အပေါ် အနိုင်ယူကာ လက်တုံ့ပြန်နေခြင်းပင်။

သူမ ဘယ်လောက်ထိ ကျွန်တော့် အနိုင်ယူမလဲ ...

သူမ ဘယ်လောက်ထိ ကျွန်တော့်ကို မုန်းနေမှာလဲ ...

သူမ ဘယ်လောက်ထိ ကျွန်တော့်ကို လက်တုံ့ပြန်နေမှာလဲ ...

သေချာတာ ခုချိန်ထိ ကျွန်တော့်အချစ်တွေ သူမရင်ထဲ မထိုးဖောက်နိုင်ခြင်းပင် ...

သူမအချစ်တွေက သေဆုံးသွားသူ သူမချစ်သူအပေါ်သာ သက်ဝင်မြုပ်နှံထားခဲ့ပြီး ကျွန်တော့်အပေါ် အငြိုးအမုန်းတွေနှင့်သာ ပြည့်သိပ်ကျပ်ခဲနေပါလိမ့်မည်။

"ပြီးပြီ၊ သွားတော့"

"အင်းပါ၊ ခဏအိပ်လိုက်နော်"

"ရှည်ပြန်ပြီ"

"ကျွန်တော့်ကို စောင့်ရင်းလေ"

"မရှည်နဲ့၊ သွားဆိုသွား"

"စိတ်ချ၊ ကျွန်တော် ရအောင်ရှာဝယ်ခဲ့မယ်"

"ပါမလာရင် ပြန်မလာနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



သူမ ကုန်းအောင်ဂါက ဖခင်ပွာစ်ယောက် အပြင်ထွက်ခါနီး ပူဆာတတ်သည့် ကလေးတစ်ယောက်၏ ဂျီတိုက်သံမျိုးပင်။

ကျွန်တော့် တစ်ချက်ကျိတ်ပြုံးမိကာ ကားသော့ဆွဲပြီး တခြားနေရာတွေမှာပဲ ကားပတ်မောင်းနေခဲ့သည်။

သူမ ကြိုက်သည့် ကလေးဆေးရုံကြီးနားက ရှောက်သီးသုပ်သည်ကို တွေ့ပါလျက်နှင့် ကျွန်တော် မဝယ်ခဲ့ခြင်းပါ။

ဒီလောက်ဖျားနေတဲ့ လူနာတစ်ယောက်ကို ရှောက်သီးသုပ် ကျွေးဖို့ထိ ကျွန်တော် အလိုမလိုက်နိုင်ပါ။

ထိုအတွက် ကျွန်တော် အပြင်မှာ အချိန်တော်တော်ကြာ ဖြုန်းပစ်လိုက်ပြီး သူမ အိပ်ပျော်နေချိန်လောက်မှန်းကာ ပြန်ဝင် လာခဲ့သည်။

ကံကောင်းစွာ သူမ အိပ်ပျော်နေခဲ့ပြီ ဖြစ်သည်။

ကြည့်စမ်း ...

အိပ်ပျော်နေတာတောင် နှုတ်ခမ်းလေးတွေက တင်းတင်း စေ့လို့။ တကယ့်ကို အတ္တကြီးမည့် မျက်နှာလေး။ သို့သော် ကျွန်တော် သိပ်ချစ်ရလေသည်။

* * *





## အခန်း (၁၀)

"ဟင် ... ရှင် ဘာထိုင်လုပ်နေတာလဲ"

"ထ ... ထ"

"ထစမ်းပါ ရန်ငြိမ်းရဲ့"

"ဗျာ ... ဗျာ ... အင် ... အင်း"

ကျွန်တော် ရုတ်တရက် ငိုက်ခနဲဖြစ်သွားချိန်မှာ သူမထံမှ ဆူးဆူးဝါးဝါး အော်လိုက်သံကြောင့် ကျွန်တော် မေးထောက်ကာ ငိုက်နေသည့်လက်ပင် ပြုတ်ကျသွားရသည်။

"ဘာလဲဟင် သစ္စာ၊ ဆောရီးဘဲဗျာ ကျွန်တော် တစ်ချက် အိပ်ငိုက်သွားတယ်"

"ဘယ်မလဲ ရှောက်သီးသုပ်"

"ခင်ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဝယ်မလာဘဲ ပြန်လာအိပ်နေတာမဟုတ်လား"

"မဟုတ်ဘူး၊ ကျွန်တော်နဲ့အောင် လိုက်ရှာတယ်၊ ဒီနေ့မှ မတွေ့တာ၊ တကယ် တကယ်ပြောတာပါဗျာ"

"အဓိပ္ပာယ်မရှိတာ၊ ဒီအသည် နေ့တိုင်းလာတဲ့ဟာ ကျွန်မ အမြဲဝယ်စားနေကျ၊ ရှင် မဝယ်ပေးချင်လို့ ညာတာ"

"မဟုတ်ရပါဘူး သစ္စာရယ်၊ ကျွန်တော် တကယ် တကယ်ကို ရှာတာပါ၊ တကယ်မတွေ့တာပါ"

"ရှင် လူလိမ်"

သူမက အရမ်းစိတ်ဆိုးသည့် မျက်နှာမျိုးဖြင့် ကျွန်တော့်ကို နှင့်သီးကစွာ တစ်ချက်ထအော်သည်။

ကျွန်တော် ဘာမှမပြောတော့ဘဲ သူမခုတင်နားက စားပွဲခုံပေါ်က ပစ္စည်းလေးတွေ ရှင်းလင်းနေလိုက်သည်။

နေမကောင်းနေသူများ ထမင်းတောင် စားရသေးတာ မဟုတ်ဘူး၊ ကျွန်တော်က ဘယ်လိုလုပ်ပြီး ဒီ ရှောက်သီးသုပ်ကြီးကို ကျွေးရမှာလဲ ...

သူမ တစ်စုံတစ်ခုဖြစ်သွားရင် ကျွန်တော် ရင်ကျိုးရချည်ရဲ့ ...

သူမဟာ ဘာဖြစ်လို့များ ဒီလောက် အစွဲအလမ်းကြီးရတာလဲ၊ ခေါင်းမာရတာလဲ။ ကျွန်တော် မသိနိုင်။





သူမရင်ထဲ တစ်ကိုယ်ကောင်းဆန်သည့် အတ္တတွေသာ ပါလိမ့်မည်။

"အဲ့ဒါ ဘာလုပ်နေရတာလဲ"

"သိမ်းနေတာ"

"ဘာသိမ်းစရာရှိလို့လဲ၊ နားငြီးတယ်၊ ပစ္စည်းတွေ ဟိုရွှေ့ ဒီရွှေ့နဲ့ မသိမ်းနဲ့"

"အင်း ... အင်း"

"ဘာ အင်းလဲ၊ ကောင်းကောင်းဖြေစမ်းပါ"

"ဟုတ်ကဲ့ပါခင်ဗျာ၊ ကဲ သစ္စာ ကျေနပ်ပြီမလား"

"ရှင်သိထားဖို့က ရှင်နဲ့ကျွန်မဟာ အယောင်ဆောင်ချစ်သူတွေနော်၊ တကယ့်ဘဝအမှန်က ရှင်ဟာ ကျွန်မရဲ့ သက်တော်စောင့်၊ ပြီးတော့ အလုပ်သမား၊ အဲ့ဒါကို မမေ့ပစ်နဲ့"

"အင်းပါ"

"ရှင့်ကို အပြင်မှာ ဒီအတိုင်းပစ်ထားခဲ့မိရင် အကောင်းသား၊ ခုတော့ မိုးမိပြီး သေမှာစိုးလို့ ကယ်မိပါတယ်၊ အားလုံးနဲ့ ဖက်ပင်းတိုးပြီး အထင်လွဲခံရတဲ့အဖြစ်၊ ကျွန်မ သိက္ခာအတွက် အဖတ်ဆယ်ထားတာနော်၊ လုံးဝ ကျေနပ်တာမဟုတ်ဘူး"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ခုလဲ ရှင် တမင်ဝယ်မလာတာ ကျွန်မသိတယ်၊ အဲဒီအတွက် ကိုယ်ဘာသာကိုယ် ထွက်ဝယ်စားမယ်"

"ဟင် ..."

ကျွန်တော် ငေကြောင်သွားဆဲမှာ သူမက လှတ်ခနဲ ပြေးထွက်သွားခဲ့ပြီ။

"ဘုရားရေ ..."

ရုတ်တရက် ကျွန်တော့်ရင်ထဲ ဆွံ့အကာ ငေးကြောင်သွားသည့်အတွက် သူမက ဘယ်သူ့တွေမှ မသိနိုင်ခင်မှာဘဲ ကျွန်းလှေကားထစ်ကြီးတစ်လျှောက် တဒိုင်းဒိုင်းနှင့် ပြေးဆင်းသွားတော့သည်။

"သစ္စာ ..."

ကျွန်တော်လိုက်ခေါ်နော သိသိကြီးနှင့် သူမ လှည့်မကြည့်။ ကျွန်တော် အရမ်းစိုးရိမ်သွားရသည်မှာ သေလုမျှောပါး။

မတော်တဆ သူမ ခြေချော်ပြီး ပြုတ်ကျလျှင်ဖြင့် (ဒါမှမဟုတ်) သူမ အားနည်းပြီး မူးဝေကာ ဟပ်ထိုးလဲကျသွားလျှင်ဖြင့် ...

"နေဦး ... ခဏလေး သစ္စာ"

အတွေးဖြင့် ကျွန်တော့်ရင်ခုန်သံတွေ တဒိုင်းဒိုင်း ဆူညံကျယ်လောင်နေသည်မှာ ပေါက်ထွက်လွင့်စဉ်မတတ်။





"သစ္စာ ..."

"သတိထား ... ခြေချော်မယ်၊ ခင်ဗျား အားနည်းနေတယ်"

ကျွန်တော် ပါးစပ်ကလည်းအော်၊ လူကလည်း လိုက်လာသဖြင့် အော်ဟစ်တားမြစ်နေတာကို သူမ ဂရုမစိုက်တော့ ...

ကျွန်တော် ဘာကိုမျှမစဉ်းစားနိုင်တော့ဘဲ သူမကို အမီပြေးလိုက်ကာ ဖွေ့ခနဲ ကောက်ချီလိုက်တော့သည်။

"လာ ..."

"ဟင် ... ဘာ ... ဘာလုပ်တာလဲ"

ကျွန်တော် ဖွေ့ခနဲကောက်ချီလိုက်တော့ သူမက ကျွန်တော့်ရင်ဘတ်ကို ဒေါသတကြီး အဆက်မပြတ် ထုနက်တော့သည်။

"လွှတ်စမ်း ..."

"လွှတ်လို့ပြောနေတယ်"

"သစ္စာကို ကျွန်တော် အခန်းထဲပြန်ပို့မယ်၊ ပြီးရင် လွှတ်မယ်"

"မရဘူး ... လွှတ် ... ကျွန်မကို အောက်ပြန်ချပေး"

ကျွန်တော့်မှာ အောက်ဆုံးလှေကားထစ်နားဆီကနေ သူမကို မနည်းကောက်ချီကာ ပွေ့ခေါ်လာရသည်။ သူမက တောင့်အောင်းမလိုက်ဘဲ အတင်းထုနက်ရုန်းကန်နေသဖြင့် ကျွန်တော့်ခြေလှမ်းတွေ သိပ်မတွင် ...

www.burmeseclassic.com

www.burmeseclassic.com



"လွှတ်ဆိုလွှတ် ... ရှင် မလွှတ်ဘူးလား"

သူမက အသက်တောင်မရှူဘဲ အမောတကော ထုရိုက် ဘ အော်ဟစ်ရုန်းကန်ရင်း ကျွန်တော် ပွေ့ချီရာနောက် လိုက်ပါလာသည်။

အခန်းပအရောက်မှာတော့ ...

"ရှင့်ကိုမုန်းတယ် ... သိပ်ကိုမုန်းတယ်၊ ရှင့်ရင်ခွင်ထဲမှာ မနေပါရစေနဲ့၊ ကျွန်မကို လွှတ်ပါတော့ ..."

"..."

တောင်းပန်ရိုပ်လိုလို၊ အသနားခံသည့် နူးညံ့သံလိုလို အမောတကော အဆက်မပြတ်ပြောကာ သူမက မျက်လုံးတွေကို စုံမှိတ်ပစ်လိုက်သည်။

ကျွန်တော့်မှာ အရှင်လတ်လတ်ကြီးမီးမြိုက်ကာ အသတ်ခံရသူလို သေဆုံးသွားခဲ့ရတော့သည်။

"မုန်းလို့ပါ"

"ရှင့်ကို သိပ်မုန်းလို့ပါ"

"လွှတ်ပါ"

"လွှတ်ပေးပါ"

ကျွန်တော် တင်းတင်းဖက်ထားသည့် သူမကိုယ်ဆီက လက်တွေ တဖြည်းဖြည်းအားလျော့ကာ တစ်ထစ်ချင်း၊ တစ်ထစ်ချင်း ပြုတ်ကျသွားခဲ့သည်။





ပြီးလျှင် ကျွန်တော့်မျက်ဝန်းမှ မျက်ရည်တွေက တစ်ပေါက် င်းလိမ့်စင်းကျလာကာ ...

"သစ္စာရယ် ... ခင်ဗျား ကျွန်တော့်ကို အဲ့ဒီလောက်ထိ န်းရလားဗျာ၊ ကျွန်တော်ကတော့ ခင်ဗျားကို ချစ်တယ်၊ ရင်ကွဲ ွက်မကတတ်ကို ချစ်တာ၊ ခင်ဗျားအတွက်ဆို အားလုံးလိုက်လျော ေးနိုင်တယ်၊ ကျွန်တော်ချစ်နေတာကို မတားမြစ်ဖို့၊ မဟန့် ားဖို့ဘဲ ကျွန်တော် တောင်းပန်ပါရစေဗျာ"

"..."

သူမက ကျွန်တော်လွှတ်ပေးလိုက်သည်မို့ အခန်းဝတံခါး ပ်ကြီးမှာ မှီဖျော့စွာထိုင်ရင်း ကျွန်တော့်ကိုကြည့်နေသည်။

ကျွန်တော် မရှက်နိုင်တော့ ...

အုတ်နံရံကို ပါးအပ်ကာ ကျွန်တော် ရှိုက်နေမိသည်။ ိုက်ငင်ကာ ထွက်ပေါ်လာသည့် အသံတွေက တုန်ယင်လှိုက် ောနေမှာ သေချာသည်။

"အခုလဲ ကျွန်တော် ခင်ဗျားကို သိပ်စိတ်ပူလို့ မသွားစေချ ာပါ၊ ကျွန်တော့်စေတနာက ခင်ဗျားကို ဘာစိတ်ဆင်းရဲမှုမျိုး ှ မခံစားစေချင်တာ၊ ဟုတ်ပါတယ်၊ ကျွန်တော် တမင်ယ် လာတာပါ၊ ကျွန်တော်ဝယ်ပေးလိုက်တာစားပြီး ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတစ်ရာဖြစ်သွားရင် ကျွန်တော်ဆိုတဲ့ကောင်က ကိုယ့်ကိုယ်ကို သတ်သေမယ့်ကောင်ပါဗျာ ...

"ခင်ဗျား သိပ်ဖျားနေတယ်၊ ငါးရက်ရှိပြီ၊ ပြီးတော့ တိုက်ဖွိုက်ကြီး၊ ကျွန်တော် ဘယ်လိုလုပ် ဝယ်ကျွေးရက်ပါ့မလဲ၊ ကျွန်တော့်ကို ကြိုက်တာခိုင်း၊ ကျွန်တော် အားလုံးလုပ်ပေးမယ်"

"ခင်ဗျား ဒုက္ခရောက်မယ့်ကိစ္စတော့ မလုပ်ပေးပါရစေနဲ့ သစ္စာရယ်၊ တောင်းပန်ပါတယ်"

"တောင်းပန်ပါတယ်ဗျာ"

"ရှင် မသိဘူးလားဟင်"

"ရှင်ချစ်လို့ ကျွန်မ ဒုက္ခရောက်နေတာလေ"

"ဟင် ..."

"ရှင့်အချစ်ခံနေရလို့ ကျွန်မ သိပ်စိတ်ဆင်းရဲနေရတာ"

"သစ္စာရယ် ..."

"ဖြစ်နိုင်ရင် ရှင် ကျွန်မကို မချစ်ပါနဲ့၊ ရှင် ထွက်သွားပါတော့၊ ရှင့်ကို ကျွန်မ ဘယ်တော့မှလဲ ပြန်ချစ်လာမှာမှ မဟုတ်တာ ..."

"ဝမ်းနည်းပါတယ်၊ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး၊ ဘယ်လိုမှလဲ မလိုက်လျောပေးနိုင်ပါဘူး"

"ရှင်လဲ ကျွန်မလို ခေါင်းမာတာပဲနော် ..."





သူမ ကျွန်တော့်ကို ရိသဲ့သဲ့ပြုံးပြဖို့ ကြိုးစားပေးမဲ့ အေးဘောင်မြင်ရှာ၊ မျက်လုံးတွေကို စုံမှိတ်ရင်း အသက်ကို ဖြည်းညင်းစွာရှူနေသည်။

သူမ အရမ်းမောနေလေပြီ၊ နေလည်းမကောင်းဘဲဗျာ ...

စိတ်ကြီးလိုက်ပါဘိတော့ ...

ကျွန်တော့်မျက်ရည်တွေကို ခပ်ကြမ်းကြမ်း ဖိတ်သုတ်ပစ်လိုက်ကာ သူမပခုံးနှစ်ဖက်ကို အသာအယာကိုင်လှုပ်ကာ သတိပေးလိုက်ရသည်။

"သစ္စာ ..."

"သစ္စာ၊ ခင်ဗျားအရမ်းမောနေပြီ၊ ခင်ဗျား ကောင်းကောင်းအနားပြန်ယူမှဖြစ်မယ်၊ ထနော်၊ ထ ... ထ"

"ကျွန်မ ..."

ဒီတစ်ခါ သူမ မငြင်းနိုင်တော့၊ ကျွန်တော် အသာအယာဆွဲချီကာ ခုတင်ပေါ်ချပေးလိုက်ချိန်မှာ သူမကိုယ်တွေ ခြစ်ခြစ်တောက်နေခဲ့ပြီဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

သူမ ဆေးသောက်ရမှာ ပျင်းတာရော၊ ကြောက်တာရော
ဂျီကျနေတတ်တာရောတွေကြောင့် သူမ အဖျားက ရက်ကြ
သွားခဲ့သည်။

သူမ ဖျားနေချိန်တွေမှာ ကျွန်တော် စစ်ကိုင်းကို တစ်ခေါ
မှ မပြန်တော့၊ သူမအိမ်မှာပဲနေကာ တစ်ခန်းသတ်သတ်ယူ
သူမကို နေ့ရော ညပါ အနီးကပ်ပြုစုပေးခဲ့ရသည်။

သူမက ကျွန်တော့်ကိုကြည့်သည့် အကြည့်တွေမှာ နွေး
မှုကင်းစွာ အေးစက်တင်းမာနေတုန်းပင်။

ထိုနေ့က သူမ အဖျားပျောက်ပြီးခါစရှိသေးသည်
လေသာဆောင်မှာ ဒရင်းဘက်တစ်လုံးနှင့် အကြာကြီးထိုင်
သဖြင့် ကျွန်တော် စိတ်ပူစပြုလာရခဲ့ပြီ။





"သဲစွာ"

"လေတိုက်တယ်နော်၊ တော်ကြာ ပြန်အဖျားဝင်နေဦးမယ်၊ အဖျားက မနေ့ကမှ ပျောက်သွားတာမလား၊ ဝင်တော့နော်"

"..."

သူမက မတုန်မလှုပ် ကောင်းကောင်းကြီးကို မော့ကြည့်လျက်
သူမက ကောင်းကင်တစ်ခုလုံး အုံ့မှိုင်းနေတာ သိသိကြီးနှင့်
မော်ကြည့်နေခြင်းပင်။

"လေလဲတိုက်လာတယ်၊ မိုးရွာမယ်ထင်တယ်၊ အထဲဝင်ရအောင်နော်"

"ဟင့်အင်း"

"လာပါဗျာ၊ ကျွန်တော် စိတ်ပူလို့ပါ၊ ဖြုန်းခနဲ ရွာချလိုက်ရင် မိုးမိပြီး ပြန်ဖျားတော့မှာ"

"မိုးရေချိုးချင်တာ"

"ဗျာ ..."

"မိုးရေချိုးချင်လို့၊ မိုးရွာပါစေလို့ ထိုင်ဆုတောင်းနေတာ"

"ခင်ဗျာ ..."

ကျွန်တော် သူမ အရွဲ့တိုက်လိုက်မှာ ခေါင်းမာနေမှာကို
တော့ ကြောက်စပြုလာပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာတော့မှာ သိသိကြီးနှင့် မိုးရေထဲထိုင်ဖို့ကိုတော့ ခွင့်မပြုနိုင်ပါ။

"ဒီလိုလုပ်ပါလား သစ္စာ၊ သစ္စာ မိုးရေချိုးလို့မရသေးတော့ ကျွန်တော် ချိုးလိုက်မယ်လေ၊ နော်"

"ရှည်ပြန်ပြီ"

"လက်ခံပါဗျာ၊ ဒီအချိန်ကြီး မိုးရေချိုးလို့မဖြစ်ပါဘူး၊ ကျွန်တော်ပဲချိုးလိုက်မယ်၊ သစ္စာ ထိုင်ကြည့်လေ၊ နော်"

"ဘာအတွက်လဲ"

"အချစ်အတွက်ပါ"

ကျွန်တော် ထိုစကားတစ်ခွန်းပြောတာနှင့် သူမ အေးတိအေးစက်နှင့် မတုန်မလှုပ် ပြန်ထွက်သွားတော့သည်။

မကြာပါ ...

မိုးစက်တွေ တဖျောက်ဖျောက်ကျလာတော့သည်။ ကျွန်တော် ကိုယ့်စကားနှင့်ကိုယ်မို့ ခပေခံရပေဦးမည်။

ထိုညမှ မိုးက ခပ်သည်းသည်းရွာချလိုက်ခြင်း။ ကျွန်တော် သူမဆီလှမ်းကြည့်လိုက်တော့ သူမက လေသာဆောင်ကို မြင်ရသည့် ပြတင်းပေါက်လေးကနေ စောင့်ကြည့်နေသည်။

တစ်ခဏအတွင်းမှာပင် ကျွန်တော့်တစ်ကိုယ်လုံး ရွှဲရွှဲစိုရလေပြီ။ မိုးကလည်း သဲသဲမဲမဲပင်၊ တော်တော်နှင့်မတိတ်ပါ။





ကျွန်တော့်တစ်ကိုယ်လုံး ချမ်းစိမ့်အေးစက်လာပြီမို့ တဆတ်ဆတ်တုန်ယင်လာသည့် လက်နှစ်ဖက်ကို ခပ်တင်းတင်းပိုက်ထားသည်။

သစ္စာ ...

တွေ့ပြီမလား ...

ကျွန်တော် ခင်ဗျားကို ဘယ်လောက်ချစ်တယ်ဆိုတာ ...

ဒါ ခင်ဗျားအတွက် ကျွန်တော် သဲသဲမဲမဲလုပ်ပြနေတာ ...

ချစ်ပြနေတာ ...

အချစ်အတွက်ပါ ...

ခင်ဗျားကို ကျွန်တော် သိပ်ချစ်တယ် ...

ကျွန်တော့်ကို သိပ်မုန်းတီး အမြင်ကတ်နေတဲ့ ခင်ဗျားရဲ့ ကျောနေတဲ့ နှလုံးသားကို ကျွန်တော်က အချစ်နဲ့ တိုက်နေရပါ ...

ကျွန်တော်တို့နှစ်ယောက်စလုံးရဲ့ အပြင်းအထန်တိုက်ပွဲပဲပါနော် ...

ကျွန်တော်ဟာ ခင်ဗျားရဲ့ကိုယ်ရံတော်ဘဝ၊ အလုပ်သမား အယောင်ဆောင်ချစ်သူဘဝရောက်နေရတာတောင် ကျေနပ်ဆုန်းပါ ...

ကျေနပ်တယ် သစ္စာ ...



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား စိတ်ရှိသလို လက်တုံ့ပြန်ပါ ...

ကျွန်တော် ကျေနပ်စွာ လက်ခံဖို့ အဆင်သင့်ပါဗျာ ...

မိုးက အဆက်မပြတ် သည်းသည်းထန်ထန်ရွာလျက်ရှိတုန်း။ အညာဒေသတွေက မိုးရွာခဲ့သည်။ မိုးလည်း ခေါင်တတ်သည်။ မိုးရွာပြီဆိုလျှင်တော့ လေရောမိုးပါ အဆက်မပြတ် အငြိုးတကြီး သဲသဲမဲမဲရွာတတ်သည်။

လေကြမ်းကြီးတွေ တိုက်နေပုံက လေဆင်နှာမောင်းအလား ကျွန်တော် လေထဲလွင့်စဉ်ပါသွားမတတ် ...

ကျွန်တော် ကြံ့ကြံ့ခံထားရသည်။

ဘယ်လောက်ပဲ ချမ်းတုန်နေပါစေဦး၊ ဒူးတွေညွတ်ခွေမသွားရအောင် ကျွန်တော် အရမ်းထိန်းထားရသည်။

တကယ်တော့ ကျွန်တော် သူမ ဖျားနေသည့်ရက်တွေမှာ အိပ်ရေးပျက်၊ အစားပျက်နှင့်ရှိခဲ့သည့် ကျွန်တော့်ခန္ဓာကိုယ်က မိုးဒဏ်ကို သိပ်မခံနိုင်။

တစ်ချက်တစ်ချက် ဒူးတွေညွတ်ခွေကာ ပြိုလဲကျမတတ် ယိမ်းယိုင်တုန်ယင်လာသည်။

ကျွန်တော်ဆုံးဖြတ်ထားသည်က သူမ ကျွန်တော့်ကို မခေါ်မချင်း ကျွန်တော် ဒီအဲတိုင်း ရပ်နေမည်ပေါ့ ...

ဒါ အချစ်အတွက်ပေ ...





ကျွန်တော့်အချစ်တွေ ဘယ်လောက်အင်အားကြီးမှန်း သူမ သိခွင့်ရသွားစေရမည်။

ကျွန်တော် အရူးထနေတာ သူမကြီးဒေါ်တွေကတော့ သိကြမည်မထင်။ သိကြမြင်ကြလျှင်ဖြင့် စိတ်လည်းဆိုကြမည်၊ အံ့မခန်းလည်း ဖြစ်ကြမည်၊ သူမကိုလည်း အပြစ်တင်ကြမည် ဖြစ်သည်။

ကံကောင်းတာ အပျိုကြီးသုံးယောက်က စောစောစီးစီး အိပ်ရာဝင်တတ်ကြခြင်းပါ။

သူမ ကျွန်တော့်ကို တစ်ချက်ကလေးတောင် လှမ်းမခေါ်သေး ...

ကျွန်တော် တဆတ်ဆတ်တုန်ကာ ဒူးတွေယိမ်းထိုးလာပြီး နောက်တစ်ချက်ထိုင်ကျသွားဖို့အပြုမှာ ...

“ဟိတ် ... လာခဲ့”

“ဟာ ...”

ကျွန်တော် ထိတ်ခနဲဝမ်းသာသွားကာ လှည့်ကြည့်လိုက်တော့ သူမက လေသာဆောင်ပြတင်းပေါက်နားဆီကနေ လှမ်းခေါ်နေခြင်း ...

“မလာနဲ့ သစ္စာ၊ မိုးပက်လိမ့်မယ်၊ ကျွန်တော်လာပြီ”



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်၊ ဘယ်သူက ထွက်လာမှာတုန်း၊ ရှင် အရှုးထနေတာ မျက်စိနောက်လာလို့"

"ဟုတ်လား"

ကျွန်တော်၊ တစ်ချက်ပြုံးမိကာ လက်တင်းတင်းပိုက်ရင်းကြွက်စုတ်တစ်ကောင်လို တဆတ်ဆတ်ယိမ်းထိုးတုန်ယင်နေသည့်ခြေလှမ်းတွေဖြင့် အိမ်ထဲလှမ်းဝင်လာခဲ့သည်။

"နေဦး ..."

"ဗျာ ..."

"ဒီလောက်စိုနေတာ ရှင် အိမ်ထဲ ဘယ်လိုဝင်မလဲ"

"အဟင်း ... ဟုတ်သားပဲ"

"ရော့"

"ဘာလဲဟင်"

"သေလိုက်တော့၊ ကိုယ့်ဘာသာကိုယ်ယူကြည့်"

ကျွန်တော့်ရင်ဘတ်ထဲ ဘုတ်ခနဲလှမ်းဝစ်ကာ သူမ ရှေ့ကနေအရင် ခပ်ဆောင့်ဆောင့်ထွက်သွားသည်။

ကျွန်တော့်လက်ထဲက အထုပ်ကိုကြည့်လိုက်တော့ တဘက်ပန်းနုရောင်နုနုလေးတစ်ထည် ပြီးတော့ ရှပ်အင်္ကျီလက်ရှည်နှင့်ဘီးတစ်ချောင်း ...

"ဟာ ..."





ကျွန်တော့်မျက်လုံးတွေ ပြာခနဲဖြစ်သွားသည်ထိ ပျော်မိသွားကာ ရင်တစ်ခုလုံးလည်း တလှပ်လှပ် တုန်ခါသွားရလေသည်။

ကြည့်စမ်း ...

သူမ ကျွန်တော့်ကို စိတ်ပူလာတာတဲ့ပြီ ...

ကျွန်တော့်ကို စိတ်ပူလို့ဆိုတာ သံယောဇဉ်ရှိလို့ပေါ့ ...

"ဟေး ..."

ခနဲ ကျွန်တော် ထခုန်မိမတတ် ပျော်ရွှင်သွားရကာ ကျွန်တော် အဝတ်အစားမြန်မြန်လဲဖို့အလုပ်မှာ ကျွန်တော့်မျက်လုံးတွေ ပြာဝေလာကာ လူတစ်ကိုယ်လည်း ယိမ်းထိုးသွားရတော့သည်။

"ဟင် ..."

ကျွန်တော် သူမပေးသည့်အထုပ်လေးကိုတော့ ရင်ဘတ်မှာတင်းတင်းကျပ်ကျပ် ကိုင်ထားလိုက်သည်။

ဒီအချိန်မှာ ကျွန်တော် လဲပြိုကာ သေသွားပါစေဦးတော့၊ သူမ ကျွန်တော့်အတွက် နွေးထွေးဖို့ပေးသည့် တဘက်နှင့်အင်္ကျီလေးကိုတော့ ကျွန်တော့်လက်က လွှတ်မချရက်နိုင် ...

"ဟင် ..."

"..."

"ရှင် ... ရှင် ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"…"

ကျွန်တော် တစ်လုံးမှကို မဖြေနိုင်တော့။ ကျွန်တော် တစ်ကိုယ်လုံး အားအင်ကုန်ခန်းသွားသလို ဖျော့တော့ချည့်နဲ့ လျက် လဲပြိုသွားခဲ့ပြီ …

ထိုအချိန်လေးမှာပဲ သူမ ကျွန်တော့်နား ရောက်လာတာ ကျွန်တော် ခံစားလိုက်မိသည်။

"အို …"

"ဘာဖြစ်တာလဲရှင် …"

"…"

သူမကို မျက်လုံးဖွင့်မကြည့်နိုင်တော့လောက်အောင် ချ[illegible] ချာလည်ပူးဝေလာကာ ပုံလျက်သား ဝုန်းခနဲပစ်လဲကျသွားခဲ့တ[illegible] ကျွန်တော် သိသည်။

ချစ်သူရေ …

မင်းကို ကိုယ် ဘယ်လောက်ထိချစ်ရ၊ မြတ်နိုးရတ[illegible] ဆိုတာ ယုံကြည်ပေးစမ်းပါတော့ကွယ် …

ကိုယ့်ကို မမုန်းနဲ့တော့နော် …

* * *





# အဆုံး

www.burmeseclassic.com

www.burmeseclassic.com



အမုန်းရဲ့သချိုင်းဆိုတာ အချစ်ပဲဖြစ်နိုင်ပါလိမ့်မယ်။
သို့သော်...

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျောချင်စိတ်နှင့် မလိုက်လျောနိုင်သည့်
ဆုံးဖြတ်ချက်တို့ကြား တွေဝေနေမိတာ
နာရီပေါင်းများစွာ ကြာသည့်တိုင်...
ရင်ထဲတည်ဖွဲ့နေခဲ့ပြီဖြစ်သည့် အချစ်ကို
တော်လှန်နေရသည့်ဝေဒနာက ခါးသီးစွာ
အစံရခက်လှလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"သူ့မှာ နှက်ဖျားပိုးရှိနေတယ်၊ တော်သေးတာက သူ့ အဖျားပိုးက ဦးနှောက်ထဲရောက်မသွားခဲ့တာပဲ"

"..."

"ဒါပေမဲ့၊ သူ့ကိုမာဝင်နေတယ်၊ သူ့အခြေအနေကို စောင့်ကြည့်ရလိမ့်မယ်၊ ခက်တာက ဒီလူ့မှာ သွေးတိုးအခံလေး ကလဲ ရှိနေခဲ့ပုံရတယ်"

"တချို့က ဒီအဖျားပိုးကြီးရင် ပြန်သတိရလာတဲ့အချိန် တစ်စုံတစ်ခု ချို့ယွင်းသွားတာမျိုးတွေလဲ ရှိတတ်တယ်"

"..."

"အဖြစ်နိုင်ဆုံးကတော့ ဦးနှောက်ပိုင်းဆိုင်ရာ ချို့ယွင်း မှုပဲ"



www.burmeseclassic.com

www.burmeseclassic.com



" ... "

ဆရာဝန်ဆီက ကြားလိုက်ရသော စကားတွေက ကျွန်မအတွက်တော့ တကယ့်ကို မချိမဆံ့ပင်။ ကျွန်မတစ်ကိုယ်လုံးပင် မတ်မတ်မရပ်နိုင်တော့လောက်အောင် တစ်စုံတစ်ရာနှင့် ခပ်ပြင်းပြင်း ရိုက်ချခံလိုက်ရသလို ယိုင်နဲ့နာကျင်သွားသည်မှာ ပြောဖွယ်ရာပင် မရှိတော့။

ကျွန်မကိုယ်ကျွန်မ မယုံကြည်နိုင်လောက်အောင် နာကျင်ဆိခိုက်နေရတာကိုလည်း အံ့သြမဆုံးနိုင်။

ဘာဖြစ်လို့လဲ ...

သူ့မှာ ဘာဖြစ်လို့ ဒီငှက်ဖျားဆိုတဲ့ ရောဂါဆိုးကြီးက ရှိနေရတာလဲ ...

ကျွန်မ လုံးဝမထင်ခဲ့ ...

တစ်ကြိမ်က သူ ကျွန်မခြံရှေ့မှာ ကျွန်မကိုတွေ့ခွင့်ရဖို့အတွက် မိုးရေကြီးထဲ အပြင်းအထန် ဆန္ဒပြခဲ့ဖူးသည်။

တစ်စက်ကလေးမှ ဖွဲ့မလျော့ဘဲ ခေါင်းမာစွာ ပေရပ်ခဲ့လို့လည်း မိုးရေထဲ ပစ်လဲကျသွားသည်ထိ သူ ခံစားဖူးပြီးပြီ။

ထိုအချိန်တုန်းကလည်း ကျွန်မ သူ့ကို ဘယ်လောက်ပဲ မုန်းနေပါစေဦး၊ ဥပေက္ခာမပြုနိုင်ခဲ့။





(ကျွန်မ တစ်ကြိမ် သူ့အသက်ကို ကယ်ဖူးသည်ဆိုပါစို့)

အခုတစ်ကြိမ်ကတော့ ကျွန်မ အဖျားပျောက်ကင်းပြီးခါစ စိတ်ရှုပေါက်ပြီး မိုးရေကြီးထဲထိုင်နေချင်မိတာ၊ မိုးရေတွေကို စိမ်ပြေနပြေချိုးချင်နေမိတာကို သူက ရအောင်တားပြီး သူပဲ ကျွန်မကိုယ်စား မိုးရေစိမ်ပစ်ခဲ့လေပြီ။

ခုတော့ သူ့ကိုမာဝင်တဲ့အထိ ဖြစ်ခဲ့ရပြီ ...

ကျွန်မ ဘယ်လိုမှမထင်ခဲ့ ...

သူ ကျွန်မအပေါ် အဲဒီလောက်ကြီး အနစ်နာခံကာ ချစ်ပြလိမ့်မည်ဟု မထင်ခဲ့တာ ကျွန်မ ပေါ့လျော့သွားခဲ့တာပဲ ဖြစ်ပါလိမ့်မည်။

ဖြစ်မှဖြစ်ရလေ ...

ရန်ငြိမ်းဆိုတဲ့ယောကျ်ားတစ်ယောက်ဟာ ကျွန်မအပေါ် သိပ်ကို အချစ်ကြီးခဲ့တာပါလား ...

ကျွန်မက ကျွန်မ ခြေထောက်ဒဏ်ရာရခဲ့လို့၊ ဒုက္ခိတဘဝကို ရက်တော်တော်ကြာ ဖြတ်သန်းခဲ့ရလို့၊ ချစ်သူနဲ့ သေကွဲကွဲခဲ့ရလို့ အငြိုးတွေ အမုန်းတွေနဲ့ သူ့ကို လက်စားချေတုံ့ပြန်လာခဲ့တာ ...

ကျွန်မ စတီး(လ်)ချိုင်းထောက်နဲ့ လွဲရိုက်ခဲ့လို့ သူ့ခေါင်း ပေါက်ပြီး လေးချက်ချုပ်ခဲ့ရတာလည်း သူက မမှုခဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ သက်တော်စောင့် ကိုယ်ရံတော်ဘဝ၊ အလုပ်သမားဘဝအဖြစ် ကျေကျေနပ်နပ်ကြီး လက်ခံခဲ့ရတာကလည်း ကြေကွဲနေဟန် မရှိခဲ့ ...

ဖြစ်ရလေ ...

ရှင် ဘာဖြစ်လို့ ကျွန်မကို အဲ့လောက်ကြီးတောင် ချစ်ရတာလဲကွယ် ...

ကျွန်မမှာ သတိလစ်နေဆဲရှိသည့် သူ့ကို မမှိတ်မသုန်ကြည့်ရင်း ကိုယ့်ကိုယ်ကို မတုန်ယင်ဖို့ မနည်းသတိထားနေရသည်။

ဘာဖြစ်လို့လဲ ...

ကျွန်မ ခံနိုင်ရည် မရှိပါလား ...

သူ့ကို မမှိတ်မသုန်ကြည့်နေရတာက ကျွန်မနှလုံးသားတွေ တစက်စက် အရည်ပျော်ကျနေသလို ခံစားနေရသည့်အဖြစ်။

သူ ဘယ်တော့ ပြန်သတိရမှာလဲ ...

ဘုရား ... ဘုရား ...

သူ့အပေါ် စိတ်ပူစိတ်တွေက ကျွန်မတစ်ကိုယ်လုံးကို ကြောက်မက်ဖွယ်ကောင်းအောင် လွှမ်းခြုံရစ်ပတ်သွားသည်။

"ရန်ငြိမ်း"





"ရှင်အဲ့လိုမနေပါနဲ့" [illegible]

"အဲ့လိုနေတာ ရှင့်ကိုကြည့်မကောင်းဘူး [illegible]"

"ရှင်ဟာ ကျွန်မအတွက်ဆို အမြဲသွက်လက်ခဲ့ တက်ကြွခဲ့တဲ့သူ၊ နောက်ဆုံး ဒူးထောက်ဖို့တောင် ဝန်လေးခဲ့သူ မဟုတ်ဘူး"

"ရှင် အဲ့လိုကြီး သတိလစ်နေတော့ ကျွန်မ ဘာဆက်လုပ်ရမလဲ"

"ကျွန်မပါးစပ်က တစ်ခွန်းပြောလိုက်တာနဲ့ ကျွန်မရဲ့ အဆင်သင့်ရောက်အောင် ဖန်တီးပေးခဲ့သူ၊ ကျွန်မကို စိတ်ချမ်းသာအောင်ထားတဲ့သူ"

"ကျွန်မ ဘယ်လောက်ဂျီကျကြကျ [illegible] ရှင် [illegible] တစ်ချက်ကလေး မျက်နှာမပြုံးခဲ့ရဘူး၊ ကျွန်မအတွက်ဆို အမြဲပြုံးနေတဲ့သူ"

"ရှင်ဘယ်လောက်ထိ ကမ္ဘာလောကကြီးကို မေ့နေမှာလဲဟင်"

"မရဘူး၊ ဟင့်အင်း ... ရှင် ထမလား"

"ရှင် သတိရလိုက်စမ်းပါတော့"

"ရှင် သတိရမှဖြစ်မယ်"

"ရန်ငြိမ်း"

"ထပါ ... ထပါတော့၊ ရှင် သတိရစမ်းပါတော့"

ကျွန်မ ရင်ထဲက စကားလုံးပေါင်းမြောက်များစွာက



www.burmeseclassic.com

www.burmeseclassic.com



အမြင်ကို ထူးကဲနေမလားဘဲ ရင်ထဲကနေသော အင်အားကောင်း
လှိုင်းများ ရှုရှိုက်သောအသည်းတစ်ချက်ကို ပါးပါးလေးရိုက်ခတ်နေပါသည်

ထို့နောက် ... သူ့ လေလေလာလာ ...

တစ်ချက် ...

နှစ်ချက် ...

သုံးချက် ...

မြင်မှုတရားရေ ...

မှ ကျွန်မ အသေနှင့်အကြား မျှော်လင့်ခြင်းဝေ ကျော်
နိုင်ခဲ့ပြီးမှ ရောက်ရှိလာခဲ့တော့သည်။

မျက်ရည်တွေသည်း ကျရှင်ပြီ

သို့သော် ...

ကျွန်မ မျက်ရည်ကျခွင့်မပြုဘဲ ...

ကျွန်မမျက်ရည်ကျတော့ ဘယ်သူမျှကိုမှ မမြင်တော့ဘဲ
ဘယ်သူမှတွေ့ မမြင်တော့ ...

"ရှင်ကြိမ်"

"ရှင်ကြိမ်းရယ်"

"ရှင် လာပါတော့၊ ကျွန်မ တောင်းပန်ပါတယ်"

"ကျွန်မ တောင်းပန်ပါတယ်နော်"

"ကျွန်မ ရောက်နေတယ်"

ဆီးနှင်းကလေး



"ရှင် ထကြည့်ပါ"

"ကျွန်မ စောင့်နေတယ်"

"ကျွန်မ ရှင့်ကို စောင့်နေပါတယ်"

"သတိပြန်ရပါ"

"သတိရလှည့်ပါတော့လားကွယ်"

"တောင်းပန်ပါတယ်"

ကျွန်မရင်ထဲက လှိုက်လှိုက်လှဲလှဲ တောင်းပန်တိုးလျှိုးနေမိ
တော့သည်။ မျက်ရည်ကျမှုနှင့်အပြီး တင်းခံထားရသဖြင့် ရင်က
နှလုံးကလာ မောပန်းတုန်ယင်နေသည်။

"တောင်းပန်ပါတယ်၊ ရှင် ... ရှင် သတိပြန်ရပါတော့"

ထိုစကားကို ကျွန်မပြောအပြီးမှာ အလိုလိုရင်း သူ့နှုတ်
ခမ်းက လိုင်းလေးမှာ ပြုံးနေမှာ ထိုင်ကျသွားခဲ့တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

“သူ … သူ ဘာဖြစ်တာလဲဟင်၊ ဒေါက်တာ”

“ … ”

ရုတ်တရက်တော့ ကျွန်မ သူ့ကို ရဲရဲမကြည့်ရဲသေး။ မျက်နှာတစ်ခုလုံးကို လက်နှစ်ဖက်ကြားထဲမှာ နှစ်မြှုပ်ထားလိုက်ပြီး လက်ချောင်းကြားတွေထဲက မျက်ဝန်းတွေဖြင့် သူ့ကို ကြည့်နေမိသည်။

“ကျွန်တော်တို့ တွက်ဆထားသလိုပဲ သူ အတိတ်ကို သိပ်မှတ်မိပုံမရတော့ဘူး”

“ရှင် …”

“ဒါလဲ ခဏပဲဖြစ်ပါလိမ့်မယ်၊ ကြာရင် ဖြည်းဖြည်းချင်း ကုသခံယူပြီးရင် ပျောက်ချင်ပျောက်ကင်းသွားပါလိမ့်မယ်”





“ ”

“ဒါ ဒါပေမဲ့၊ ဒီကိစ္စက မသေချာဘူး မလား”

ကျွန်မ အထိတ်တလန့်နိုင်စွာ မရဲတရဲမေးမိလိုက်ခြင်းပင်။ ဆရာဝန်ကြီးက ဖြည်းလေးစွာ သက်ပြင်းချလျက် …

“သေချာတယ်လဲ ပြောလို့မရဘူး၊ မသေချာဘူးလို့လဲ ငြင်းလို့မရဘူးလေ၊ သူက ကိုမာဝင်ထားတာ ရက်ကြာခဲ့တာကိုး၊ အင်းပေါ့ ကျွန်တော်တို့လဲ လူနာကို အစွမ်းကုန် ကြိုးစား ကုသကြမှာပါ၊ သိပ်လဲစိတ်မပူပါနဲ့”

“ဒါဖြင့် လောလောဆယ်တော့ သူ ဘယ်သူ့ကိုမှ ဘာကိုမှ သတိပြန်မရနိုင်တော့ဘူးပေါ့”

“ဟုတ်ပါတယ်”

“ ”

ကျွန်မ စိုးရိမ်လန့်ဖျပ်စွာ ထွက်ပြေးလွင့်စဉ်သွားမတတ် ခံစားလိုက်ရသည်။

ကျွန်မတစ်သက် ညှိမျှ သူ့ကို တစ်ကြိမ်တစ်ခါမှ မြင်လိုက်လိုက်လှဲလှဲ မသနားဖူးသေး …

ခုတော့ …

ကျွန်မစိတ်ထဲ ထိခိုက်ကြေကွဲရမှုက နှိုင်းယှဉ်ရာမရှိ၊ ဒါ သူ့ဘဝနိဂုံးလား၊ အဆုံးသတ်သွားပြီလား …

www.burmeseclassic.com



"အတိတ်မေ့ဘဝနဲ့ ကျန်ရှိနေသေးတဲ့ အနာဂတ်ကြီးကို ဖြတ်သန်းလျှောက်လှမ်းရတော့မှာလား ...

အို ...

သနားစရာကောင်းလိုက်တာ ...

ငါ ... ငါ အမှားများ သိပ်ကြီးခဲ့ပြီလား ...

တစ်ကိုယ်ကောင်း သိပ်ဆန်ခဲ့ပြီလား ...

ဘုရား ... ဘုရား ...

"သနားစရာကောင်းလိုက်တဲ့ သူငယ်လေးကွယ်၊ ဖြစ်ရလေ"

"အားလုံးဟာ ငါ့တူမကြီးကြောင့်ဖြစ်ရတာ၊ သိလား၊ ဒီဇာတ်လမ်းမှာ သမီးမကောင်းခဲ့လို့ ရလို့ သူ ဖြစ်သွားရတာ"

"ဘုရား ... ဘုရား၊ ဘယ်လိုလုပ် တရားနဲ့ဖြေရပါ့မလဲ ကွယ်၊ အစ်ကြည့်စမ်း လူတစ်ယောက် ကိုယ့်ကြောင့် ဒုက္ခရောက်ရပြီ၊ ညည်း မသနားဘူးလား မိသွား၊ အင် ..."

"ညည်း မတရားခဲ့ဘူး၊ ညည်း လူ့ဝကိုယ်ချင်းမစာခဲ့ဘူး၊ ညည်း လက်စားချေခဲ့တာ သိပ်တရားလွန်သွားပြီ၊ အခု ညည်း နားလည်ရဲ့လား တူမကြီးရယ်၊ ဟင် ... ပြောပါ၊ ငါ့တို့တွေကို ပြောပါဦး"

...





ကျွန်မကို တစ်ယောက်တစ်ရှုန်း အပြစ်ပိုင်းတင်နေသည့် ကြီးဒေါ်တွေကို ကျွန်မ ပြန်မကြည့်ရဲတော့လောက်အောင် [illegible] နည်းခဲ့ရပြီ။

ကျွန်မရင်ထဲ ဘယ်လောက်ထိ ထိခိုက်နာကျင်နေရတာ လည်းဆိုတာ သူတို့ [illegible]

"သူ အခုလိုဖြစ်သွားတော့မှ သမီး လိပ်ပြာလုံနေလား"

"အခုလို ကိုယ့်ကြောင့် လူတစ်ယောက် [illegible] အထိ ဖြစ်သွားရတာကို သမီးဘဝတစ်လျှောက်လုံး [illegible] ခြောက်လှန့်နေရတော့မှာ သမီး မကြောက်ဘူးလားကွယ်"

"သမီးက သူ့ကြောင့် သမီးရခဲ့တဲ့ ထိခိုက်မှုတွေ [illegible] ပြန်လာလိုက်တာ နတော့ သူ့ဖျား ..."

"ဟင့်အင်း ... တော်ပါတော့ ... ဒေါ်ကြီးတို့တွေ သမီး တစ်ယောက်တည်း နေပါရစေ၊ သမီးနားက [illegible] ကြပါ"

"ကောင်းပါပြီကွယ်"

"ကောင်းပါပြီကွယ်၊ [illegible]"

ကျွန်မ [illegible]

[illegible]



www.burmeseclassic.com

www.burmeseclassic.com



မသနားဘဲ နေပါမလား ...

မသနားဘဲ နေနိုင်ပါမလားကွယ် ...

... သဘောမရှိတော့လို့ မျက်ခွံပြိုလွင့်နေတဲ့ သနားစရာမျက်နှာလေး ... ကို

ကျွန်မကတော့ ...

"ရှင်ကြီး"

"ရှင်ကြီး" ...

"ရှင်... ကျွန်မကို ... ကျွန်မကို ... ပါ"

သူ့ ... ကျွန်မကို ... ကြည့်နေရင်းမှ ခေါင်းတစ်ချက်ယမ်းပြကာ ...

"ကျွန်တော် ခင်ဗျားကို မသိဘူး၊ ခင်ဗျား ဘယ်သူလဲ"

အိုကွယ် ...

ကျွန်မ ဟန်မဆောင်နိုင်စွာ ရင်ကွဲမတတ် လှုပ်ခတ်နာကျင်သွားရတော့သည်။

ကျွန်မ သူ့ကို တွေ့ဖူးခဲ့သမျှ မျက်နှာတွေထဲမှာ အခုမျက်နှာလေးဟာ ကြေကွဲရင်နာဖွယ်ရာ အကောင်းဆုံးပင်။

ကျွန်မ နာကျင်မှုကို ကြိတ်မှိတ်ကာ ...





"ရှင် ... ကြည့်ပါလားရှင်၊ ကျွန်မ ... "

"သစ္စာရှင်"

"အင်း ... ဟင်"

"သစ္စာရှင်၊ ဟင့်အင်း ... ကျွန်တော်မသိဘူး"

"ဟုတ်မှာပါလေ၊ ရှင် တကယ်မမှတ်မိတော့ဘူးပါ၊ ရှင် နားလိုက်ပါ၊ ဘာကိုမှ လျှောက်တွေးပြီး ... နေပါနဲ့"

"ကျွန်တော် ခင်ဗျားကို သိချင်လိုက်တာ"

"..."

"ကျွန်တော် ခင်ဗျားကို အရမ်းသိချင်တာပဲ"

"ဘာဖြစ်လို့လဲဟင်"

သူက ထိုစကားတစ်ခွန်းကို ထပ်ခါထပ်ခါ ... နေတော့ ကျွန်မရင်ထဲ ကြေကွဲနေရသည်။

"ခင်ဗျားက ... ဘာဖြစ်လို့ ကျွန်တော့်နားမှာ စောင့်ပေးပြီး စကားတွေ လာပြောနေရတာလဲ၊ ကျွန်တော့်ကို ... ကျွန်တော် သိချင်လို့ပါ"

"ဖြစ်ရလေ ..."

... ကျွန်မ ... ကို ... လိုက်ရ ... မှာ သာလှမျှော်ပါး။



www.burmeseclassic.com

ကျွန်မကိုကြည့်ရင်း နားမလည်နိုင်မှုတွေ သိလိုမှုတွေ နှင့်သီးနေသည့် သူ့မျက်ဝန်းတွေက ကျွန်မရင်ကို စားနင့်မွမ်းနေသလို ...

"ကျွန်တော် ဘယ်လိုခေါ်ရမလဲဟင်"

"..."

"ရှင် ..."

ကျွန်မက သစ္စာရှင်ပဲဥစ္စာ၊ သစ္စာလို့ပဲခေါ်လေ"

"ဟုတ်လား၊ အဲလိုဆို ခေါ်မယ်နော်၊ ကျွန်တော်ကရော ဘယ်သူလဲဟင်"

"အို ..."

"ကျွန်တော့်နာမည် စင်ဖျားသိလား"

ရန်ကြီးရယ် ...

"ရှင်က ရန်ကြီးလေ၊ ရန်ကြီးပေါ့၊ နော် ... အဲလိုမှတ်ထား"

"အင်း"

သူက သူ့နာမည်ကိုတောင် အထပ်ထပ်အခါခါ ပြန်ရွတ်နေလေသည်။ သနားစရာကောင်းလိုက်ပါဘိတော့။

သူ ဒီလိုအခြေဖြစ်သွားရတာ ကျွန်မကြောင့်လား ...

ကျွန်မကြောင့်ပေါ့နော် ...

[illegible]



ကျွန်မရဲ့ အပြစ်တွေကြောင့်ဆိုတာ ကျွန်မ မငြင်းနိုင်ပါဘူး ...

ရှင် ကျွန်မအပေါ် ခွင့်လွှတ်နိုင်ပါ့မလား ...

ခွင့်လွှတ်နိုင်ပါစေတော့ကွယ် ...

"စင်ဖျား ကျွန်တော့်ကို စောင့်ပေးနေတာ ပုံးအနေမှာပေါ့"

"ဟုတ်အင်း"

"ဘာဖြစ်လို့ ကျွန်တော့်ကို အစောင့်လုပ်ပေးနေတာလဲ"

"ကျွန်မလား ..."

ကျွန်မအသံက ဘာဆက်ပြောရမှန်းမသိအောင် တရှိုက်ရှိုက် တုန်ယင်အက်ကွဲကာ လည်ချောင်းတွေဝယ် တစ်ဆို့နေတော့၏။

"ကျွန်မက ရှင်နဲ့သိတယ်လေ"

"ဪ ..."

"အရင်က ရှင်နဲ့ကျွန်မက မိတ်ဆွေတွေဆိုပါတော့"

"ဪ ... အံ့ဩစရာပဲ၊ ကျွန်တော့်မှာ စင်ဖျားလို သိပ်လှတဲ့ မိတ်ဆွေရှိခဲ့တယ်ပေါ့နော်"

"အင်း ... ဟင်း"

တကယ်တော့ ရှင် သိပ်ချစ်ခဲ့ရတဲ့ မိန်းမတစ်ယောက်ပေါ့ ရန်ကြီးရယ်၊ ရှင် သေလုမျောပါး အရူးအမူးအချစ်ခံခဲ့ရတဲ့ မိန်းမတစ်ယောက်ဟာ ကျွန်မပါ ...

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျွန်တော်တို့ အကြောင်းတွေပေါ့။ ကျွန်တော့်မှာ ခင်ဗျားလို မိန်းမချောလေး သူငယ်ချင်းရှိတယ်ဆိုတော့ ရှက်ယူစရာပဲ"

"တဖြည်းဖြည်းချင်းပေါ့ ... ရှင်အပြန်စဉ်းစားပေါ့နော်။ ကျွန်မလဲ ရှင့်အတွက်ကို [illegible] ကူညီပါ့မယ်"

"အင်းပါဗျာ"

"ကျွန်တော့်နားမှာ ခင်ဗျားရှိနေတာ ကျွန်တော့်ကို ကူညီနေတာပဲမဟုတ်လား"

"..."

"ရန်ငြိမ်းရယ် ... ကျွန်မ သိပ်မှားခဲ့ပြီထင်ပါရဲ့။ ကျွန်မကိုယ်ကျွန်မ ဘယ်လိုခွင့်လွှတ်ရမလဲဟင် ..."

ကျွန်မရင်တစ်ခုလုံး ကြေကွဲနေရတာ နာကျင်ထိခိုက်နေရတာတွေက အရှုံးတညီးညီးနဲ့ပါ၊ လောင်မြိုက်ပူပြင်းလိုက်တာ

* * *





## အခန်း (၃)

အမုန်း၏သချိုင်းဆိုတာ အချစ်ပဲဖြစ်နိုင်မည်ဟု ကျွန်မ လက်ခံလိုက်ရတော့မလားရှင် ...

အံ့ဩဖို့ကောင်းတာက ကျွန်မ သူ့ကို ဥပေက္ခာမပြုနိုင်လောက်အောင် တစ်စိမ့်စိမ့်နှင့် ချွန်းနှင့်ထိုး သနားနေမိခဲ့ခြင်း ...

ဘာဖြစ်လို့လဲ ...

ကျွန်မ သူ့ကို တောက်လျှောက်မုန်းခဲ့တာ မဟုတ်လားကွယ် ...

တစ်စက်ကလေးမှ ကြည့်မရခဲ့ မျက်မုန်းကျိုးမုန်းတီးခဲ့တာ မဟုတ်လားဟင်၊ ကျွန်မ သူ့အပေါ် လက်စားချေလိုစိတ်၊ အနိုင်ယူလိုစိတ်တွေပဲ တစ်ချိန်လုံး ရှိနေခဲ့တာပဲ ...

ကျွန်မ သူ့ကို လက်စားချေနေတာက သူ့ဘဝပျက်သွားဖို့ ဆီဇာ (ဒါမှမဟုတ်) ခုလို ဘဝဆုံးရှုံးသွားဖို့ထိလား ...



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း ...

ကျွန်မ သူ့ကို တစ်ချိန်လုံး လက်တွဲဖြုန်လာတာ သူ အခုလောက်ဖြစ်သွားဖို့ထိ ရည်ရွယ်ခဲ့မယ် မထင်ပါဘူး ...

သူ အခုလို အတိတ်မေ့သွားတဲ့ထိ ကျွန်မ အနိုင်ယူခဲ့သမျှ အရှုံးပေးခဲ့တာတွေကို ကျွန်မက အခုချိန် ဘာလို့ ဝမ်းသာအားရ ဖြစ်မနေရတာလဲ ...

ဘာဖြစ်လို့ ဘယ်သူတွေမှ မသိအောင် ကျိတ်ငိုကြွေး နေရတာလဲ ...

ဘာဖြစ်လို့ သူ့အတွက် မျက်ရည်တွေမဲ ကျနေရတာလဲ ...

မြတ်စွာဘုရားရေ ...

ကျွန်မရင်ထဲ သူ့အတွက် ဘာရှိနေပြီလဲ ...

ဘာဆောက်နေပြီလဲ ...

ဘယ်လိုအရာတွေက ရှဲ့တည်နေပြီလဲ ...

ဟင့်အင်းကွယ် ...

သွားစမ်းပါ ...

အရေးမပါတာ ...

ကျွန်မရင်ထဲ ဘာမှ မရှိနိုင်ပါဘူးနော် ...

သူ့ကို သနားနေမိတာပဲရှိမှာ ...

လျှပ်တစ်ပြက်အချိန်လေးအတွင်းမှာ သူ့အပေါ် ထိုမိတဲ့



နေမိတဲ့ သနားစိတ်တွေက ကျွန်မကိုယ်ကျွန်မ အံ့ဩစွာ လက်မ ခံရလောက်အောင် ဖြစ်ခဲ့ရပြီ။

"သစ္စာ"

"ရှင်"

"လာပါ၊ ကျွန်တော့်နားမှာ စကားနေပေးပါ၊ ခင်ဗျားရှိနေရင် ကျွန်တော် အေးချမ်းစိတ်ချမ်းသာတယ်၊ ဘာဖြစ်လို့လဲမသိဘူး၊ အေးချမ်းလဲလျော့တာပဲဗျာ"

"..."

ကျွန်မ စကားတွေ ပေးဆုံးသွားရသလို ...

"ခင်ဗျားကို ကျွန်တော် မျက်စိဖွင့်လိုက်တာနဲ့ တမ်းမြင် ချင်တယ်၊ ခင်ဗျားကို မြင်နေရရင် စိတ်ချမ်းသာတယ်၊ ခင်ဗျားနဲ့ စကားတွေပြောချင်နေတယ်၊ ကျွန်တော်ထင်တယ်၊ ကျွန်တော် ခင်ဗျားကို ကျွန်တော် မေ့တဲ့နိုင်တဲ့အတိတ်မှာ အရမ်းမြတ်နိုး ခဲ့ဖူးသလိုပဲ"

"ဟင် ..."

ကျွန်မရင်ထဲက တောက်ရှင်းပြိုးပျက်ချက်လာသည့် အာမေဋိတ်သံတစ်ခုက ကျွန်မရင်ကို ပွင့်ထွက်လုမတတ်။

"ဟုတ်မယ်ထင်တယ်၊ သေချာမယ်လို့လဲ ယုံတယ်"

"ဒါ ..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောတာ မှတ်လားဟင်၊ ကျွန်တော် မမှတ်မိနိုင်တော့လို့ပါ"

"ကျွန်တော့်ကို ကူညီပါ"

"ဖြစ်နိုင်ရင် ကျွန်တော်နဲ့ခင်ဗျားရဲ့ အတိတ်ကအကြောင်းတွေ ကျွန်တော် အားလုံးပြန်သိချင်တယ်"

"ရှင် ..."

"ပြန်ပြောပြနိုင်မလားဟင်"

ကျွန်မကို အသနားခံသလို တောင်းပန်တိုးလျှိုးစွာကြည့်ရင်း သူက ကျွန်မလက်ဖမိုးတစ်ဖက်ကို ညင်သာစွာဆွဲယူသည်။

"ကျွန်တော့်ကို ကူညီပါနော်"

"ကျွန်တော့်နားကနေ ဘယ်ကိုမှ မသွားပါနဲ့နော်"

"..."

ကျွန်မ ရင်နင့်စွာ ခေါင်းညိတ်ပြလိုက်မိပြီထင်သည်။ သူ ကျွန်မလက်ကို ဖွဖွလေးဆုပ်ကိုင်ထားတာကိုတောင် ကျွန်မ မရုန်းရက်၊ ငြင်းဆန်စကားပင် မပြောရက်နိုင်ခဲ့ပြန်။

"ရန်ငြိမ်း၊ ရှင် နေကောင်းရင်လေ ကျွန်မတို့ ချင်းပြည်နယ်ဘက်တွေ လျှောက်လည်ကြရအောင်နော်၊ ရှင့်ကို ကျွန်မ လိုက်ပို့ပေးပါ့မယ်"

"တကယ်လားဟင်၊ သစ္စာ"



"အင်း ... ဟင်း"

"သစ္စာသာလိုက်ပို့ပေးမယ်ဆိုရင် ကျွန်တော် အတိတ်ကို ပြေးမေ့သွားမယ်ဆိုရင်တောင် ကျေနပ်ပါပြီ၊ ကျွန်တော့်နားမှာ ခင်ဗျားရှိနေပေးမယ်ဆိုင်ရင် သေရဲပါပြီ"

"ကျွန်မတို့ ဟားခါးထိမရောက်တောင် ကလေးမြို့ဘက် ရင်သွားကြမယ်လေ၊ ဒီရက်ပိုင်း ရှင် နေကောင်းအောင် နေပေါ့"

"အင်း"

သူ ကျွန်မလက်ကလေးကို မလွှတ်ဘဲဆုပ်ကိုင်ထားသည့် ခေါ်အတွေ့က ကျွန်မနှလုံးသားထဲ နင့်နေအောင် စူးနစ်စွာ ပြိုဖိုရင်မောစေရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

သူ နေကောင်းခါစအချိန်လေးမှာ သူ့စိတ်တွေ လန်းဆ

စေဖို့ ကျွန်မနှင့် ကလေးအာက် ခရီးထွက်ခဲ့ကြသည်။

မုံရွာကနေ ကလေးထိ ငါးနာရီကျော်ကျော် မောင်းရသ

ခရီးလမ်းတစ်လျှောက်လုံး ကျွန်မပဲ မောင်းလာခဲ့သည်။

ဘုရားကြီးလမ်းတစ်လျှောက် မြေနီလမ်းကြမ်းကြီးတွေ

တောင်ကွေ့တွေကများသဖြင့် ကျွန်မ မနည်းသတိထား

မောင်းခဲ့ရသည်။

လမ်းကကြမ်းပြီး တောင်ကွေ့တွေများလှသဖြင့် ကျွန်မ

ခေါင်းက မူးနောက်နောက် ...

သူကတော့ တကယ့်ကလေးတစ်ယောက်လို အ





အကြောက်အလန့်မရှိသလို အပူအပင်ကင်းမဲ့စွာ ဟိုငေးဒီငေးနှင့်

လိုက်ပါလာသည်။

"ရန်ငြိမ်း"

"ဗျာ"

"ရှင် ကားမူးနေလား"

"မမူးဘူး"

"ကျွန်မတော့ မူးနေပြီ"

"ဟုတ်လား၊ ကျွန်တော်မောင်းရမလား"

"နေပါစေတော့၊ ရှင် တောင်တက်မကျွမ်းကျင်ရင်

ဒီလမ်းတွေက ဒုက္ခပေးတော့မှာ၊ လူကလဲ အရမ်းပြတ်တယ်၊

တစ်ရွာနဲ့တစ်ရွာကလဲ အဝေးကြီးရယ်၊ ရှင် သတိထားမိလား၊

ကျွန်မတို့ ထွက်လာတဲ့လမ်းတလျှောက် ကျွန်မတို့ကားအပြင်

ဘယ်ကားတွေ့ရလို့လဲ"

"ဟုတ်တယ်နော်၊ ကျွန်တော်လဲ သတိထားမိတယ်"

"အခုမှတော့ မထူးတော့ဘူး၊ ရောက်အောင်တက်ရ

တော့မယ်၊ ကျွန်မက နေ့ခင်းပိုင်းကြီး သိပ်ပူမှာစိုးလို့ ညနေ

စောင်းကို ရွေးလိုက်တာ၊ အခုတော့ခက်ပြီ၊ ညနေခြောက်နာရီခွဲ

မိုးက မှောင်ချင်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးများ ရွာမလားမသိဘူး"

"ဒီတစ်ခါတော့ မိုးရေထဲ ထွက်ရပ်နေလို့မရတော့ဘူး ဆရာ၊ ကြားလား"

"တုတ်"

သူက ကျွန်မဘာပြောပြော နာခံတတ်သည့် ကလေးတစ်ယောက်လို အမြဲခေါင်းညိတ်ပြတတ်သည်။

ရန်ငြိမ်းရယ် ... ရှင် အခုချိန်ထိ ကျွန်မဆန္ဒမှန်သမျှ လိုက်လျောနေတုန်းပဲပါလား ...

ဒီအချက်ကိုတော့ ကျွန်မ ငြင်း၍မရပါ။

ပြီးတော့ ကျွန်မနှင့် မတိမ်းမယိမ်းလောက်ရှိမည့် သူ့ပုံစံက အမြဲနုပျိုလတ်ဆတ်စွာ မိန်းကလေးတစ်ယောက်ကို ညှို့ငင်နိုင်စွမ်းရှိသည့် ယောက်ျားချောတစ်ယောက်ဆိုတာလည်း ကျွန်မ မငြင်းနိုင်ပါ။

ကျွန်မကြောင့် သူ အတိတ်မေ့ရသည်အထိ ခံစားခဲ့ရသည့် သူ့ဒုက္ခကို ကျွန်မ ဥပေက္ခာမပြုနိုင်။ မကြည့်ရက်နိုင်လောက်အောင် ကျွန်မ နင့်နေအောင် သနားမိသည်မှာ ဒါ ပထမဆုံးပဲဖြစ်သည်။

သူ့အတွက်တော့ ဤလောကတွင် သူ အချစ်ရဆုံး မိန်းကလေးတစ်ယောက်က (သူ ချစ်ရမည့်မိန်းမဆို၍) ကျွန်မ တစ်ယောက်တည်းသာ ရှိလေသည်။





ဒါကို ကျွန်မ အခုချိန်မှာ ကောင်းကောင်းလက်ခံလိုက်ရပြီ ဖြစ်သည်။

တစ်ချိန်က သူနှင့်ပတ်သက်လျှင် အလွန်တရာ မာကျော အေးခဲခဲ့သည့် ကျွန်မနှလုံးသားက အရမ်း နူးညံ့သိမ်မွေ့သွားခဲ့ကာ သူ့အတွက်ပဲ အမြဲပူပင်စိုးထိတ်နေခဲ့ရလေပြီ။

သေချာတာ ကျွန်မ သူ့ဘေးဆီကနေ ပြေးမထွက်ချင်တော့၊ ရုန်းလည်းမထွက်ချင်ပြီ ...

သူ့အပေါ် သနားစိတ်တွေကသာ ကျွန်မကို တစ်ရစ်ပြီး တစ်ရစ် တုပ်နှောင်ထားခဲ့ပြီ။

ပြီးတော့ ကျွန်မကြောင့် သူ့ဘဝ ဒီထက်ပိုပြီးဆိုးရွားသွားမှာ (အထီးကျန်အဖော်မဲ့နေမှာကိုလည်း) ကျွန်မ အစိုးရိမ်ဆုံးပင်။

"သစ္စာ"

"သစ်တီထားနော်၊ တောင်ကွေ့တွေကလဲ များလိုက်တာ၊ မပြီးသေးဘူးလားဟင်"

"နောက်ထပ်ဆယ်ငါးမိနစ်လောက် ဒီတောင်တွေကို ကျော်ရဦးမယ်၊ ပြီးရင် လမ်းနည်းနည်း ပြန်ဖြောင့်လာပြီဆို ပါတော့"

"ကားပျက်သွားရင်ရော၊ မတော်တဆ"

"ရှင် ဘာလုပ်မယ်စိတ်ကူးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လား"

မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် အတော်ကြာအောင် သူ စဉ်းစားလိုက်ပြီးမှ ...

"ကားထားပြီး ကျွန်တော်နဲ့သစ္စာ လမ်းလျှောက်မယ်"

"အမယ် တယ်တောင်းတဲ့စိတ်ကူး"

ကျွန်မ တစ်ချက်ပြုံးမိသွားခဲ့သည်။

ကြည့်စမ်း ...

သူနှင့်ပတ်သက်လာလျှင် ကျွန်မ တစ်ချက်တလေးမျှ မရယ်ဖူးခဲ့၊ ထူးဆန်းလေစွ ...

အခုတော့ ကျွန်မ ရယ်တတ်၊ ပြုံးတတ်ခဲ့ပါပေါ့လား ...

"အဲ့လိုမှမလုပ်ရင် ကားပျက်ကြီးထဲ ကျွန်တော်တို့နှစ်ယောက် ဘယ်လိုထိုင်ကြမလဲ"

"ရှင် ပြင်ဖို့စိတ်မကူးဘူးလား"

"ဟင့်အင်း၊ အဲလိုတော့ စိတ်မကူးမိဘူး၊ ကျွန်တော် ခင်ဗျားမပျင်းအောင် သီချင်းဆိုမိမလား၊ ဒါမှမဟုတ် စကားပြောဖြစ်မလား၊ တစ်ခုခုပဲ"

"လကို မော့ကြည့်ဖို့ရောဟင်"

"မိုးရွာရင် လကို မမြင်ရတော့ဘူးလေ"

"မိုးမရွာရင် ပြောတာ"





"လကို ကြည့်မှာပေါ့၊ ဟုတ်တယ်၊ လကို ထိုင်ကြည့်နေရရင် သိပ်အရသာရှိမှာနော်"

"ကောင်းကင်ကြီးရယ် ကျေးဇူးပြုပြီး ကျွန်တော်တို့ကို သနားရင် မိုးမရွာချလိုက်ပါနဲ့၊ ကားမပျက်ပေးပါနော်၊ အဲ့ဒါမှ ကျွန်တော်နဲ့သစ္စာ လကြီးကို ထိုင်ကြည့်ခွင့်ရမှာ"

သူက ဖြုန်းဆို လက်အုပ်ချီကာ ဆုတောင်းနေတော့ ကျွန်မ ကျိတ်ရယ်မိပြန်သည်။

"ဟော့ ... တော်တော့၊ ကားက ပျက်စရာမရှိဘူး၊ တောင်ကြွ လမ်းကဆုံးပြီ၊ ဆိုကော"

"ဟာ ... ဟုတ်လား၊ ဒါဖြင့် ရုပ်ရှင်တွေထဲကလို ကား ပျက်တော့ဘူးပေါ့"

"အင်းပေါ့"

"ဟုတ်တယ်နော် ရယ်ရတယ်"

သူ့ဘာသာသူ ရှက်ရယ်ရယ်ကာ ခေါင်းကုတ်နေသည့် သူ့ကို ကျွန်မ လှည့်ကြည့်မိသည်မှာ ဘယ်လောက်ကြာသွားသည်မသိ။

စတီယာရင် တစ်ချက်ယမ်းခါသွားတော့မှ ကျွန်မ ပြန်သတိထားမိကာ ရှက်ကိုးရှက်ကန်းနှင့် အသာပြန်ထိန်းပေးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်ဆာလာသလိုပဲ"

"ဟုတ်လား၊ ရှင် ဗိုက်ဆာပြီပေါ့"

"အင်း"

"ဒီနားတစ်ဝိုက် ထမင်းဆိုင်ရယ်လို့ မရှိဘူး၊ ရွာတွေ အနည်းအကျဉ်းပဲ ရှိတယ်၊ နေဦး ဟိုတံတားနားကကျော်ရ ထမင်းဆိုင်တစ်ဆိုင် ရှိလိမ့်မယ်၊ ကျွန်မ တစ်ခါဆင်းစားဖူးတယ်"

"ကျွန်တော် တကယ်ဆာလာတာဗျ"

"အင်းပါ၊ ကျွေးပါ့မယ်"

"မတွေ့ရင်ရော"

"ကားထဲမှာ အချိုရည်ဘူးတွေပါတာပဲ၊ ပေါင်မုန့်နဲ့ ဖြေ လိုက်"

"အဲ့လိုလား"

"အင်းပေါ့၊ အဲ့လိုပေါ့"

သူနှင့် ခရီးအတူတူထွက်ရတာ အရမ်းပျော်စရာကောင်းမှ ကျွန်မ ကောင်းစွာခံစားလိုက်ရခဲ့လေသည်"

* * *





# ကလေးမြို့

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ကျွန်မတို့ ကလေးမြို့ပေါ်ရောက်လာကြတော့ အတော်မှိုးချုပ်နေခဲ့ပြီ။ ရောက်ရောက်ချင်း တောင်ဇေလပ်ဟိုတယ်မှာ တစ်ယောက်တစ်ခန်းစီ ယူလိုက်ကြသည်။

"ရှင် စိတ်ချလက်ချအိပ်တော့၊ မနက်ကြမှ ကျွန်မတို့ ပြန်တွေ့ကြတာပေါ့"

"အင်း"

"ဘာဖြစ်လို့လဲဟင်၊ ခေါင်းမူးလို့လား"

"အင်း၊ ခေါင်းတစ်ချက်မူးသွားသလိုပဲ"

"နားလိုက်ပါ၊ ခဏအိပ်ပျော်သွားရင် ပြန်ကောင်းသွားလိမ့်မယ်၊ ရှင်သောက်မယ့်ဆေးတွေ သောက်အိပ်ဖို့လဲ မမေ့နဲ့ဦး"

"အင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စာစ်ဖက်ခန်းကိုသွားဖို့ သော့တွဲကို လက်ညှိုးလေးကပြုတ်လိုက်ဆဲ ...

"သစ္စာ"

"အင်"

"ပင်ပန်းနေလား"

"ရပါတယ်၊ ဘာဖြစ်လို့လဲ"

"တကယ်ဆို ဒီအလုပ်တွေ ယောကျ်ားလေးက လုပ်ရမှာလေ၊ အခုတော့ ခင်ဗျားက ကိုယ်တိုင်မောင်းပြီး လိုက်ပို့နေရပြီ"

"ရပါတယ်၊ ကျွန်မလဲ ခရီးထွက်ချင်နေတာနဲ့ အတော်ပဲပေါ့"

"အဲ့ဒါဆိုလဲ ခင်ဗျားလဲ နားတော့နော်"

"အင်း"

"ကျွန်တော်တော့ မနက်စောစောရောက်ဖို့ပဲ ဆုတောင်းနေမယ်"

"ဘာဖြစ်လို့"

"အဲ့ဒါမှ ကျွန်တော်နိုးနိုးချင်း ခင်ဗျားကိုတွေ့ရမှာ"

"ဟုတ်ပါပြီ၊ ကဲ အိပ်တော့၊ ဂွတ်နိုက်(ဒ်)"

ဘာကြောင့်မှန်းမသိ သူ ကျွန်မကို ဆွေးဆွေးမြည့်မြည့်ကြည့်နေတာကို ရင်မဆိုင်ရဲ ...





ကျွန်မ မျက်နှာလွှဲလိုက်ပေမဲ့ ရင်ဘယ်လောက်အခုန်မြန်သွားလည်းဆိုတာ ကိုယ့်ဘာသာကိုယ် သိသည်။

ထိုညက ကျွန်မ တော်တော်နှင့်အိပ်မရ။

သူ ဆေးမှသောက်အိပ်ရဲ့လား ...

အိပ်လို့မှ ပျော်ရဲ့လား ...

အိပ်ပျော်နေပြီလား ...

ကျွန်မအကြောင်း တွေးနေပြီလား ...

စသည်ဖြင့် ကျွန်မက အတွေးများစွာဖြင့် အိပ်မရနိုင်ခဲ့။

သွားစမ်းပါကွယ် ...

ကျွန်မ အိပ်ပါရစေတော့ ...

ထိုခဏလေးမှာ ကျွန်မ မေ့ခနဲအိပ်ပျော်သွားခဲ့သည်။ ထူးဆန်းတာက မောင် သေဆုံးသွားပြီးကတည်းက ကျွန်မ မောင်နှင့်ပတ်သက်ပြီး တစ်ကြိမ်တစ်ခါမျှ အိပ်မက် မမက်ဖူးခြင်းပါ။

မောင်လည်း ကျွန်မကို ခုလို အိပ်မက်ပေးလိမ့်မည်မထင်ခဲ့။ ထိုအိပ်မက်က ကျွန်မကို တော်တော်ခြောက်လှန့်နိုင်ခဲ့လေသည်။

"မောင်"

"မောင် လားဟင်"

" ... "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမြင်ကွင်းထဲသို့ အရိပ်တစ်ခုလို မြင်လိုက်ရသော မောင့်မျက်နှာကို ရုတ်တရက် တွေ့ရချိန်မှာ ကျွန်မ လဲပြို သေဆုံးသွားမတတ် ခံစားလိုက်ရသည်။

သွေးကြောတွေ တဖျင်းဖျင်းမြည်လာကာ ဦးနှောက်သွေးကြော ပြတ်ထွက်လုမတတ် တုန်ခါနဲဖြစ်သွားချိန် ...

"ချစ်သူ"

"အို ..."

"မောင်"

(မောင်က ကျွန်မကို ချစ်သူဟု ခေါ်ဖူးသည်။ သိမ်သိမ်မွေ့မွေ့ နူးနူးညံ့ညံ့လေးပင်။ မောင်ခေါ်သည့်အသံက အရမ်းနားထောင်လို့ ကောင်းလေသည်)

ဘယ်တော့မှ မမေ့နိုင်မည့်ခေါ်သံ ...

ဘယ်တော့မှ ဇဝေဇဝါထင်ယောင်ထင်မှား မဖြစ်နိုင်မည့် မျက်နှာလေး ...

မောင်ပါလား ...

"ဘာတွေလုပ်နေလဲမောင်"

"..."

ကျွန်မ ခန္ဓာကိုယ်က ပြန်ဖြေနိုင်စွမ်း မရှိနိုင်လောက်အောင် တဆတ်ဆတ် တုန်ယင်ညွတ်ခွေနေသည်။





ကျွန်မလက်ထဲတွင် ကိုင်ထားမိသည့် ရန်ငြိမ်းအတွက် နွားနို့ဖန်ခွက်ရှည်လေးက စိတ်လှုပ်ရှားမှုကြောင့် ယိမ်းထိုးတုန်ခါနေပြန်သည်။

"ချစ်သူ"

"မောင် မေးနေတာလေ၊ ဒါ ဘယ်သူ့အတွက်လဲ"

"..."

"ဒါ ... ဒါလားဟင်"

"မောင်သိတယ်"

"ရှင်"

"ဟိုလူ့အတွက်"

"ဟင် ..."

ကျွန်မလက်ထဲကဖန်ခွက် အထိတ်တလန့်နှင့် လွတ်ကျသွားခဲ့လေပြီ။

"ဘုရားရေ ..."

ကျွန်မ အလန့်တကြား ဘုရားတမိကာ ဖန်ခွက်အကွဲအစတွေကို ကောက်ဖို့ ငုံ့ကြည့်မိချိန် ...

"မကောက်နဲ့လေ ချစ်သူ၊ လက်ကလေး ပုလင်းကွဲစတွေ စူးကုန်မှာပေါ့"

"အင်း ... ဟုတ် ... ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အသံတွေတုန်ယင်နေပြီ။ လက်တွေရော ခြေထောက်တွေပါ တဆတ်ဆတ်တုန်ယင် ယိမ်းထိုးနေလေပြီ။

သူက ကျွန်မကို စိမ်းရှစွာ ခပ်စူးစူးကြည့်နေသည်။ သူ့အကြည့်ထဲမှာ ကျွန်မကို အပြစ်တင်ချင်သည့် အရိပ်အငွေ့တို့ လွှမ်းမိုးနေခဲ့သည်။

"ချစ်သူ၊ မင်းတစ်ခုခုဖြစ်နေသလား"

"အို ... မဟုတ်တာ"

"ဟုတ်တယ်"

"ဟင် ..."

"မင်း တစ်ခုခုဖြစ်နေတယ်"

"မဟုတ်တာ"

"မောင့်ကိုမညာနဲ့"

"မင်း ဟိုလူ့ကို ချစ်နေပြီ"

"မဟုတ်ဘူး"

"သိပ်သေချာပါတယ်ကွာ"

"ဟင့်အင်း ... မဟုတ်ဘူး ... မဟုတ်ပါဘူး မောင်ရယ်"

ကျွန်မ ရှက်ရွံ့သိမ်ငယ်စွာ တစ်ကိုယ်လုံး ပေါက်ကွဲလွင့်စဉ်သွားမတတ်။ ရင်တစ်ခုလုံးလည်း နှလုံးခုန်သံတွေက တဒိတ်ဒိတ်နှင့် ဆူညံစွာ မြည်ဟည်းကျယ်လောင်လွန်းလှသည်။





"ချစ်သူ ညာတယ်"

"မောင့်ကို ညာတယ်"

မောင်က ကျွန်မကို စိတ်နာသလို အကြာကြီးကြည့်နေသည်။ ကျွန်မ ထွက်ပြေးလို့မရနိုင်လောက်အောင် ခြေထောက်အစုံကို တစ်စုံတစ်ရာက ဆောင့်ဆွဲထားသကဲ့သို့ ...

ကျွန်မ ဘာလုပ်ရမလဲ ...

ကျွန်မ ဘာပြောရမလဲ ...

မောင် ဆိုတာက ကျွန်မ တစ်ချိန်က အသည်းနှင့်အောင် ချစ်ခဲ့ဖူးတဲ့သူ၊ မောင်ကိုယ်တိုင်ကလည်း ကျွန်မအပေါ် သူမတူအောင် ချစ်မြတ်နိုးရူးသွပ်ခဲ့ဖူးတဲ့ ချစ်သူရဲကောင်းတစ်ယောက် ...

"ချစ်သူ စိတ်ကို အလိုမလိုက်သင့်ဘူး"

"ရှင် ..."

"မင်း သူ့ကို လက်တုံ့ပြန်ချင်နေခဲ့တာမလား၊ သူ့ကြောင့် မောင်တို့နှစ်ယောက် လွဲခဲ့ရတယ်လေ၊ မင်း သူ့ကို တစ်ချိန်လုံး တောက်လျှောက်မုန်းနေခဲ့တာမဟုတ်လား"

"မောင် ..."

"မောင့်ကို မငြင်းပါနဲ့ချစ်သူ၊ မင်း သူ့ကို ချစ်နေပြီ၊ ဒါပေမဲ့ မင်း သူ့ကို မချစ်ရဘူး၊ မင်း သူ့ကို သတ်ရမယ်"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း သူ့နှလုံးသားကို စိစိညက်ညက်ကြေအောင် သတ်ပြရမယ်၊ အဲ့ဒါမှ မောင် စိတ်အေးနိုင်မှာ ဘာယ်လိုလဲ"

မလုပ်ပါနဲ့ ...

ကျွန်မ သူ့အပေါ် အဲ့လောက်ထိ မလုပ်ပါရစေနဲ့ မောင်ရယ် ...

သူဟာ တကယ်သနားစရာကောင်းတဲ့သူပါ ...

ကျွန်မကို တကယ်ချစ်မြတ်နိုးရှာတဲ့ ယောကျ်ားတစ်ယောက်ပါ ...

ကျွန်မ အတ္တတွေကြောင့် သူ လုံးလုံးလျားလျား ဒုက္ခတွေ့ခဲ့ရပြီ။ ကျွန်မ သူ့ကို ပစ်မထားရက်ဘူး ...

ကျွန်မ သူ့ကို မသတ်နိုင်ဘူး ...

ကျွန်မ သူ့ကို မသတ်ရက်နိုင်ပါဘူး မောင်ရယ် ...

နာလန်မထူနိုင်တော့အောင် ရှုံးနိမ့်ပြီးတဲ့သူတစ်ယောက်ကို ကျွန်မက ဘယ်လိုနှလုံးသားမျိုးနဲ့ ထပ်သတ်ရဦးမှာလဲဟင် ...

"ချစ်သူ"

"မောင့်ကိုပေးပါ"

"ဘာ ... ဘာကို ပေးရမှာလဲဟင်"

"ဟိုလူ့နှလုံးသားကို"

"ဟင် ..."





"သူ့နှလုံးသားကို မောင်လိုချင်တယ်"

"အမလေး ..."

ဟုမင် ကျွန်မ လန့်ဖျပ်စွာ နောက်သို့ယိုင်ကျသွားတော့ အုတ်နံရံနှင့် ထိကပ်သွားခဲ့လေသည်။

ကျွန်မ ထွက်ပြေး၍မရတော့ ...

"သိပ်များ ကြောက်သွားလား ချစ်သူရယ်"

"မောင်"

"မောင် သွားတော့နော်"

"မောင် သွားတော့မယ်မဟုတ်လားဟင်"

ကျွန်မ လက်နှစ်ဖက်ကိုကာယမ်းကာ တထိတ်ထိတ်နှင့်နေမိတော့ မောင်က ပြုံးကာ ...

"ချစ်သူ တစ်ခုခုဖြစ်နေတာ သေချာတယ်"

"မဟုတ်ဘူး"

"တကယ်ဆို မင်း စိတ်ကိုထိန်းသင့်တယ်၊ အလိုမလိုက်ရဘူး"

"..."

ကျွန်မ ခေါင်းကို တွင်တွင်ခါယမ်းကာ ထွက်ပြေးမည်ပြုတော့ မောင်က ကျွန်မရှေ့ကနေ ဗြုန်းဆို ကာဆီးပိတ်ရပ်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မောင် သတိရလို့လာတာလေ၊ ချစ်သူက ပြန်ဆေ
မလို့လား၊ မောင် ခဏနေချင်သေးတယ်၊ မောင့်ကို ခွင့်ပြုပါဖေ

"ပြန်ပြန်ပါတော့ မောင်ရယ်၊ ကျွန်မ ... ကျွန်မကို စိတ်ရှ
မောင် သွားတော့နော်"

"ကျွတ် ... ကျွတ် ... ကျွတ်၊ သနားစရာလေးကွယ်၊ သ
လိုက်ပါဘိတော့၊ မောင့်ကိုတောင် အကြာကြီး လက်မခံဆေ
ဘူးပေါ့၊ မင်း ဟိုလူ့နှလုံးသားကိုသတ်ပြီး မောင့်ကို မဆေ
ဘူးပေါ့"

"သူ ... သူ အရမ်းဒုက္ခရောက်နေတယ်မောင်၊ သူဖြ
တာတွေအားလုံးက ကျွန်မကြောင့်၊ ကျွန်မ သူ့ကို ဘယ်လို
ထားခဲ့ရမလဲ၊ အခုဆို သူ ဘာကိုမှ သတိမရနိုင်တော့ဘူး မောင်

"အလဲ ... ချစ်သူလေသံက တင်းလှချည်လား၊ မောင်
စိတ်ဆိုးတယ်ပေါ့၊ မောင်လိုချင်တာ လုပ်မပေးနိုင်ဘူးပေါ့

"မောင် ပြန်ပါတော့"

"ဟင့်အင်း ... မောင့်ကိုမနှင်နဲ့၊ မောင် ချစ်သူကို တွေ့ရ
အဝေးကြီးကနေ လာရတာ"

"ချစ်သူ"

"မောင် ဖက်ထားပါရစေ"

"ရှင် ..."





"တစ်ကြိမ်လောက်"

"အို ..."

"ခဏလေးဖြစ်ဖြစ်ပါ၊ တောင်းပန်ပါတယ်"

"ဟင် ..."

ကျွန်မ ရင်ခုန်သံတွေ ပြုတ်ထွက်မတတ် အတိုင်းအဆမဲ့
ကြမ်းတမ်းခုန်ပေါက် လှုပ်ရှားသွားလာတော့သည်။

"ဟင်အင်း ..."

"မလာနဲ့ ... မလာနဲ့"

"ချစ်သူ"

မောင်က တဖြည်းဖြည်း အရှေ့တိုးလာပြီး ကျွန်မလည်း
နောက်ဆုတ်သထက်ဆုတ်နေရလေပြီ။

သူ့စိတ်ကိုသာ ထင်ရာစိုင်းခွင့်ပေးလိုက်လျှင် မောင်
ကျွန်မလည်မျိုကို တအားညှစ်သတ်ပစ်မလားမသိ။

"မလာနဲ့"

"မလာပါနဲ့ မောင်ရယ်"

"တောင်းပန်ပါတယ်"

"မောင် ပြန်တော့နော်"

"ဟား ... ဟား ... ဟား ... ဟား ..."

မောင့်အသံက ဟိုးအဝေးကြီးက အော်ရယ်နေသံလိုမျိုး



www.burmeseclassic.com

www.burmeseclassic.com



မောပန်းတုန်ခါကာ ခြောက်ကပ်ကပ်နိုင်လှသည်။

ကျွန်မ ကြောက်လှပြီ ...

ကျွန်မ မောင့်ကို အရမ်းကြောက်နေပြီ ...

အခုချိန် မောင့်ကို လုံးလုံးမချစ်တော့ ...

အရင်က ချစ်ခဲ့ဖူးတာတွေ ဘယ်ရောက်သွားမှန်းပင် မသိတော့ ...

အခုချိန် မောင့်ကို ကျွန်မ မြင်ကွင်းရှေ့က ပျောက်ကွယ်သွားစေချင်သည်။ ဖြစ်နိုင်လျှင် မောင့်ကို ဘယ်တော့မှ ပြန်မမြင်မတွေ့ချင်တော့ ...

"ချစ်သူရယ်၊ မင်း မောင့်ကို မချစ်တော့ဘူး၊ မင်း ဟိုလူ့ကို သိပ်ချစ်နေပြီ၊ သိပ်ချစ်နေပြီ၊ ဟား ... ဟား ... ဟား ..."

" ... "

ဒီတစ်ခါတော့ ကျွန်မ မောင့်ကို ဘာစကားမှ ပြောမရနိုင်တော့၊ နှုတ်ခမ်းတွေလည်း အာစေးထည့်ထားရသလို လှုပ်မရ၊ တစ်ကိုယ်လုံးလည်း ရုန်းမရနိုင်လောက်အောင် အလွန်အင်အားကြီးမာလှသည့် အရာကြီးတစ်ခုက ဆောင့်ဆွဲတုပ်နှောင်ထားတော့သည်။

ကယ်ပါ ...

ကျွန်မကို ကယ်ပါ ...





ရန်ငြိမ်း ...

ရန်ငြိမ်းရေ ...

ရှင် ကျွန်မကို ကယ်လှည့်ပါ ...

ကျွန်မ ဒုက္ခတွေ့နေပြီ ...

ရှင် လာပါ၊ ရှင် မြန်မြန်လာကယ်လှည့်ပါတော့ ...

"ချစ်သူ"

ဟင့်အင်း ... မခေါ်နဲ့ ...

"ချစ်သူရယ် မောင် သိပ်ချစ်လို့လာတာပါ"

"ဟင့်အင်း ပြန်ပြန်ပါ၊ ကျွန်မဆီ မလာနဲ့ ...

"ချစ်သူ"

အား ... ကယ်ပါ၊ ကျွန်မကို ကယ်ကြပါရှင် ...

"အမယ်လေး ..."

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ထိုအိပ်မက်ထဲကနေ ကျွန်မ တော်တော်နှင့် ရုန်းထွက်မရနိုင်ခဲ့၊ ခက်တာက ကျွန်မကို လာကယ်မည့်သူလည်း မရှိ။

ကျွန်မ အကူအညီတောင်းနေတာ ဘယ်သူမှလည်း မကြားကြ၊ ကြာတော့ ကျွန်မ အသံတွေပြာနှမ်းလာခဲ့ပြီး ခြေကုန်လက်ပန်းကျသွားခဲ့ပြီဖြစ်သည်။

"မရဘူးလား"

"မောင်၊ နင် ပြောလို့မရဘူးလာ"

"နင် ထွက်မသွားသေးဘူးလား"

ကျွန်မ အာခေါင်ခြစ်ကာ အော်လိုက်တော့ မောင် ရယ်လေသည်။ မောင့်ရယ်သံကြီးက ကြောက်မက်ဖွယ်လိလိ ...

မဆူးတော့ ...





ကျွန်မ ခုတင်နားက ပန်းသီးဗန်းထဲမှာ ချွန်မြသည့်ဓားမြှောင်တစ်ချောင်းရှိနေတာ ကျွန်မပဲ သိသည်။

မောင် မသိနိုင် ...

ကျွန်မ ကာကွယ်ရတော့မည်။

ထိုဓားနှင့် မောင့်ကို မောင်းထုတ်ပစ်ရတော့မည်။

ရက်စက်တယ်ပဲပြောပြော၊ အခုချိန်မှာ ကျွန်မ မောင့်ကို မတွေ့ချင်တော့ ...

"ချစ်သူ"

"ရှေ့မတိုးနဲ့"

"မောင် ဖက်ထားပါရစေ၊ ခဏလေးပါကွယ်၊ ခဏလေးဆို မောင် ကျေနပ်ပါပြီ၊ မောင့်ကို မသနားဘူးလားဟင်"

"ထွက်သွားနော်"

"မောင့်ကို လက်ခံပါကွာ၊ နော်"

"ပြောနေတာမရဘူးလား၊ ဟဲ ..."

ကျွန်မ ရှေ့လက်နှစ်ဖက် ဆန့်တန်းကာ တရွေ့ရွေ့တိုးကပ်လာသည့်မောင့်ကို ကျွန်မ လက်ထဲက ဓားနှင့် ရင်ဘတ်အားထိုးစိုက်ချပစ်လိုက်တော့သည်။

"အား ..."



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ထင်မှတ်မထားခဲ့သည့်အတွက် မောင် အရမ်းအံ့အားသင့်စွာ နာကျင်သွားခဲ့ပုံရသည်။

"လုပ် ... လုပ်ရက်လိုက်တာ"

"မောင့် ... မောင့်ကို ... အပြီး ... အပြီး သတ်လိုက်ပါတော့ ချစ်သူရယ်"

သူ့လက်ကြီးက ဒဏ်ရာရထားသည့်နေရာကို ဖိကာ မချိမဆန့်အော်လျက် ကျွန်မဆီ ဒယီးဒယိုင် ထပ်ပြေးလာပြန်သည်။

မထူးတော့ ...

ကျွန်မ လက်ထဲမှာ ဓားက သွေးစွန်းခဲ့ပြီ ...

"ကဲ ... ရော ..."

"အ ..."

"ဟင် ..."

မောင့်ခမျာ ပီပီသသပင် မညည်းညူနိုင်တော့၊ နာကျင်လွန်းစွာ ခံစားလိုက်ရသည့်အတွက် ရှုံ့မဲ့ညည်းညူရင်း ဒူးညွတ်ပြိုဆင်း ထိုင်ကျသွားတော့လေသည်။

"ရက် ... စက် ... လိုက် ... တာ"

" ... "





မောင်က ကျွန်မနာမည်ကို သွေးထွက်နေသည့် ဒဏ်ရာဆီမှ သွေးတွေနှင့် ကော်ဇောစိမ်းစိမ်းပေါ်မှာ ရေးဖို့ကြိုးစားသည်။

"ဟင့်အင်း ..."

"မရေးနဲ့"

"သွားတော့"

"မောင်၊ ရှင် သေလိုက်ပါတော့"

"ကျွန်မကို မေ့လိုက်ပြီး အပြီးသေလိုက်ပါတော့"

" ... "

ကျွန်မ မောင်ပြန်ထလာမှာကို စိုးရိမ်ကြီးစွာနှင့် စူးစူးရှရှကြီး သွေးပျက်ချောက်ချားစွာ အော်ဟစ်နေမိသည်။

မောင် လက်တစ်ဖက်သာ ဝှေ့ယမ်းပြနိုင်ခဲ့ကာ ..."

"သွားပြီ"

"ကိုယ်သွားပြီ ချစ်သူရယ်"

"ကိုယ် သွားတော့မယ်"

"သွား ..."

ကျွန်မ ဘယ်လောက်ထိ ကြုံးအော်လိုက်မိသည်မသိတော့ ...

"ဒုန်း ..."

"ဒုန်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း ..."

အပြင်ဘက်မှ ခေါက်သံဆက်တိုက်ထွက်ပေါ်လာသံကြား ရတော့ ကျွန်မ သွေးရူးသွေးတန်းနှင့် ပြေးဖွင့်လိုက်မိသည်။

"ဟင် ... ရန်ငြိမ်"

"သစ္စာ ..."

ကျွန်မ မျက်လုံးတွေ ချာချာလည်သွားသည်ထိ အုံအားသင့် ထုံကျင်သွားခဲ့ရလေသည်။

* * *

## အခန်း (၅)

"ဘာဖြစ်တာလဲ သစ္စာ၊ ကျွန်တော် ရင်ထိတ်လိုက်တာဗျာ"

"ကျွန်မ ..."

ကျွန်မ အသက်ကင်းမဲ့သည့် ကျောက်ရုပ်တစ်ရုပ်လို ထူးဆန်းတာက သူ ကျွန်မပခုံးကို ကိုင်လိုက်ချိန်မှာပင် ကျွန်မ သူ့ရင်ခွင်ထဲ အားကိုးတကြီး ယိုင်ထိုးပြိုဆင်းသွားခြင်းပင်။

"ပြောပါ သစ္စာ၊ သစ္စာတစ်ယောက်တည်း ဘာတွေဖြစ်နေ တာလဲ၊ ကျွန်တော် စိတ်ပူလိုက်တာ၊ ကျွန်တော်ခေါ်နေတာကြာပြီ သစ္စာ ပြန်မထူးဘူး၊ ဒါပေမဲ့ တစ်ခုခုကို ကြောက်အားလန့်အား အော်နေသံကြားတယ်၊ ကျွန်တော်လဲ အရမ်းစိတ်ပူသွားပြီး တံခါးဟီးပစ်လိုက်တော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာ၊ ကျွန်မ အိပ်ပျော်သွားတယ်၊ ပြီးတော့ အိပ်မက် မက်တယ်၊ အိပ်မက်ထဲမှာ ကျွန်မ သူ ... သူ့ကိုတွေ့တယ်၊ ပြီးတော့ ကျွန်မ သူ့ကို သတ်ပစ်လိုက်မိတယ်"

"သူဆိုတာ ဘယ်သူလဲဟင်၊ ကျွန်တော့်ကို ဖြည်းဖြည်း ပြော၊ မကြောက်နဲ့တော့နော်"

သူ့ရဲ့ အားပေးနှစ်သိမ့် ဖျောင်းဖျသံရာစ်ခုကပင် ကျွန်မကို အိပ်မက်က အပြီးတိုင် လွတ်မြောက်စေခဲ့လေပြီ။

ကျွန်မ အိပ်မက်မက်ခဲ့တာပဲ ...

ကျွန်မ ဒီအိပ်မက်ဆိုကြီးကနေ လွတ်မြောက်ခဲ့ပြီ ...

ကျွန်မရှေ့မှာ သူ ရှိနေပြီ ...

ကျွန်မ သူ့ရင်ခွင်ထဲမှာ ရှိနေပြီ ...

ဘာကိုကြောက်စရာရှိလို့လဲ ...

ဘာကိုမှ မကြောက်တော့ဘူး ...

အလိုလိုနေရင်း ကျွန်မစိတ်တွေ လွတ်မြောက်ပေါ့ပါးသွား ရတာကို ကျွန်မ ကောင်းစွာခံစားလို့ရလေသည်။

"သစ္စာ"

"ဘာဖြစ်လို့ အဲ့လောက် ထိတ်လန့်နေရတာလဲဗျာ၊ ကျွန်တော့်ကို အဲ့ဒီအိပ်မက် ပြောပြနိုင်ရင် ပြောပြပါလား"





"..."

ကျွန်မ သူ့ကို 'သူ'ဆိုတာ တစ်ချိန်က ကျွန်မ အသည်းနင့်အောင် ချစ်ခဲ့ဖူးသည့် 'မောင်'ပဲဟု ပြောမထွက်ရက် ...

သူ့ခမျာ ကျွန်မပြောပြမှ ပိုစိတ်ဆင်းရဲစွာ စိတ်ပူသွားနိုင်သည့် အကြောင်းအရာတွေကို ဆက်စပ်တွေးခေါ်ကာ ခေါင်း မကိုက်စေချင်တော့ ...

ထို့ကြောင့် ကျွန်မ ညာဖို့ပဲ ဆုံးဖြတ်လိုက်ကာ ...

"ဟိုလေ ... လူတစ်ယောက်ပါ သူ့ကို ကျွန်မ လုံးလုံး မသိခဲ့ဘူးပေါ့နော်၊ အဲ့ဒါ အဲ့ဒီလူက ကျွန်မကို သတ်ဖို့ကြံစည် တယ်"

"ဟင် ... ဟုတ်လား၊ အိပ်မက်က အဲ့လောက်ဆိုးလား"

"အင်း ... အင်း"

"ဖြစ်ရလေဗျာ၊ သစ္စာ တစ်နေ့လုံးလဲ ခေါင်းမူးလာရတာ သိပ်မင်မန်းနေရှာမှာ၊ ဒီကြားထဲ ဒီလိုအိပ်မက်ဆိုးက မက်လိုက် သေးတယ်၊ ဘာပဲဖြစ်ဖြစ် သစ္စာ အဲ့ဒီအိပ်မက်ကို ခေါင်းထဲက ထုတ်လိုက်တော့နော်"

"ဟုတ်"

"ကျွန်တော်ရှိနေပြီပဲ၊ သစ္စာ ပြန်မအိပ်ချင်တော့ရင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် ထိုင်စကားပြောကြမယ်လေ”

“ဟင့်အင်း စကားတော့ မပြောချင်ပါဘူး၊ ကားလျှောက်စီးကြမယ်”

“ဟာ ... ဒါဆို သစ္စာပဲ ပြန်မောင်းရမှာပေါ့”

“အင်းပေါ့၊ ဘာဖြစ်လဲ အခုချိန်မှာ လူတွေ ဘယ်သူမှ နိုးကြဦးမှာ မဟုတ်ဘူး၊ အခုမှ မနက်လေးနာရီလောက်ရှိသေးတာ”

“ကောင်းသားပဲ၊ ကျွန်တော်လဲ မအိပ်ချင်တော့ပါဘူး၊ သွားကြတာပေါ့”

ကျွန်မ ထိုအိပ်မက်ကိုမေ့ဖို့ (မောင့်ကိုမေ့ဖို့) သူနှင့်အတူရှိနေလျှင် ရင်ထဲလွတ်လပ်ပေါ့ပါးရမှန်း ကိုယ်တိုင်သာသိသည်။

ကျွန်မတို့ တောင်ဇလပ်ဟိုတယ်က ထွက်လာကြပြီး ကလေးလေဆိပ်ဘက်၊ တာဟန်းဘက်၊ တခြားရွာလေးတွေဘက်ပါ အနှံ့လျှောက်မောင်းကြသည်။

သူက ကျွန်မကိုပဲ တွေတွေလေး လှည့်ကြည့်နေသည်။

“ဟော့ ... ဘာကြည့်နေတာလဲကွ၊ ကျွန်မ မမောင်းတတ်တော့ဘူး၊ သိပ်မကြည့်နဲ့၊ ရှေ့ကိုကြည့်”

“ရှေ့မှာ ဘာမှမရှိဘူး၊ ဘေးမှာ သိပ်လှတဲ့ကောင်မလေးရှိတယ်”





“အံမယ်”

ကျွန်မ တစ်ကိုယ်လုံး ယိမ်းထိုးတုန်ခါသွားသည်ထိ ကျေနပ်ရသည်။ တစ်ချိန်က သူ့အပေါ် တစိမ့်စိမ့်ငြိုးခဲ့သည့် အမုန်း၊ အငြိုး၊ နာကြည်းမှုတွေကိုလည်း အသက်မသွင်းချင်တော့။

အိပ်မက်ထဲမှာ မောင်က ကျွန်မကို သူ့ကိုသတ်ခိုင်းတာတောင် ကျွန်မ မသတ်ရက်နိုင်။

မောင့်ကိုပဲ သတ်ပစ်ခဲ့သည်။

ဒါ ဘယ်လိုမှ မလွဲမှာနိုင်သည့် အိပ်မက်တစ်ခုပင်။

“သစ္စာ”

“အင်”

“မြို့ပတ်နေတာကြာပြီ၊ ဗိုက်မဆာသေးဘူးလား”

“အင်း၊ နည်းနည်းဆာလာသလိုပဲ”

“ရှင် ဘာစားချင်လဲ”

“ရန်ကုန်မုန့်ဟင်းခါး”

“ကျွေးမယ်၊ ဒီမှာရှိတယ်၊ ကျွန်မတော့ ကလေးမြို့ပေါ်ရောက်တာနဲ့ အဲ့ဒီမုန့်ဟင်းခါးဆိုင်တန်းဝင်တာ၊ ပြီးတော့ ကုလားဆိုင်တစ်ဆိုင်ရှိတယ်၊ အားလူးပူတီနဲ့ ချာပါတီစစ်စစ်ရတယ်၊ စားမလား”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသားပဲ"

သူက တကယ့်ကလေးလို၊ ကျွန်မနှင့် သွားလာနေလျှင်လည်း ကျွန်မကို မျက်စိအောက်က အပျောက်မခံ၊ အရိပ်တကြည့်ကြည့်နှင့် (တကယ့်သနားစရာလေးပင်)။

ကျွန်မတို့ မိုးလကင်းခါစဖွင့်သည့် ဆိုင်တွေမှာ တစ်ဆိုင်ပြီးတစ်ဆိုင် လျှောက်စားကြသည်။

ပြီးတော့လည်း အသားငါးဈေးတန်းဝင်ကာ မျိုးစုံအောင် လျှောက်ဝယ်ကြသည်။

"ဒါတွေဝယ်ပြီး ဘယ်မှာချက်ကြမှာလဲ သဇ္ဇာ"

"အိုး ... မချက်ပါဘူး၊ ဟိုတယ်ကို လက်ဆောင်ပေးလိုက်မှာပေါ့၊ အခုက ဈေးဝယ်သက်သက်ပဲ၊ ရှင်ပျော်တယ်မဟုတ်လား"

"အင်း"

"ပြီးရင် ကျွန်မချုပ်နေကျ အပ်ချုပ်ဆိုင် ခဏဝယ်မယ်"

"ပြီးရင်ရော"

"ကျွန်မဝယ်ထားတဲ့ ဒီစာရိုစတွေ အပ်မှာပေါ့၊ ကျောက်ပွင့်လေးတွေနဲ့ ဘယ်လောက်ပန်းရလိုက်လဲ"

"ဟုတ်ပါတယ်၊ ခင်ဗျားဝတ်ရင် သိပ်ကိုလှမှာ"

ကျွန်မ ကျေနပ်စွာပြုံးမိကာ ကျွန်မအပ်နေကျ 'ဘဲမ





အပ်ချုပ်ဆိုင်'လေးမှာ အစတွေဝင်အပ်လိုက်သည်။

သူက ကျွန်မသွားလေရာ တကောက်ကောက်လိုက်ပြီး အပြန်ကြတော့ ဟိုတယ်မှာ ကျွန်မတို့ဝယ်လာသည့် ဟင်းချက်၊ သားငါးတွေ လက်ဆောင်ပေးလိုက်ကြသည်။

ပြီးလျှင် ကိုယ့်အခန်းသော့ ကိုယ်စီကိုင်ကာ လူချင်းခွဲလိုက်ကြသည်။

"ကဲ ... ကျွန်မတို့နှစ်ယောက် ဗိုက်ကလဲတင်းနေကြပြီ၊ လျှောက်လည်တာလဲ မြို့နဲ့ပြီဆိုတော့ တစ်ရေးပြန်အိပ်ကြမယ်"

"နောက်ထပ်တစ်နာရီကြာရင် ပြန်တွေ့လို့ရမလား"

"ဘယ်လို"

"နောက်ထပ်တစ်နာရီ"

"မြန်လိုက်တာ၊ ဘယ်လိုလုပ် နိုးမလဲ ရန်ငြိမ်းရဲ့ အိပ်ပါ၊ ရှင်လဲ အိပ်ရေးဝဝလျက်အိပ်၊ ကျွန်မတို့ နိုးချင်တဲ့အချိန်မှ နိုးကြပါစေ"

သူ့ မျက်နှာတော်တော်ညှိုးရော်သွားကာ ခေါင်းကို လေးလေးပင်ပင် ညိတ်ရင်း သူ့အခန်းဘက် အလျင်ဝင်သွားတော့သည်။

ရန်ငြိမ်းရယ် ...

ကျွန်မတို့က ချစ်သူတွေမှ မဟုတ်ကြတာ ...



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမအရင်းတွေလဲ မဟုတ်ကြပြန်ဘူးလေ ...

တကယ့်ကို သူစိမ်းပြင်ပြင် နှစ်ယောက်ပါ ...

ခုချိန်ဟာ ရှင် ပြန်ပြီးနေကောင်းလာဖို့ (အတိတ်ကို အားလုံးပြန်သတိရဖို့)ပဲ ကျွန်မက ကူညီစောင့်ရှောက်ပေးရမှာလေ ...

ကျွန်မဘဝအတွက် ရှင်ဟာ သိပ်အရေးကြီးခဲ့ပြီလေ၊ ကျွန်မ ရှင်ခံစားနေရတဲ့ ဒုက္ခဆိုးကြီးကို လွတ်မြောက်စေချင်လှပြီ ...

ရှင် မြန်မြန်ပြန်နေကောင်းပါစေတော့ကွယ် ...

ကျွန်မ သူ့အကြောင်း တစ်ချက်တွေးမိပြီး အခန်းထဲ ချက်ချင်းမဝင်ဖြစ်ခဲ့သေး ...,

ပြီးမှ ကျွန်မ သက်ပြင်းတစ်ချက်ချကာ အခန်းထဲဝင်ဖို့ သော့တံလေးကို အလှည့်မှာ ...

"သစ္စာ"

"အင် ..."

ကျွန်မလှည့်ကြည့်လိုက်တော့ သူ့မျက်နှာက ကမူးရှူးထိုးနိုင်စွာ ထိပ်ထိပ်ပျာပျာဟန်နှင့် ...

"ဘာလဲဟင် ရန်ငြိမ်း၊ ရှင် ဘာဖြစ်တာလဲ"





"ကျွန်တော့်ကို သစ္စာ ညာပြီးထားသွားမှာစိုးလို့"

"ရှင် ..."

"အဲ့လိုမဟုတ်ဘူး မလား၊ အဲ့လိုညာပြီး ထွက်မသွားပါဘူးနော်၊ ဟုတ်တယ်မဟုတ်လား သစ္စာ"

"အို ... ရှင်ဘာတွေ လာပြောနေတာလဲ၊ ကျွန်မက ရှင့်ကို ဘာလို့ညာပြီး ထားရစ်ခဲ့ရမှာလဲ"

"ကျွန်တော် ကြောက်သွားတာ၊ ကျွန်တော် အရမ်းစိုးရိမ်သွားလို့ သစ္စာကို ပြန်လာကြည့်တာ၊ လန့်လိုက်တာဗျာ"

"အို ... ရန်ငြိမ်းရယ်"

သူ့ အသက်ကို မောပန်းစွာရှူရင်း ကျွန်မကို စုံစုံမက်မက် ကြည့်နေတာတွေ့တော့ ကျွန်မနှလုံးသားတွေ အရည်ပျော်မတတ် စိတ်လှုပ်ရှားရလေသည်။

"ကျွန်မ ဘယ်ကိုမှ ထွက်မသွားပါဘူးကွယ်၊ ကျွန်မ ရှင့်ကို အမြဲအဖော်လုပ်ပေးမှာပါ၊ ရှင်နဲ့အတူတူ အမြဲရှိနေပေးမှာပါ"

ကျွန်မ သူနှင့်မျက်နှာချင်းဆိုင်လိုက်ကာ သူ့မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်ရင်း တစ်လုံးချင်း တစ်လုံးချင်း ပြောပြနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သနားစရာကောင်းတာက သူက မျက်လုံးနှစ်ဖက်ကို စုံမှိတ်လိုက်သည်ထိ နက်နက်ရှိုင်းရှိုင်း နားထောင်ရှာလေသည်။

ကျွန်မ ထွက်မပြေးပါဘူးကွယ် ...။

* * *



## အခန်း (၈)

ကျွန်မ သူ့ကိုခေါ်ပြီး ကလေးမြို့ကနေ တမူးမြို့ထိထိ အရောက်မောင်းခဲ့ကာ တမူးဈေး နာမ့်ဖာလုံဈေးထဲထိ လျှောက်လည်ခဲ့ကြသည်။

သူက ကျွန်မ ဝယ်ပေးသမျှကိုယူ၊ ကျွန်မ ဝယ်ကျွေးသမျှကို စားကာ အပျော်ကြီး ပျော်နေဟန်ဖြင့် ...

"ကျွန်တော် သိပ်ပျော်တာပဲ"

"ဘာဖြစ်လို့"

"ခင်ဗျားနဲ့ အခုလို နေခွင့်ရလို့ပေါ့၊ ကျွန်တော့်တစ်ဘဝ လုံးအတွက် အဲလိုဖြစ်နေချင်တယ်၊ ခင်ဗျား ကူညီမှာလားဟင်"

"အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခေါင်းတစ်ချက်ညိတ်ပြတော့ သူက မယုံရဲယုံရဲ ဟန်ဖြင့် ကျွန်မကို ငေးငေးလေး ကြည့်နေပြန်သည်။

အဲလို မကြည့်ပါနဲ့ ရန်ငြိမ်းရယ် ...

ကြာရင် ကျွန်မစိတ် ကျွန်မနိုင်မှာမဟုတ်တော့လို့ပါ ...

ရှင် အခုလိုဖြစ်သွားကတည်းက အရင်ကထားခဲ့တဲ့ အမုန်းတွေ၊ အငြိုးတွေ ဘယ်လိုပျောက်ထွက်သွားမှန်း မသိအောင် ရှင့်ကို သနားရ ကရုဏာပိုနေရတာပါ။

ကျွန်မရဲ့ သံမဏိနှလုံးသားတွေလဲ ကြေမွပျက်စီးခဲ့ရပါကပြီ၊ ကျွန်မရဲ့ သံမဏိနှလုံးသားကို အသက်ခံလိုက်ရတာ အချစ်ပဲဖြစ်လိမ့်မယ်ထင်တယ် ...

ဒါပေမဲ့ ...

ကျွန်မ ဒီအချစ်ကို မယုံရဲသေးဘူး၊ 'အချစ်စစ်'ဆိုတာ ကျွန်မရင်ထဲ ရောက်နေပြီလားလို့လဲ မတွေးရဲသေးဘူး ...

"သစ္စာ"

"ဘာလဲ၊ ပြောလေ"

"ကျွန်တော့်အပေါ် ဘာလို့ အရမ်းကောင်းတာလဲဟင်"

"..."

ထိုအမေးက ကျွန်မရင်ကို ဆုပ်ချေပစ်လိုက်သလို ကြေမွသွားစေခဲ့ကာ ကားပင် တုံ့ခနဲထိုးရပ်လိုက်မိသည်ထိ။





ကျွန်မ ဘာပြောရမလဲ ...

ကျွန်မကြောင့် သူ ဒီဘဝရောက်ခဲ့ရကာလေ ...

ကျွန်မ ဖွင့်ပြောလိုက်ရမလား ...

ဒါဆို သူ အရမ်းကြေကွဲရင်နာသွားရှာမှာ ...

သူ့ခမျာ အတိတ်ဘဝကလဲ ကျွန်မကို သဲသဲမဲမဲ ချစ်ခဲ့သူ၊ အခု ရောဂါသည်ဘဝမှာတောင် စွဲစွဲလမ်းလမ်းချစ်နိုင်တဲ့သူ ...

ကျွန်မ မပြောရက်ပါဘူးကွယ် ...

ကိုယ်ကြောင့် လူတစ်ယောက် ဘဝဆုံး၊ အနာဂတ်ဆုံးပြီးသူတစ်ယောက်ကို ကျွန်မ ထပ်ပြီး စိတ်မဆင်းရဲစေချင်တော့၊ ကျွန်မ သက်ပြင်းတစ်ချက်ကို ကျိတ်ခိုး၍ ချပစ်လိုက်ပြီးလျှင် ...

"တစ်ချိန်က ရှင် ကျွန်မအပေါ် သိပ်ကောင်းခဲ့ဖူးတယ်လေ၊ အစစအရာရာလဲ ရှင် ဂရုစိုက်စောင့်ရှောက်ခဲ့တယ်၊ အဲဒီအတွက် ရှင့်အပေါ် ကျွန်မက ပြန်ကောင်းတာပဲလို့ ရှင် မှတ်လိုက်နော်"

"ဒါပေမဲ့ ကျွန်တော့်စိတ်ထဲ ခင်ဗျားကို ချစ်ခဲ့ဖူးသလိုလို၊ အရူးအမူး စွဲလမ်းခဲ့ဖူးသလိုလို၊ အဲလိုမျိုး တစ်ခါတစ်ခါမှာ ခံစားရတယ်"

"အဲ့ဒါ ဟုတ်လားဟင်"

"..."

"အင်း ... ရှင် ကျွန်မကို အရမ်းချစ်ခဲ့ဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သစ္စာရော ကျွန်တော့်အပေါ် ပြန်လက်ခံဖူး
လားဟင်"

"..."

ကျွန်မ တုန်းခနဲတစ်ချက်ယိုင်နဲ့သွားကာ မျက်နှာကို ချက်ချင်းလွှဲလိုက်ရသည်။

"ဟင့်အင် ..."

"ဪ ..."

သူ့အသံက ခဏတိတ်သွားလေသည်။ ကျွန်မ ကားထိုးရပ်မိသည့်နေရာက တမူးနှင့်ကလေးကားလမ်းမကြီးဆီမှ တောလမ်းလေးတစ်ခုပင်။

လူသူတိတ်ဆိတ်ကင်းမဲ့ကာ ကားအသွားအလာလည်း ကျိုးတို့ကျဲတဲပင် ...

"ရန်ငြိမ်း"

ကျွန်မ သူ့ကိုလှည့်ကြည့်လိုက်တော့ သူ့မျက်နှာတစ်ပြင်လုံး ဝမ်းနည်းကြေကွဲရိပ်တွေ ပြည့်နှက်လျက်ရှိသည်ကို တွေ့နေရသည်။

"ရှင် စိတ်မကောင်းဖြစ်သွားလား"

"ဆိုပါတော့၊ ကျွန်တော် ဘာအပြစ်တွေ၊ အမှားတွေ လုပ်ခဲ့ဖူးလို့ သစ္စာ ကျွန်တော့်ကို ပြန်မချစ်ခဲ့တာလဲမှာ မသိတာ"





သူ့အသံတွေ တုန်ယင်နေကတည်းက သူ ဘယ်လောက်ထိ စိတ်ထိခိုက်သွားမှန်း ကျွန်မ ရိပ်မိလိုက်သည်။

ကျွန်မလည်း နင့်နေအောင် ခံစားလိုက်ရကာ ...

"အဲ့ဒါတွေ ပြန်မစဉ်းစားနဲ့တော့နော်၊ ရှင် ဘာအပြစ်တွေ ဘာအမှားတွေပဲ ရှိခဲ့ရှိခဲ့ ကျွန်မ ခွင့်လွှတ်ရင် ပြီးရောမဟုတ်လား"

"ကျွန်တော့်ကို မုန်းခဲ့ဖူးလား"

"အင်း ..."

ခနဲနေအောင် ကျွန်မနှလုံးသားတွေ အေးစက်ခဲကျဉ်သွားရလေသည်။

တစ်ချိန်က သူဟာ အချစ်တစ်ခုကလွဲပြီး ဘာကိုမှ မသိမမြင်တော့သည့် အရူးအမိုက်ကလေးတစ်ယောက်ပေါ့၊ ကျွန်မကတော့ မာနရှင်ကြီးတစ်ယောက်ပေါ့ ...

ဟုတ်သည် ...

သူ့ကို မချစ်ခဲ့ဖူးပါ ...

အမုန်းကြီးပင် မုန်းဖူးသေးသည် ...

အဲ့ဒီအတွက်လည်း ကျွန်မ ဘာကိုမှ ငဲ့ညှာမထောက်ထားခဲ့တာ ...

အခုတော့ ကျွန်မစိတ်တွေ ပြောင်းလဲလာခဲ့ပြီ။

မမုန်းရက်နိုင်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလားဟင် သစ္စာ၊ ခင်ဗျား ကျွန်တော့်အချစ်ကို လက်မခံရသေးတာကလွဲလို့ မုန်းတော့မမုန်းခဲ့ဖူးမဟုတ်လား"

"အင်း ... ဟင်"

ဘယ်လိုအရာမျိုးက ကျွန်မကို ခေါင်းညိတ်စေခဲ့သည်မသိ၊ ကျွန်မမှာ တခြားရွေးချယ်စရာလမ်းမှ မရှိတော့တာ ...

"ဒါဖြင့် ကျွန်တော် အခုချိန် သစ္စာကို ချစ်တယ်လို့ ဖွင့်ပြောရင်ရော လက်ခံမှာလား၊ ပြောပါဦး သစ္စာ၊ ကျွန်တော် ရင်တထိတ်ထိတ်နဲ့ စိုးရိမ်နေရအောင်တော့ မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် သစ္စာကို လက်ထပ်ချင်တယ်၊ ကျွန်တော့်ဘဝမှာ သစ္စာမရှိလို့ မဖြစ်ဘူး၊ ယုံတယ်မဟုတ်လားဟင်၊ ပြောပါဦးဗျာ"

"ကျွန်မ ..."

"ကျွန်မ စဉ်းစားမယ်လေ"

"ဒီကြားထဲ သစ္စာ ကျွန်တော့်ကို ထားပြီး ထွက်ပြေးသွားရင် ဘယ်လိုလုပ်မလဲ"

"ကျွန်မက အဲလိုလုပ်ပါ့မလား"

"ကျွန်တော်နဲ့ အမြဲနေပေးမယ်ပေါ့"

"အင်းပေါ့"

"အင်းလေ၊ သစ္စာကို ကျွန်တော် ယုံကြည်နေပါ့မယ်၊ ကျွန်တော့်မှာ အားကိုးစရာဆိုလို့ သစ္စာတစ်ယောက်တည်း





ရှိတာ၊ ကျွန်တော့်အတိတ် ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ပြန်သတိမရရင်လဲ နေပါစေတော့"

"ရှင် ဘာမှ အားမငယ်ပါနဲ့ကွယ်၊ ကျွန်မ ရှင့်အတွက် အမြဲရှိနေပေးမှာပါ"

ကျွန်မ သူ့ကို လေးလေးနက်နက် ကတိပေးလိုက်ကာ ကားကို ပြန်စက်နှိုးလိုက်သည်။

သူက ကျွန်မကို ခပ်ဆွေးဆွေးလေးကြည့်ရင်း တိုးတိုးပြောလိုက်သည့် စကားတစ်ခွန်းမှာ ...

"အခုချိန် ကျွန်တော်သေမယ်ဆိုရင်တောင် ကျွတ်မှာ မဟုတ်ဘူး သစ္စာရယ်တဲ့"

* * *

www.burmeseclassic.com

www.burmeseclassic.com



# "ငါးနှစ်ခန့်ကြာပြီးနောက်"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

နှစ်တွေ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးသွားသည်မှာ အရမ်း မြန်ဆန်လေသည်။ အံ့ဩစရာကောင်းတာက ငါးနှစ်နီးနီး ကြာသည့်တိုင် သူ့ အတိတ်ကို လုံးလုံး ပြန်သတိမရနိုင်ခဲ့တော့တာပဲ ဖြစ်သည်။

ထိုနှစ်တွေမှာ ကျွန်မ သူ့ကို ဂရုစိုက်စောင့်ရှောက်လာခဲ့ သည်။ သူကလည်း ကျွန်မအချစ်ကို လေးမွတ်စွာ စောင်းခံလာ ခဲ့သည်။

သို့သော် ကျွန်မရင်ထဲမှာ ဖွဲ့တည်နေသည့်အရာတစ်ခုက သူ့အပေါ် သနားစိတ်လား၊ ချစ်စိတ်လားဆိုတာ ကျွန်မ မပြော နိုင်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်တွေသာ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးကာ ကျွန်မ သူ့အပေါ် သနားစိတ်တွေ ကရုဏာစိတ်တွေနှင့်ပင် ချာချာလည် ရှုပ်ထွေးနေခဲ့သည်။

ကျွန်မက နှစ်တွေမှာ ဖေဒင်တွက်ကြည့်တိုင်း အချစ်ရေးကံမကောင်းတတ်မှန်း၊ ကျွန်မ နင့်နင့်သီးသီး ချစ်မိသူမှန်သမျှကံဆိုးစွာ အသက်တိုသွားတတ်ကြောင်း သိခွင့်ရခဲ့လေ ကျွန်မ ပို၍ပို၍ အချစ်ဆိုတာကို ကြောက်ရွံ့လာခဲ့လေ ဖြစ်သည်။

ထို့ကြောင့် ကျွန်မ သူ့ကို ကြိုးရှည်ရှည်နှင့် လှန်ထားရုံကလွဲပြီး တခြားရွေးချယ်စရာလမ်း မရှိတော့။

"သင်္ကြန်ကြရင် အဖြေပေးမယ်လေ ..."

"ဒီသီတင်းကျွတ် အဖြေပေးမယ် ..."

"**New Year Night**ကြရင် တကယ်အဖြေပေးမယ် ..."

အဲလိုတွေနှင့် ကျွန်မ သူ့ကို ညာခဲ့သည်မှာ နှစ်တွေ အလီလီပြောင်းလာခဲ့သည်ထိပင်။

ဒီနေ့တော့ ကျွန်မ ဘယ်လိုမှ ရှောင်လွှဲ၍မရနိုင်တော့။ သူက ချွေးမြည့်ရီဝေသောမျက်လုံးတွေနှင့် ကြည့်လျက် ...

"သစ္စာ"

"ကျွန်တော် သစ္စာဆီက နောက်ဆုံးတစ်ခုပဲ တောင်းဆိုတော့မယ်၊ အဲ့ဒါ ကျွန်တော့်ကို လာမယ့်အပတ်, စနေနေ့မှာ ကျွန်တော်တောင်းထားတဲ့အဖြေကို သစ္စာ ပေးပါတော့"





"ပြတ်ပြတ်သားသားပဲ ပြောလိုက်ပါ"

"ကျွန်တော့်ကို လုံးဝ မငဲ့ညှာပါနဲ့"

"ကျွန်တော့်ကို လက်မခံနိုင်ဘူးဆိုရင်လဲ တစ်ခါတည်းပဲ ငြင်းခဲ့ပါ၊ လက်ခံနိုင်တယ်ဆိုရင်လဲ ကျွန်တော်ပေးထားတဲ့ လက်ထပ်လက်စွပ်လေးကို ဝတ်လာခဲ့ပါ"

"ကျွန်တော် သေသေချာချာ ဆုံးဖြတ်ပြီးမှ ဒီစကားတွေ ပြောတာပါ"

"နှစ်တွေကြာခဲ့ပြီ၊ ကျွန်တော် သစ္စာဆီက ကရုဏာတွေပဲ ရခဲ့တယ်၊ အဲ့ဒါတွေ ကျွန်တော် မခံယူချင်တော့ဘူး သစ္စာ"

"ကျွန်တော်လိုချင်တာ သစ္စာရင်ထဲက အချစ်ပါ"

"သစ္စာ မပေးနိုင်ရင်လဲ ကျွန်တော် စောင့်နေမယ့်နေရာကို လိုက်မလာပါနဲ့တော့၊ ကျွန်တော် ကျေနပ်လိုက်ပါ့မယ်"

"ဘာဖြစ်လို့လဲဆိုတော့ သစ္စာ ကျွန်တော့်အပေါ် ငါးနှစ် ငါးမိုး ကောင်းခဲ့ပြီးပြီလေ၊ ကျွန်တော့်ကြောင့် သစ္စာကို စိတ်မချမ်းမသာ မဖြစ်စေချင်တော့ဘူး"

"ကျွန်တော့်အပေါ် ကောင်းခဲ့တာတွေအတွက် ကျွန်တော် ကျေနပ်နေမှာပါ"

"ပြီးတော့ ကျွန်တော့်ကို အပြီးထားခဲ့နိုင်ပါပြီ"

"..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မိုက်ခနဲဖြစ်သွားမတတ် နင့်နေအောင် ခံစားလိုက်ရသည်။ ဖြစ်ရလေ သူ့ခမျာ သူ့ကြောင့် ကျွန်မစိတ်အနှောင့်အယှက်ကြီးစွာ တာဝန်ယူနေရတယ်ပဲ ထင်ခဲ့ပြီးကိုး၊ ဒါကြောင့်မို့ သူ ကျွန်မကို လမ်းခွဲရဲတဲ့အထိ သတ္တိတွေမွေးလိုက်တာကိုး ...

ရန်ငြိမ်းရယ် ...

ဟု ကျွန်မ ရေရွတ်မိသည့်အခိုက်မှာ ကျွန်မခန္ဓာကိုယ်ထဲ အင်အားတွေအားလုံး ဆုတ်ယူခံလိုက်ရသလို မွမ်းကျုပ်စွာ နွမ်းလျသွားခဲ့သည်။

အပြီးထားခဲ့နိုင်ပါပြီတဲ့ ...

ကြည့်စမ်း ...

သူမှာ သတ္တိတွေတောင် ရှိခဲ့ပြီပေါ့ ...

ကျွန်မမှာရော ...

သူ့ကို ခွဲရဲတဲ့သတ္တိ ရှိနေလို့လား ...

ဟင့်အင်း ...

မဟုတ်သေးပါဘူး ...

အို ...

ကျွန်မရင်ဘတ်တစ်ခုလုံးပေါ် လေးလံတဲ့အရာဝတ္ထုကြီး တစ်ခုက ဖိစီးပိုချထားလိုက်တာ ကျွန်မ ရုန်းလို့တောင် မရနိုင်။

ကြည့်စမ်းကွယ် ...





သူ ငတ်မွတ်တောင်းတနေတဲ့အချစ် ...

ဒီအချစ်ကို လိုက်လျောချင်စိတ်နှင့် မလိုက်လျောနိုင်ခြင်းဆိုးဖြတ်ချက်တို့ကြား တွေဝေနေမိခဲ့တာ ငါးနှစ်တိုင်တိုင် ပြည့်ခဲ့ပြီး ရက်ပေါင်းများစွာ နာရီပေါင်းများစွာ ကြာသည့်တိုင် ...

ရင်ထဲ ဖွဲ့တည်နေခဲ့တာ အချစ်လား ...

သနားနေတာလား ...

အချစ်ဆိုရင်တော့ ထိုအချစ်ကို ခါးသီးစွာ တော်လှန်နေရတာ အတော်အခံရခက်လှလေသည်။

ဘာပဲဖြစ်ဖြစ် ကျွန်မ ဒီနေ့ သူချိန်းထားသည့် နေရာကို ရောက်အောင်သွားရမည်။

ပြတ်သားသည့် အဖြေတစ်ခုကို ပေးရတော့မည်။

ကျွန်မ ဘာလုပ်ရမလဲ ...

ကျွန်မ သူ့အတွက် တစ်ခုခုတော့ [illegible]ရတော့မည်။

ကျွန်မမှာ သူချိန်းထားသည့် [illegible] ကိုးမိုင် ချောင်းဘက် တစ်ယောက်တည်း [illegible]။

စိတ်က အရမ်းလှုပ်ရှားနေသ[illegible] ရေမြေ တောတောင် သဘာဝအလှအပ[illegible]။

ဒီကြားထဲ ကျွန်မကား [illegible] ပျက်သွားသေးသည်။ မျှော်လင့်မထားဘဲ တိုက်တိုက်ဆိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရသည်မို့ ကျွန်မကားကို ဝပ်ရှော့ဆရာတွေနှင့် ပြီးအောင် ပြင်ပြီးမှ လိုက်လာခဲ့သည်။

နာရီကြည့်လိုက်တော့ သူချိန်းထားတာထက် နှစ်နာရီကျော် နောက်ကျသွားခဲ့မှန်း သိလိုက်ရလေသည်။

အို ...

ကျွန်မရင်ထဲ စိတ်ပူသွားစိတ်က ရင်ပွင့်လုမတတ် ...

ဘုရား ..., ဘုရား ...

ကျွန်မ မလာတော့ဘူးဆိုပြီး သူ တစ်ခုခုလုပ်လိုက်ရင် ...

(ဒါမဟုတ်) ကျွန်မ မသိနိုင်သည့် တစ်နေရာရာတွေ သွားပုန်းခိုသွားတာ အပြီးဖြစ်ခဲ့ရင် ...

ဟင့်အင်း ... ဟင့်အင်း ...

အဲလို မဖြစ်ပါစေနဲ့ ...

မိနစ်ပိုင်းလေးအတွင်းမှာ ကျွန်မ သွေးရူးသွေးတန်းဖြစ်ရလေပြီ၊ ကျွန်မကိုယ်ကျွန်မပင် မယုံကြည်နိုင်။

ဖြစ်ချင်တော့ ကျွန်မကားလေးက ရွှားလေးတွေကိုဖြတ်ပြီး ကျောက်စရစ်ခဲကြီးတွေ ပွတ်သိပ်ကာ လမ်းကြမ်းလွန်းလှသည့် မြေနီလမ်းကြီးကို မထိုးဖောက်နိုင်။

"ဟင် ..."





ကျွန်မ ဘယ်လိုပဲဂီယာထိုးထိုး ကားက စက်သံအကျယ်ကြီးပေးကာ လမ်းကြမ်းကြီးကို မဖြတ်သန်းနိုင်ခဲ့ ...

မထူးတော့ ...

ကျွန်မ ဒီထက်ပိုပြီး နောက်ကျ၍မရတော့ ကျွန်မ ကားပေါ်မှ ကမူးရှူးထိုးဆင်းလိုက်ကာ ကားကို ဒီအတိုင်းထားပစ်ခဲ့တော့သည်။

ရန်ငြိမ်း ...

ရှင် စောင့်နေပါ ...

ရှင် စောင့်နေရမယ်နော် ...

ကျွန်မ လာပြီ ...

ကျွန်မရင်ထဲ တအားကြုံးအော်ကာ ပြောနေသံက ကျွန်မ တစ်ကိုယ်လုံးကို သိမ့်သိမ့်ခါစေသည်ထိ လှုပ်ခါသွားစေသည်။

ကျွန်မကိုစောင့်နေပါ ... စောင့်နေပါကိုရယ်နော် ...

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

လမ်းက အရမ်းကြမ်းသဖြင့် သွားရတာ ခရီးမတွင်ခဲ့။ ကျောက်စရစ်ခဲကျိုးတွေ၊ ကျောက်တုံးကြီးတွေ၊ ချိုင့်တွေနှင့် မြေနီနီတွေက မိုးရွာထားသဖြင့် ရိုမတ်ကာ လမ်းလျှောက်တိုင်း နစ်နစ်ဝင်နေခဲ့သည်။

ကြည့်စမ်း ...

ကျွန်မစိတ်တွေ ဘယ်လောက်လောနေရလဲဆိုတာ ...

လမ်းတောင် ကောင်းကောင်းလျှောက်လို့မရတော့ ...

အရေးထဲ ကျွန်မ ဒေါက်မြင့်ဖိနပ်ကြီးစီးလာမိပြီမို့ ကျွန်မ ကျောက်တုံးတွေကား ခဏခဏ ခြေချော်နေရသည်။

အခုချိန်ကြီးမှာတော့ ရန်ငြိမ်း ကျွန်မကို စောင့်တော့မည် မထင် ...





ကျွန်မကို စောင့်နေပါ ကို ...

ရှင် ကျွန်မကို စောင့်နေပေးပါ ...

ကျွန်မ လာနေပြီ ကိုရယ် ... နော် ...

ကျွန်မမှာ ခဏခဏ ချော်လဲနေရသဖြင့် လမ်းက တော်တော်နှင့် မရောက်နိုင်၊ လဲပြိုနေရာမှာလည်း ဒူးပြဲချင်ပြဲပါစေ၊ ကျွန်မမှာ သွေးရူးသွေးတန်းနှင့် ပြေးကောက်ထမြဲပင် ...

ဘုရား ... ဘုရား ... ကိုဟာ ကျွန်မကို ရူးသွပ်မတတ် ချစ်ခဲ့တဲ့သူ၊ ကျွန်မစိတ်နဲ့ သူ့အမေလို သွက်သွက်လည်အောင် ရူးသွားတော့မှာလား ...

ဒါမှမဟုတ် ...

ကျွန်မနဲ့ဝေးရာ နေရာတစ်ခုကို ပြေးထွက်မှန်းခိုနေတော့ မှာလား ...

ဟင့်အင်း ...

အဲ့ဒါတွေ တစ်ခုမှမဖြစ်ရ ...

ကျွန်မမှာ ထိုအခိုက်အတန့်လေးမှာ ရင်ပွင့်မတတ် စိုးရိမ်စိတ်တွေနှင့်အတူ သေသေချာချာ ခံစားရလိုက်မိတာက အချစ်ပဲ ဖြစ်သည်။

အို ...

ဟုတ်ပါပြီ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ကို တကယ်ချစ်မိပါရောလား ...

အချစ်စစ်စစ်နဲ့ကို ချစ်ခဲ့မိတာ၊ ကြည့်စမ်း ငါးနှစ်ကျော် ကျော်ကြာမှ သိခွင့်ရခဲ့ပါရောလား ...

ထိုအချစ်တွေ အခုချိန် ကျွန်မကို သတ်နေကြပြီ၊ သူ့အပေါ် စိုးရိမ်စိတ်၊ စိတ်ပူစိတ်၊ သောကတွေနှင့် ကျွန်မ သေရပါတော့မယ် ...

ကျွန်မမှာ တွေးရင်း၊ ပြေးရင်း၊ လဲကျရင်း၊ ပြန်ထပြေးရင်းနှင့် ဧရာခွန်ကြီးနား ရောက်လာခဲ့ပြီ ...

"ဟင် ..."

ဧရာခွန်းကြီး၏ တစ်ဖက်ကမ်းစပ်လေးမှာ သူက ကျောက်ရုပ်ပမာ အသက်ကင်းမဲ့စွာထိုင်ရင်း ရေပြင်ကြီးကို ငေးကြည့်နေသည်။

ကြည့်စမ်း ...

သူ မပြန်သေးဘူး ...

ကို ရှိတယ် ...

ကို မပြန်သေးဘူးပေါ့ ...

ကျွန်မ ရင်တွေ တထိတ်ထိတ်ခုန်အောင် ပျော်ရွှင်သွားရကာ သူကြားအောင် တအားကြုံးအော်ပစ်လိုက်သည်။

"ရန်ငြိမ်း ..."





"ရန်ငြိမ်းရေ ..."

"ကျွန်မ ဒီမှာ ..."

ကျွန်မ ကမ်းစပ်တစ်ဖက်က လက်နှစ်ဖက်ကို ဝှေ့ယမ်းပြတော့ သူ ကြားသွားပုံဖြင့် လှမ်းကြည့်သည်။

သို့သော် သူ့အမူအရာ၊ သူ့အကြည့်က အေးတိအေးစက် (ကျွန်မ လာတာ သူ ယုံကြည်ပုံမရ)

အရမ်းစိတ်ဓာတ်ကျစွာ သည်းသည်းထန်ထန် ငိုကြွေးထားသည့် မျက်နှာတစ်ခုနှင့် ကြည့်ခြင်း ...

ဟုတ်ပါရဲ့ ...

ကျွန်မ သူချိန်းထားတာထက် သုံးနာရီလောက်ကြာအောင် နောက်ကျပြီးမှ ရောက်လာခဲ့တာကိုး ...

သူ အရမ်းစိတ်ဓာတ်ကျနေပြီပေါ့ ...

ရန်ငြိမ်းရယ် ...

ကျွန်မ တမင်လုပ်တာမဟုတ်ပါဘူး ...

အဲ့လိုဖြစ်အောင် ကျွန်မ ရည်ရွယ်ခဲ့တာလဲ မဟုတ်ပါဘူး ...

ကျွန်မ နောက်ကျသွားတာပါ ...

"ရန်ငြိမ်း ..."

"ကျွန်မဆီ ကူးလာခဲ့လေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဆီ ရှင်လာခဲ့ ..."

ကျွန်မ ခြေဖျားထောက်ကာ လက်နှစ်ဖက် တယမ်းယမ်းနှင့် အော်ဟစ်ပြောနေပေမဲ့ သူက သူထိုင်နေသည့် ကျောက်တုံးကြီးပေါ်ကနေ တုတ်တုတ်မျှပင် မလှုပ်။

ကျွန်မကို စကားတစ်ခွန်းမှလဲ ပြန်မပြောဘဲ ငြိမ်သက်ငူငိုင်စွာပဲ ကြာမြင့်စွာ ထိုင်ငေးကြည့်နေသည်။

"ဟင် ..."

ကျွန်မ လန့်လာခဲ့ပြီ ...

သူ ... သူ ဘာဖြစ်တာလဲ ...

ကျွန်မ၏ ထိတ်လန့်မှုက သေလုမျောပါး ...

မထူးတော့ ...

ကျွန်မ ဒေါက်မြင့်ဖိနပ်ကို ကောက်ချွတ်လိုက်ကာ ချောင်းကို ဖြတ်ကူးလာခဲ့သည်။

"ရန်ငြိမ်း"

"ကျွန်မ လာပြီလေ"

"ကျွန်မ ရှင် လက်ထပ်ခွင့်တောင်းတာကို လက်ခံလိုက်ပြီလေ"

"..."





ကျွန်မမှာ ချောင်းကိုဖြတ်ကူးရင်း ပါးစပ်ကလည်း တကြော်ကြော်နှင့် အော်ဟစ်ကာ ပြောပြနေသမျှ သူ ကျွန်မကို ဘယ်သူ ဘယ်ဝါမှန်းပင် သိပုံမရ ...

"ဟင် ..."

ကျွန်မ သူ့ရှေ့အရောက် သူက ကျွန်မကို မော်ကြည့်မှာ ကျောက်ရုပ်ပမာ ...

"ရန်ငြိမ်း"

"ကျွန်မလေ၊ ကျွန်မ သစ္စာရှင်ပါ"

"ရှင် သိတယ်နော်"

"ရှင် ကျွန်မကို အိပ်ချစ်ခဲ့တာလေ၊ ရှင် မှတ်မိတယ်နော်"

"အခု ကျွန်မ ရှင့်ကို လက်ခံတယ်လို့ အဖြေလာပေးတာလေ"

"ရှင် ကျွန်မကို လက်ထပ်ခွင့် တောင်းထားတယ်လေ"

"..."

အကြာကြီးနေမှ သူက ကျွန်မကို လေသံသဲ့သဲ့မျှ ပြန်ပြောသည်မှာ ...

"ကျွန်တော် ခင်ဗျားကို မသိဘူး၊ ခင်ဗျား လူမှားနေတာ၊ ကျွန်တော် ကောင်မလေးတစ်ယောက်ကို စောင့်နေတာ၊ သူက



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားမဟုတ်ဘူး၊ သူက ဒီကို ဘယ်တော့မှ လာမယ့်သူ မဟုတ်ဘူးဗျ"

"အို ..."

ကျွန်မပါးပြင်မှ မျက်ရည်တွေက ရင်နင့်စွာစီးကျလာခဲ့သည်။ ဖြစ်ရလေ၊ သူဟာ ကျွန်မ နောက်ကျသွားခဲ့တဲ့ တဒင်္ဂ အချိန်လေးမှာ ...

ဟာင့်အင်း ... ကိုရယ် ...

အကြာကြီးတော့ မရှုံးသွပ်လိုက်ပါနဲ့ ...

ကျွန်မ ရှင့်ဆီကို ချစ်လို့လိုက်လာခဲ့တာပါ ...

ကျွန်မ ရှင်ကိုချစ်မိလို့ ချစ်ရှုံခေါ်ရာ လိုက်ခဲ့တာပါကွယ် ...

စိတ်ချပါ ...

ကျွန်မ ရှင့်ကို ဒီစကားတွေ အမြဲပြောပြနေပါ့မယ်၊ ရှင် နေကောင်းလာတဲ့တစ်နေ့ထိ ကျွန်မ သစ္စာရှိရှိနဲ့ စောင့်နေပါ့ မယ်ကွယ် ... ။

အိမ် (ရန်ကုန်တက္ကသိုလ်)



www.burmeseclassic.com